www.burmeseclassic.com

ယဉ်မျိုးစာပေ

# မြန်မာ့စကားပုံ ပေါင်းချုပ်



ဦးမင်းထက်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၇၄၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၄၆၀၁၂၁၁
ပုံနှိပ်ခြင်း
၂၀၀၂-ခုနှစ်၊ မတ်လ
အုပ်ရေ
၅၀၀
မျက်နှာဖုံး
အေးမြူအောင်
အတွင်းကွန်ပျူတာစာစီ
ယဉ်မျိုး
အတွင်းဖလင်
A-7 Group
စာအုပ်ချုပ်
ကိုမြင့်လွင်
မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း (အင်ကြင်းမြိုင်ပုံနှိပ်တိုက်)၊
အမှတ် ၁၄၇ ၊ ဆိပ်ကမ်းသာလမ်း။
ထုတ်ဝေသူ
ဦးချစ်ညွန့်(ဇင်ရတနာစာပေ)
(၀၄၀၀၄) ၂၉၅ (က/၄ လမ်း)
မြို့သစ်(က+ခ ရပ်ကွက်) အင်းစိန်။
တန်ဖိုး
၁၂၀၀ ကျပ်

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

၃၉၈. ၉
ဦးမင်းထက်
မြန်မာစကားပုံပေါင်းချုပ် / ဦးမင်းထက်။ - ရန်ကုန် ။
ဇင်ရတနာစာပေ စာပေ၊ ၂၀၁၀။
စာ-၁၅၉ ၊ အလျား - ၁၃. ၃၄ စင်တီ၊ အနံ - ၂၀. ၉၆ စင်တီ

(၁) မြန်မာစကားပုံပေါင်းချုပ်

# မာတိကာ

* * *

၁။ ကနှင့် ပတ်သက်သောစကားပုံများ ၁
၂။ ခနှင့် ပတ်သက်သောစကားပုံများ ၁၃
၃။ ဂနှင့် ပတ်သက်သောစကားပုံများ ၁၈
၄။ ဃနှင့် ပတ်သက်သောစကားပုံများ ၁၈
၅။ ငနှင့် ပတ်သက်သောစကားပုံများ ၁၈
၆။ စနှင့် ပတ်သက်သောစကားပုံများ ၂၀
၇။ ဆနှင့် ပတ်သက်သောစကားပုံများ ၂၃
၈။ ဇနှင့် ပတ်သက်သောစကားပုံများ ၂၆
၉။ ဈနှင့် ပတ်သက်သောစကားပုံများ ၂၇
၁၀။ ညနှင့် ပတ်သက်သောစကားပုံများ ၂၇
၁၁။ တနှင့် ပတ်သက်သောစကားပုံများ ၂၇
၁၂။ ထနှင့် ပတ်သက်သောစကားပုံများ ၃၁
၁၃။ ဒနှင့် ပတ်သက်သောစကားပုံများ ၃၂
၁၄။ ဓနှင့် ပတ်သက်သောစကားပုံများ ၃၂
၁၅။ နနှင့် ပတ်သက်သောစကားပုံများ ၃၂
၁၆။ ပနှင့် ပတ်သက်သောစကားပုံများ ၃၅
၁၇။ ဖနှင့် ပတ်သက်သောစကားပုံများ ၃၈
၁၈။ ဗနှင့် ပတ်သက်သောစကားပုံများ ၃၉
၁၉။ ဘနှင့် ပတ်သက်သောစကားပုံများ ၄၀
၂၀။ မနှင့် ပတ်သက်သောစကားပုံများ ၄၁
၂၁။ ယနှင့် ပတ်သက်သောစကားပုံများ ၄၇
၂၂။ ရနှင့် ပတ်သက်သောစကားပုံများ ၄၈
၂၃။ လနှင့် ပတ်သက်သောစကားပုံများ ၅၁
၂၄။ ဝနှင့် ပတ်သက်သောစကားပုံများ ၅၄
၂၅။ သနှင့် ပတ်သက်သောစကားပုံများ ၅၅
၂၆။ ဟနှင့် ပတ်သက်သောစကားပုံများ ၅၉
၂၇။ အနှင့် ပတ်သက်သောစကားပုံများ ၆၀

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

၂၈။ ရေကူးညာတင်ပြောနည်း ၇၃
၂၉။ ကောက်ပင်ရိတ်လှီးပြောနည်း ၇၃
၃၀။ ရေစီးဖောင်ဆန်ပြောနည်း ၇၄
၃၁။ အိုးတန်ဆန်ခတ်ပြောနည်း ၇၄
၃၂။ ဆီပွတ်ကျည်ပွေ့ပြောနည်း ၇၄
၃၃။ ဆင်ဝှေ့ရန်ရှောင်ပြောနည်း ၇၄
၃၄။ တောင်သူယာခုတ်ပြောနည်း ၇၄
၃၅။ ကြက်ဆုတ်ခွပ်ပစ်ပြောနည်း ၇၅
၃၆။ ရေစစ်ကရားရေသွားသွင်ပြောနည်း ၇၅
၃၇။ ခက်တင်မောင်းနင်းပြောနည်း ၇၅
၃၈။ မြန်မာစကားပုံ စကားခြောက်ဆယ် ၇၅
၃၉။ လေးပါးသောအမျိုးသားတို့၌ ပြောလမ်းဆိုလမ်းများတွင် အခွင့်ကောင်းကို ထောက်မျှော်၍ ပြောဆိုသွန်သင်ရမည့် ဥပမာစကားပုံများ ၇၇
၄၀။ မော်ဘီဆရာသိန်း၏ စကားပုံများ ၇၉
၄၁။ ဖိုးသူတော်ဦးနုစကားပုံများ ၁၀၇
၄၂။ ခဲစုစကားပုံများ ၁၁၀
၄၃။ မမြိုစုစကားပုံများ ၁၁၀
၄၄။ ပေါက္ကံမောင်ချိုစကားပုံများ ၁၁၀
၄၅။ ကျီးသဲလေးထပ်ဆရာတော်စကားပုံများ ၁၁၃
၄၆။ တောင်ဖီလာဆရာတော်၏ စကားပုံများ၊ ခက်စုစကားများ ၁၂၁
၄၇။ ဖျက်စုစကားပုံများ ၁၂၁
၄၈။ ကျည်းကန်ရှင်ကြီးစကားပုံများ ၁၂၁
၄၉။ ဦးအော်စရ၏စကားပုံများ (ကျည်းကန်ရှင်နန္ဒဓဇထံပြန်ပေးမေတ္တာစာမှ) ၁၂၇
၅၀။ စကားဖို့ စရွားမ၊ လုံးတူ၊ လုံးကွဲ (စကားစုံတွဲများ) ၁၃၀





## 'က'နှင့် ပတ်သက်သောစကားပုံများ

(၁) ကဆုန်ကျက်ကျက် မုယင်းတတ်။
(၂) ကဆုန်၊ နယုန်မိုးသံစုံ
(၃) ကဆုန်မိုးသေးမြက်သားမွေး၊ နယုန်မိုးစို မြက်သားညို
(၄) ကဇော်လည်းမှူး၊ ဘိန်းလည်းမှူးပဲ
(၅) ကညာမြို့ ဣတ္ထိယ၊ ရွှေကောင်းလျက် ဆံထုံးမျက်
(၆) ကထုံးပေါ်ထိပ်ကွက်
(၇) ကတွတ်ပေါက်မှ ချိုင်းစောင့်သလို
(၈) ကူးတို့ဆိပ်တိုင်းလှေတထားရှိလျှင် လူလိမ္မာဟုခေါ်သည်။
(၉) ကထန်းတော်တော်လက်မအရွတ်ပါဦး
(၁၀) ကအတ်ကအမြစ်လိုက်၊ သားသမီးက မျိုးရိုးလိုက်
(၁၁) ကရားရေလွှတ်၊ တတွတ်တွတ်ပြောဆို
(၁၂) ကမျက် ယမျက်
(၁၃) ကရိုးမကဘဲ ဆန်းကမိမှ နှပ်ပစ်ခံရသည်
(၁၄) ကမ္ဘာပျက်ခါနီးမှ လူလာဖြစ်ရသည်
(၁၅) ကမ္ဘာမီးလောင်ရာ ရေနွေးခွက်ကထထောက်
(၁၆) ကနိုးကစဉ်မက ဖင်လိမ်ကတော့ချေးထွက်
(၁၇) ကရှုထားလွန်သော်ဒေါသ
(၁၈) ကာလရွေ့လျော လူညာပေါ် ပြောတိုင်းမယုံနှင့်
(၁၉) ကရုဏာယနှင့် ခွမ်းစားအံသွား ဖထောက်ချိုက်လိုက်ပြီ
(၂၀) ကမြင်းလို့ကြောင်းအချည်နှောင်ခံရ
(၂၁) ကလဲ့စားချေနေလျှင် ရန်ငြိုးတရှည်သည်
(၂၂) ကာကွယ်မှုသည် ကုသခြင်းထက်ကောင်း၏
(၂၃) ကရေတရာမုန့်လည်း ထန်းလျက်နှင့် ကောင်းနိုင်
(၂၄) ကလဲ့ကျ၊ မခွဲရ
(၂၅) ကမ္ဘာ့နှုန်းအစ အာနုပါနထွက်သက်ဝင်လေက
(၂၆) ကလိမ့်ချော်ငြမ်းဆင်
(၂၇) ကမ္ဘာမီးလောင်သားကောင်ချနှင်း



www.burmeseclassic.com

www.burmeseclassic.com



(၂၈) ကလေးငိုချင်ရှင်
(၂၉) ကရွတ်ခွေဆိုသည့်မှာအစနှင့်အဆုံးရှာမရပေ။
(၃၀) ကမြင်းအရှင်းမလွှတ်
(၃၁) ကလေးအငိုတိတ်အောင် အရိပ်အယောင်ပြတဲ့ ဖိုးလနတ်သား။
(၃၂) ကမြင်းကြောထတဲ့နွားသိုး ဝှေးစေ့အထုခံရ။
(၃၃) ကရွတ်ကင်းလျှောက်
(၃၄) ကလေးမုန့်ပေးပြီးကြိုက်ရသလို
(၃၅) ကလေးရှက်ကငို၊ လူကြီးရှက်ကရယ်
(၃၆) ကလေးကျပြီးမှ လှေကားထောင်သည်။ သားကောင်လွန်ပြီးမှ ခွေးဟောင်သည်။
(၃၇) ကာမကျူးလျှင်မွဲ၊ သေသောက်ကျူးလျှင်ဆဲ
(၃၈) ကံဆောင်လျှင်ဉာဏ်ရောင်မလွှမ်းနိုင်
(၃၉) ကော်ဇောမှတ်လို့ထိုင်မိ၊ ဖင်စူးမှဖျာကြမ်းမှန်းသိ
(၄၀) ကံကုသိုလ်ဆိုင်သော်လည်း မပိုင်စားရ
(၄၁) ကာလဝိပါက်နောက်ပိုးတက်
(၄၂) ကံဆောင်မှပြောင်မည်
(၄၃) ကော်ဇောပေါ်တင်သိပ်သော်လည်း ပြာပုံမှာဆင်းအိပ်သည့် ခွေးလို
(၄၄) ကံ့,ကံနဲ့ ကံဆိုတာစေတနာပဲ
(၄၅) ကိစ္စတစ်လှည်းဂုဏ်တစ်ပဲ
(၄၆) ကံကောင်းတဲ့ကျား သွားရင်းလာရင်းသမင်တွေ့
(၄၇) ကံဆိုတာတခြားမဟုတ်၊ အလုပ်
(၄၈) ကော်ကပ်ပြောလိုက ကော်လုံးကပ်လုံးတို့ကို အသင့်ပြင်ထားရမည်။
(၄၉) ကိစ္စများမြောင်၊ လူတို့ဘောင်
(၅၀) ကံကောင်းမှ ငါးဖယောင်း ဖားဖြစ်မည်။
(၅၁) ကံဆိုးမသွားရာမိုးလိုက်လို့ရွာ
(၅၂) ကုဋီအိမ်ပျက်အမြင်ခက်
(၅၃) ကံကောင်းလျှင်တစ်ချက်၊ အကြံကောင်းလျှင်တစ်သက်
(၅၄) ကိလေသာတွယ်လျှင် မေတ္တာအပယ်ခက်သည်။
(၅၅) ကံကိုသာယုံသည့် ငါးလို
(၅၆) ကုသိုလ်ကံပေးမရသေး၊ နှောင့်နှေးဖျာပါမရှိရာ
(၅၇) ကံဆိုးမိုးမှောင်ကျ
(၅၈) ကံကျိုးလျှင်ပြင်၊ ကံပျက်လျှင်ကံသစ်ဆောက်





(၅၉) ကုသခြင်းထက်ကာကွယ်ခြင်းကပို၍ထိရောက်သည်။
(၆၀) ကံပေါက်လျှင် ကံဖာ၊ ကံမာအောင်ကံဖို့
(၆၁) ကံငင်ရာခုတင်ရွှေ့
(၆၂) ကုလားလိုလုပ်၊ တရုတ်လိုရှာ၊ ဗမာလိုမဖြုန်းနဲ့
(၆၃) ကံကောင်းလျှင် အကြံအစည်အပေါင်းပြည့် ဝမည်။
(၆၄) ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
(၆၅) ကံကိုကံပြင်လျှင် သင်ကံကောင်းပါမည်။
(၆၆) ကုသိုလ်လည်းရ ဝမ်းလဲဝ
(၆၇) ကုသလို့မှမပျောက်လျှင်အောင့်ခံ
(၆၈) ကံချွန်လျှင်လူမွန်ဖြစ်
(၆၉) ကံကြမ္မာ မစမှ စီးပွားဥစ္စာတိုးတက်တော့မည်
(၇၀) ကံကောင်းလို့ ငါးကြော်အိုးတွေ့
(၇၁) ကံယုံသည့် ငါး ပိုက်ကြားမှာသေ
(၇၂) ကောင်းသောအစားအစာသည် အခက်အခဲကြားမှာရှိသည်။
(၇၃) ကံသာလျှင် ဥစ္စာရင်းဖြစ်သည်။
(၇၄) ကံဟုန်းဟုန်းထလျှင် ဉာဏ်ဗုန်းဗုန်းကျတတ်သည်။ ဉာဏ်ဟုန်းဟုန်းထလျှင် ကံဗုန်းဗုန်းကျတတ်သည်။
(၇၅) ကံတူအကျိုးပေး
(၇၆) ကံမခိုင်သံတိုင်အိမ်ဆောက်လည်း ကံမှောက်လျှင်ကျိုးတတ်သည်။
(၇၇) ကံမ,တော့ ခြံဝရောက်
(၇၈) ကံယုံ၍ မီးပုံမဆင်းရာ
(၇၉) ကံရှိမှပေါ်ထင်၊ ဉာဏ်ရှိမှမြော်မြင်
(၈၀) ကောင်းကင်သည် တိမ်နှင့်မကင်း၊ လူမှာလည်း အပြစ်နှင့်မကင်း
(၈၁) ကံယုံ၍ ဆူးပုံမနင်းရာ
(၈၂) ကံတက်နေခိုက် ဉာဏ်ထက်သူမစွမ်းနိုင်
(၈၃) ကောက်ကိုထောင်းက ဆန်ကောင်းလည်းရ
(၈၄) ကံရှိမှဥစ္စာတင်သည်၊ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။
(၈၅) ကံထမ်းလာတာမမြင်ရ၊ လုံထမ်းလာတာသာမြင်ရ
(၈၆) ကံစွဲပစ္စည်း ကံကြီးထံရောက်
(၈၇) ကံသာတုန်းဆောင် အောင်စမြဲ
(၈၈) ကံမကယ် ဉာဏ်ကြွယ်တိုင်းမွဲ



www.burmeseclassic.com

www.burmeseclassic.com



(၈၉) ကင်းခြေများခြေတစ်ချောင်းကျိုးပေမယ့် အသွားမပျက်
(၉၀) ကံမရှိ ဉာဏ်ရှိတိုင်းမွဲတတ်သည်။
(၉၁) ကံမကောင်းတန်ဆောင်းအမိုးလန်
(၉၂) ကံမွဲလျှင် ဉာဏ်မွဲ၊ ဉာဏ်မွဲလျှင် ကံမွဲတတ်သည်။
(၉၃) ကံသာလျှင် မိဘရင်းဖြစ်သည်။ ကံသာလျှင် မိတ်ဆွေရင်းဖြစ်သည်။
(၉၄) ကနားလဲဝင်ချင်၊ ထဘီကလဲစုတ်စုတ်
(၉၅) ကံမလိုက်လျှင် ဉာဏ်မိုက်တိုင်း ခံရတတ်သည်။
(၉၆) ကံဟုန်ဖြိုးလျှင် ဉာဏ်အစုံတိုးမည်။
(၉၇) ကံမလိုက်လျှင် ကွမ်းသွေးတောင်မနီ
(၉၈) ကံမကောင်းအကြောင်းမလှ
(၉၉) ကံဟာလျှင် ဉာဏ်ပါမှောက်တတ်သည်။
(၁၀၀) ကံမကောင်းတော့ ဖယောင်းသစ်ဆေးဖြစ်
(၁၀၁) ကံမကောင်းတဲ့ခွေး လိပ်ဖေါင်ကျိုးတောင်မမီ
(၁၀၂) ကံသာလျှင်အမိ၊ ကံသာလျှင်အဘဖြစ်သည်။
(၁၀၃) ကောက်ကျိုးကောက်ကျစ်နှင့်စဉ်းလဲ
(၁၀၄) ကောင်းကင်တက် လက်ဝှေ့သတ်ဆိုတာလို
(၁၀၅) ဂိုးတောင်ထိပ်ပိတ်ငြမ်းမှာအစ်၊ ပေလိပ်မိုးသို့ဖွဲ့
(၁၀၆) ကင်းမကောင်းကလေ့သားပြောသည်။
(၁၀၇) ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း၊ ညှိုးညှိုးညံ ပုဂံခတ်သည့် မောင်း
(၁၀၈) ကောင်းကင်မီးလောင် တိမ်တောင်ပျားစွဲ
(၁၀၉) ကောက်ကြီးစပါးက ကောက်လတ်ကို ယှဉ်ပြိုင်တိုး မျိုးပမာန
(၁၁၀) ကောက်စိုက်သမ ထမင်းစားချိန်၊ မွန်းတည့် နေချိန်မော့ကြည့်
(၁၁၁) ကောင်းပင်ကောင်းသော်လည်း နှမ်းထောင်းမပါ
(၁၁၂) ကောင်းအားကြီးသော် ပျက်စီးရ
(၁၁၃) ကင်းသမားခေါင်းခြင်ထောင် ညကအခိုးခံရ
(၁၁၄) ကောင်းမှန်းသိ အဘအိတတ်ဆို
(၁၁၅) ကောက်ညှင်းကမစေး၊ ဆန်ကြမ်းကစေး
(၁၁၆) ကောက်သင်းကောက်ကအနံ့ကြီးကြိုက်
(၁၁၇) ကောင်းသတင်းနားတွင်စိမ့်
(၁၁၈) ကောက်သော်မစားလောက်၊ ဖြောင့်သော်မစားနိုင်
(၁၁၉) ကောက်ညှင်းမနပ်၊ အရပ်ကိုအပြစ်တင်





(၁၂၀) ကောင်းတူဆိုးဘက်
(၁၂၁) ကောက်ရိုးမီးလို
(၁၂၂) ကောက်တလင်းမှာ ကောက်ဖျင်းနေရာမရှိ
(၁၂၃) ကောင်းလျှင်စံ၊ ဆိုးလျှင်ခံ
(၁၂၄) ကောက်တိုင်းရ စလုတ်မဆန့်နိုင်
(၁၂၅) ကောက်ရိုးပုံနားအိပ်တဲ့ခွေးလို
(၁၂၆) ကောင်းတော့ထန်းပင်မြစ်၊ တူးရှင်းထိုးစံရတော့ ထန်းစေ့မှတ်
(၁၂၇) ကောက်ရိုးနှင့်လဲ အိုးကွဲ
(၁၂၈) ကိုယ်မလှကိုယ်မမြင်၊ သူမလှကိုယ်ရယ်ချင်
(၁၂၉) ကမ္ဘာ့စစ်ဘေး မေတ္တာဖြင့်လုပ်ကျွေး
(၁၃၀) ကောက်ပင်ရိတ်လှီးသလို စကားဆို
(၁၃၁) ကိုးထမ်းပိုးကျမှ နွားမော့သင်
(၁၃၂) ကတ်မဲ့ကတ်တော့ အစ်ကိုဦးပုံ့ထမ်း
(၁၃၃) ကိုယ့်ဗိုက်ကြီးသက်လုံကောင်းစေ
(၁၃၄) ကမ္ဘာ့စစ်မီးလေမ်းငြိမ်းအေးမှုကိုပက်ဖြန်း၊
(၁၃၅) ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ
(၁၃၆) ကုန်စ,လိုင်ကာတောင်၊
(၁၃၇) ကိုယ်နှင့်စကော်၍အရက်တိုက်
(၁၃၈) ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်
(၁၃၉) ကိုယ့်ထက်သာမနာလို
(၁၄၀) ကိုယ့်လက်သွားမှ သူ့လက်လာ
(၁၄၁) ကိုယ့်ဒူးကိုယ်ချွန်
(၁၄၂) ကျားသေကိုအသက်သွင်းသလို
(၁၄၃) ကိုယ့်ရှူးကိုယ်ပတ်
(၁၄၄) ကိုယ့်ဖင်ကိုယ်မနိုင်ဘဲ ပဲကြီးဟင်းသောက်ချင်
(၁၄၅) ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော်ခုနစ်ပါး
(၁၄၆) ကိုယ့်ထမင်းကိုယ်စားလို့ ယောက္ခမနွားကျောင်းပေးရ
(၁၄၇) ကိုယ့်လက်ပုမှ ဘူးရွက်ပြေးကိုင်
(၁၄၈) ကိုယ့်စေတနာ ကိုယ့်အကျိုးပေးမည်
(၁၄၉) ကိုယ့်ကြက်ကိုယ်သတ်စား
(၁၅၀) ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



(၁၅၁) ကိုယ့်ကိုယ်ကိုယ်ဖျက်သံချေးတက်
(၁၅၂) ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသလို
(၁၅၃) ကျားရှေ့မျောက်လျက်သားလဲ
(၁၅၄) ကျားချင်းကိုက်ရာ သမင်ကူမှားသည်။
(၁၅၄) ကျားကျားမီးယပ်
(၁၅၅) ကိုယ့်ကိုယ်ကိုယ် အရင်ကျင့်၊ သူများနောက်မှဟော
(၁၅၆) ကိုယ့်ထမင်းကိုယ်စား ကြီးတော်နွားကျောင်းပေးရ
(၁၅၇) ကိုယ့်မျက်ချေး ကိုယ်မမြင်၊ သူများမျက်ချေးသာမြင်
(၁၅၈) ကိုယ်နှုတ်နှလုံးမြဲစောင့်သုံး၊ သက်ဆုံးကာလချမ်းသာရ
(၁၅၉) ကိုယ့်ဖိနပ်ကိုဖုတ်စားသလို
(၁၆၀) ကိုယ့်ကိုယ်ထက် ဘယ်သူ့မှမချစ်နိုင်
(၁၆၁) ကိုယ့်စိတ်နှင့်နှိုင်းမရှိင်း
(၁၆၂) ကိုယ့်ကိုသူနိုင် သူ့ကိုနိုင်သူပေါ်လိမ့်
(၁၆၃) ကိုယ့်တပ်က ကိုယ့်ပြန်နင်း၊ ကိုယ့်ကင်းက ကိုယ့်ပြန်ဖမ်း
(၁၆၄) ကိုယ့်လက်ခုပ်ထဲကရေ သွန်လိုသွန် မှောက်လိုမှောက်
(၁၆၅) ကိုယ့်ကြမ္မာကိုယ်သာဖန်တီး
(၁၆၆) ကိုယ့်ငါးချဉ် ကိုယ်ချဉ်
(၁၆၇) ကိုယ့်လူသူ့ဘက်သား
(၁၆၈) ကျားသေမှ လူစွမ်းကောင်းပေါ်သည်
(၁၆၉) ကိုယ့်အကြောင်းခေါင်းအုံးမသိ
(၁၇၀) ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး
(၁၇၁) ကျားရဲရာမီးထည့် ၍ အိပ်ရသလို
(၁၇၂) ကျားဆရာကြောင်၊ ကြောင်ဆရာကြွက်
(၁၇၃) ကျားကြီးခြေရာကြီးမည်။ ရေကြီးလျှင် လှေမြင့်မည်။
(၁၇၄) ကျားနေမြေ [illegible]မြေ
(၁၇၅) ကိုယ့်အတတ်ကိုယ်စူး
(၁၇၆) ကျကျနနအားထုတ်ပါ။ လှလှပပပေါ်လာမည်။
(၁၇၇) ကျမကောက် ပျောက်မရှာ
(၁၇၈) ကျားမရဲတစ်၊ လူမရဲ့တစ်
(၁၇၉) ကျားသနားမှ နွားချမ်းသာမည်
(၁၈၀) ကိုယ့်အထုပ်ကိုယ်ဖြေပါ





(၁၈၁) ကျားကိုခလုတ်၊ သစ်ငုတ်ကိုသင်ဖြူး
(၁၈၂) ကျေးဖူးသိမှသူတော်ကောင်း
(၁၈၃) ကျီးစောင့်ကြက်နှင်
(၁၈၄) ကျားကိုလည်းကြောက်ရ၊ ကျားချေးကိုလည်းကြောက်ရ
(၁၈၅) ကိုယ့်အမှားမမြင်ဘဲ သူများအပြစ်မတင်ပါနှင့်
(၁၈၆) ကျားကိုက်လို့သေပါတယ်ဆိုမှနာတာရှည်လားမေး
(၁၈၇) ကျားမှသေစေ၊ တောမှကြေစေ
(၁၈၈) ကျမြေကြီး၊ တက်ရွှေထီး
(၁၈၉) ကျားမြီးဆွဲထားမိသလို
(၁၉၀) ကျနေ့ထက်တက်နေ့ကို [illegible]ထား
(၁၉၁) ကျားပွတ်နှင်တံဖြစ်လျှင် ရိုက်ခတ်မောင်းနှင်ပေးပါ
(၁၉၂) ကျားရဲရာ ကြမ္မာမယိုးသာ
(၁၉၃) ကျားသနားမှ နွားချမ်းသာ
(၁၉၄) ကျားရဲလည်းသေ၊ တောလည်းကြေ
(၁၉၅) ကျားလိုက်မှတုတ်ခုတ်
(၁၉၆) ကျီးကိုဘုတ်ရှိသေ၊ ဘုတ်ကိုကျီးရှိသေ
(၁၉၇) ကျေးဇူးကန်းသူ မီးနှယ်ပူတတ်၏။
(၁၉၈) ကျေးဖူးရှင် ကျေးစွပ်သလို
(၁၉၉) ကြတိုင်းလည်းအောင်၊ အောင်တိုင်းလည်းမြောက်
(၂၀၀) ကျီးကိုရေချိုးပေး၍မဖြူနိုင်
(၂၀၁) ကျွဲချိုကို မည်မျှပြုတ်သော်လည်း အသွေးမပြောင်း
(၂၀၂) ကြီးနိုင်ငယ်ညှဉ်း
(၂၀၃) ကျီးကန်းတောင်းမှောက်
(၂၀၄) ကျေးဇူးချေသေတတ်သည်။
(၂၀၅) ကျီးအာသီးလို အပြင်ဟန်နီရဲပြီး အတွင်းသဏ္ဍာန်ညိုမည်းသည်။
(၂၀၆) ကျေးဇူးမတင်လင်မရ၊ ကျေးဇူးတင်မှလင်ရသည်။
(၂၀၇) ကြီးချိန်တန်ကြီး၊ မြင့်ချိန်တန်မြင့်၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်
(၂၀၈) ကျီးကိုလူမိသလို
(၂၀၉) ကျော်ပူတာခံနိုင်သည်။ နားပူမခံနိုင်။
(၂၁၀) ကျောချမှတားပြမှန်းသိ
(၂၁၁) ကျီးကန်းကိုသူကောင်းမြှောက်၊ ချေးခြောက်ကောက်စား



www.burmeseclassic.com

www.burmeseclassic.com



(၂၁၂) ကျောပူမှဝမ်းအေးသည်။
(၂၁၃) ကျေးကိုမဖိကြက်ကိုဖိ
(၂၁၄) ကျေးဥအရောင် တိမ်တောင်သဖွယ်မင်းရေးကျယ်
(၂၁၅) ကျီးနှင့်ခင်ဘုတ်ရန်ဘက်လုပ်သလို
(၂၁၆) ကျီးကန်းသည်ကျီးကန်း၏မျက်လုံးကိုမဖောက်
(၂၁၇) ကျီးကန်းမျက်စိတောင်ကြည့် မြောက်ကြည့်
(၂၁၈) ကြီးလျှင်မှီရ ငယ်လျှင်ချီရမှ
(၂၁၉) ကျေးဇူးတရားသည် အသည်းနှလုံး၏မှတ်သားခြင်းပင်
(၂၂၀) ကျော်တော့လေ့သူကြီး ညာတော့လေ့တိုးသား
(၂၂၁) ကျီးကန်းမျိုးလိုအမျိုးမှန်းသိ
(၂၂၂) ကြက်ကိုစပ်တာ ဝိန်းဥစားပြီးလို့
(၂၂၃) ကျီးလန့်စာစား
(၂၂၄) ကျီးကန်းမျိုးလိုအကြောင်းရှိကတိုင်းအော
(၂၂၅) ကြံကြောက်လှည်းအောက်မအိပ်နဲ့
(၂၂၆) ကျီးကန်းမျိုးလို ကိုယ့်ဥမှဥမှတ်သည်။
(၂၂၇) ကြမ္မာဆောင်သသားကောင်ထိတ်မြစ်
(၂၂၈) ကြမ်းပိုးလိုအထင်းရဲပြီးသွေးစုပ်သော်လည်းအသားမရှိ
(၂၂၉) ကြက်ခြံထဲကမြင်းစကားပြောသလို
(၂၃၀) ကြည့် ဖန်များရှိသွားတတ်သည်။
(၂၃၁) ကြမ်းပိုးလိပ်ခြစ်
(၂၃၂) ကြာမြင့်ရေထင့်
(၂၃၃) ကြွေးတင် ရှင်ဘုရင်တစ်လိန်
(၂၃၄) ကြာလေကဲလေ၊ မှန်းလေပြလေ
(၂၃၅) ကြည့် တစ်လျှင်ဘာဝနာ၊ မကြည့် တစ်လျှင်ထထော
(၂၃၆) ကြက်ကောင်ကြီးမကျွာ
(၂၃၇) ကျွဲကြီးရှင်နွားခံ
(၂၃၈) ကျည်ပွေ့အတောက်မပေါက်သလို
(၂၃၉) ကြားထဲကလွှသွားခါးနာ
(၂၄၀) ကြွလွန်းတော့ယိုင်၊ ထလွန်းတော့တိုင်
(၂၄၁) ကြာပင်အောက်ကဖားမျှော့
(၂၄၂) ကြွေးတင်ကျွန်ဖြစ်





(၂၄၃) ကြက်ခေါင်းဆိတ်မခံ
(၂၄၄) ကျွေးကားကျွေး၏မဝ၊ ပေးကားပေး၏မရ
(၂၄၅) ကြက်ကလေးကိုကြက်ဖကြီးကနိုင်
(၂၄၆) ကြွေတစ်လက်ကြက်တစ်ခုန်
(၂၄၇) ကြွေးထူမပူ၊ သန်းထူမယား
(၂၄၈) ကြာကြာဝါးမည့် သွားအရိုးကြည့် ရှောင်
(၂၄၉) ကြွေးလည်းမပူ သန်းလည်းမယား
(၂၅၀) ကြာကြာဝါးမှဝါးမှန်းသိ
(၂၅၁) ကြက်ဖကြီးကိုငါကနိုင်၊ ငါ့ကိုအမေကနိုင်
(၂၅၂) ကြွေးထူလည်းမပူ၊ ပွေးထူလည်းမယား
(၂၅၃) ကြွေးယူတုန်းက ကျေးဇူးရှင်၊ ကြွေးဆပ်မည့် အခါ ရန်သူထင်
(၂၅၄) ကြာရိုးကြာစွယ်ကိုမြင် ရေတိမ်ရေနက်ကိုသိ
(၂၅၅) ကြွေးယူစဉ်မှာ တပြုံးပြုံး၊ ကြွေးပြန်တောင်းတော့မှုန်း
(၂၅၆) ကျွဲပါးစောင်းတီး
(၂၅၇) ကျွဲချိုလိမ်၊ လူနံပိန်
(၂၅၈) ကျွဲနှစ်ကောင်ခတ်သည်ကြား မြေစာပင်မခံနိုင်
(၂၅၉) ကြက်ကန်းဆန်အိုးတွေ့၊ ဝက်သိုး ပဏ္ဍုမြားတွေ့သလို
(၂၆၀) ကြက်ကမတိုး ကျော့ကွင်းကတိုး
(၂၆၁) ကြက်ကောင်းကို ဆန်ပြ၍ အဝေးကမြှူသလို
(၂၆၂) ကြက်ကလေးကို ကြက်မကြီး လှည့် စားသလို
(၂၆၃) ကြက်ကောင်းဆုတ် ဆုတ်သွားသလို
(၂၆၄) ကြက်မလင်လို ကတောက်၊ မိန်းမလင်လို ဆံထုံးမောက်
(၂၆၅) ကြက်တွန်သံ ကြားတိုင်းလည်း၊ ရောင်နီလာပြီမမှတ်နဲ့
(၂၆၆) ကြက်ဆုတ်ခွပ်ပစ်
(၂၆၇) ကြက်မတွန်လို့ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်းမည်။
(၂၆၈) ကြက်မှာအရိုး၊ လူမှာအမျိုး
(၂၆၉) ကြက်နှစ်ကောင် ခွပ်ပါစေ၊ အားကုန်မှ အသာဖမ်း
(၂၇၀) ကြက်စပါး ဖျာရစ်သလို
(၂၇၁) ကြက်တူရွေးကတော်တော်၊ မယ်တော်က ကဲကဲ
(၂၇၂) ကြက်နှစ်ဖလည်း ပန်းစေဦး၊ ထွန်ရေးလည်း ရစေဦး
(၂၇၃) ကြည်ဆူပင် နတ်ကြောင့် အမြွတ်ရ



www.burmeseclassic.com

www.burmeseclassic.com



(၂၇၄) ကြက်ချည်သောကြိုးနှင့် ဆင်ချည်သော်မ ရ၊ ဆင်ချည်သောကြိုးဖြင့် ကြက်ချည်သော်မခံနိုင်

(၂၇၅) ကြင်သာကြင် မခင်

(၂၇၇) ကြက်ဥမပေါက်သေးမီ ကြက်ကလေးမရေတွက်ပါနှင့်

(၂၇၈) ကြင်ယာရှိမှ ပေါ်တင်၊ ပညာရှိမှ မြော်မြင်

(၂၇၉) ကြွက်ကိုတွေ့လို့ မကိုက် ကြောင်မိုက်။

(၂၈၀) ကြွက်နားရွက် ဝက်မှာတပ်သလို။

(၂၈၁) ကြွက်က တွင်းတူးကောင်း၏။ အောင်းတော့ မြွေက။

(၂၈၂) ကြွက်တွင်းရေလောင်းသလို။ (သေအရက်သောက်ပါးစပ်)

(၂၈၃) ကြက်သတ္တဝါ ချေးကျရာမှာ ပျော်သည်။

(၂၈၄) ကြက်ဥအစ ရှာမရသလို

(၂၈၅) ကြက်မနိုင် ကျီမီးနှင့်ရှို့

(၂၈၆) ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်

(၂၈၇) ကြွက်သေတစ်ခု အရင်းပြု

(၂၈၉) ကြက်ဥပြုတ်ကို သံတုတ်နှင့် ချသလို

(၂၉၀) ကြက်အိပ်ကြက်နိုး

(၂၉၁) ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။

(၂၉၂) ကျွန်ဝယ်ရာ အဆစ်မပါ။

(၂၉၃) ကျွန်စုပ်တဲ့ သရက်စေ့။

(၂၉၄) ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

(၂၉၅) ကျွန်ယုံတစ်ဖက်ကန်း၊ သားသမီးယုံ စုံလုံးကန်း

(၂၉၆) ကျွန်လိမ္မာ နောက်ဆုတ်၊ ခွေးလိမ္မာ အမြီးကုပ်

(၂၉၇) ကျောက်ချော ရေမဝင်

(၂၉၈) ကျွမ်းကျင်ရာ လိမ္မာ

(၂၉၉) ကျောက်[illegible]ရော် ငါးနို

(၃၀၀) ကြမ်းကြားလေနှင့် ဘူးခါးရေ

(၃၀၁) ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောသည်။

(၃၀၂) ကျောက်ခဲသလဲ၊ ဖွဲဆန်ကွဲလည်း သူနေရာနှင့်သူပေါ့။

(၃၀၃) ကြမ်းသောစကား လွှသွားပမာ ရှောင်ကြဉ်ပါ။

(၃၀၄) ကျောက်ကောင်းစစ်လျှင် ဇမ္ဗူရောက်ရွှေမှာနား။

(၃၀၅) ကြမ်းပေါက်ကျုံလျှင် နုတ်လို့ရ၏။ စကားကျုံလျှင် နုတ်မရ။





(၃၀၆) ကြမ်းပိုးလို နံမှန်းသိလျက် နမ်းချင်လျက်။

(၃၀၇) ကြောက်ရှုံမသေ ရှက်ရှုံသေ

(၃၀၈) ကြောက်တတ်ဝန်ကင်း။

(၃၀၉) ကြောက်လွှဲ ရဲမင်းဖြစ်

(၃၁၀) ကျောက်စောင်းထက် ရေစောင်းထက်

(၃၁၁) ကျောက်ဖြူလည်း မနမ်းနှင့်။ အောက်သူလည်း မစမ်းနှင့်။

(၃၁၂) ကြောက်ပါတယ်ဆိုမှ ဖြဲခြောက်။

(၃၁၃) ကျောက်နှင့်မြင်း စိုးစဉ်းသိက ထမင်းဝ

(၃၁၄) ကြောက်ဆင်းရဲ ရဲ မင်းဖြစ်။

(၃၁၅) ကြောက်ပါတယ်ဆိုမှ ကြောင်နှင့်ခြောက်။

(၃၁၆) ကြောင်လက်သည်းဝှက်သလို

(၃၁၇) ကြောင်ပုဆိုးကြမ်းရသလို

(၃၁၈) ကျောင်းမှန်မှန်တက် စာမခက်

(၃၁၉) ကြောင်ကျ မပျ၊ ခွေးကျ ကျ

(၃၂၀) ကြောင်ရှေ့ ကြွက်မြူးသလို

(၃၂၁) ကြောင်ချေးလို ပျော့ပျော့နွဲ့နဲ့တဲ့ လူစား

(၃၂၂) ကျောင်းကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင်

(၃၂၃) ကြောင်တစ်ကောင်အတွက်ကြောင့် ကြွက်တစ်မြို့ပျက်။

(၃၂၄) ကြော[illegible]ကြီးရယ် မြီးတံတို အဆီကိုစားပါလို့ အသားကိုမြို့ဆိုတာလို

(၃၂၅) ကျောင်းနေကြာလို့ စာမတတ်

(၃၂၆) ကျိုးနွံမှ ဝန်ချ၊ မိုးလွန်မှ ထွန်ချ။

(၃၂၇) ကြိုးချင်းထား ကြိုးချင်းညှိ၊ အိုးချင်းထား အိုးချင်းညှိ။

(၃၂၈) ကြိုတင်စဉ်းစား ဒုမှားမတွေ့။

(၃၂၉) ကျိုးလို့သား၊ မကျိုးမိုးထိုးရဲ့။

(၃၃၀) ကြောင်လိမ္မာ ကြောင်စား၊ ကြွက်လိမ္မာ ကြွက်စား

(၃၃၁) ကြိုတင်ပြင်ဆင်မှ အောင်ပွဲဝင်။

(၃၃၂) ကျိုးတာထက် ဆွေးတာက တော်သေး

(၃၃၃) ကြိုးကြာရေမသောက်၊ ဖျိုင်းအောက်လင်မနေ

(၃၃၄) ကြောင်လျှာပင် အခါကောင်း၍ မိကျောင်းလျှာမရှိသလို။

(၃၃၅) ကြောင်အိုကြွက်မလေး

(၃၃၆) ကြိုးစားက ဘုရားဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



(၃၃၇) ကွယ်လျှင်မေ့ တွေ့လျှင်သေအောင်လွမ်း
(၃၃၈) ကြိုက်မရှက်၊ ဝေ်မရှက်၊ ငိုက်မရှက်။
(၃၃၉) ကွမ်းသီးကြိုက်တောင်ငှပ်ဆိုတာလို
(၃၄၀) ကွန်လေးသစ်ကွင်းနှင့် ငါးကြင်းကို အုပ်လို့မမိနိုင်
(၃၄၁) ကြိုးမဖြတ်ဘဲ ထက်သုတ်လော့
(၃၄၂) ကွမ်းမစားဖူးတော့ ထုံးပေါက်သည်။ မြင်းမစီးဖူးတော့ ကုန်းပေါက်သည်။
(၃၄၃) ကျုံးသုံးတန်ရံ မြို့ပုက်။
(၃၄၄) ကြိုက်လျှင်တော် လိုက်လျှင်ခေါ်
(၃၄၅) ကွာပါဆိုတော့ သူများကား လွမ်းတော့ကိုယ်က
(၃၄၆) ကျိုင်းနှင့်ပေါက် ငါးစင်ရိုင်းနှင့် ငါးသလောက်
(၃၄၇) ကျိုက်ထီးရိုးဘုရား ကြိုးတစ်ရှားအောက်ကရှောင်။
(၃၄၈) ကိုင်းတောထင်စား။ ရွက်ရှားသောကုန်မည်။
(၃၄၉) ကုန်းလည်းဝိုးသေးရဲ့ လှော်လည်းထင်းသေးရဲ့
(၃၅၀) ကုပ်ကုပ်နေတရွှေမှုတ်နှင့်။
(၃၅၁) ကိုယ်နှင့်နှိုင်းမရှိုင်း။ ကိုယ်နှင့်စာ မနာ။
(၃၅၂) ကုန်းပေါ်ရောက်မှရေမှုန်းစေနဲ့။
(၃၅၃) ကိုင်းတောထင်နှင်းသလို
(၃၅၄) ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်းမသိ
(၃၅၅) ကိုယ်ကောင်းခေါင်းဘယ်မရွေ့
(၃၅၆) ကိုင်းတောမီးလောင်
(၃၅၇) ကုန်းနေကိုးကုရွေ့ ရေနေထယ်ကုရွေ့ သတ္တဝါတွေအနန္တ
(၃၅၈) ကိုယ်တွေ့ကြုံမှ ယုံရ
(၃၅၉) ကုန်ရှုံးတစ်ခေါက်၊ လင်ကုန်ရှုံးတစ်သက်လုံးမှောက်
(၃၆၀) ကိုယ့်ဝမ်းနာ ကိုသာသိ
(၃၆၁) ကျီးစားသေမှ[illegible]
(၃၆၂) ကျေးရှုရှိမှ ကျေးစွပ်လို့ရသည်
(၃၆၃) ကျူပင်ခုတ်၊ ကျူငုတ်မကျန်စေရ
(၃၆၄) ကျေးရှုမထင် ဖင်လှန်ပြ
(၃၆၅) ကြံသာအစဉ်ရှိသည်။ လူအစဉ်မရှိ။
(၃၆၆) ကျီးသော့၊ ကန်းမော့။
(၃၆၇) ကမ္ဘာ့နှုန်းကျင့်ပျက်အသင်ခက်





(၃၆၈) ကိုယ်ထူကိုယ်ထ
(၃၆၉) ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံရ
(၃၇၀) ကိုယ်တင်တဲ့ စစ်ကဲ ကိုယ်ချလို့မရ
(၃၇၁) ကိုယ်နှစ်သက်က ထန်းပလပ်နတ်ရုတ်ထင်
(၃၇၂) ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား
(၃၇၃) ကိုယ့်ကိုသာအချစ်ဆုံး
(၃၇၄) ကိုယ်ရေးကြုံက သက်လုံကောင်းရမည်။
(၃၇၅) ကိုယ်ထင်ခုတင်ရွှေနန်း
(၃၇၆) ကိုယ်မချို(ပင်ပန်းဘိက)အမိသော်လည်း သားတော်ခဲ

## 'ခ'နှင့် ပတ်သက်သော စကားပုံများ

(၃၇၇) ခရာစေ့တွင်းကျ စေ့ငှအောင်အကုန်ပြော
(၃၇၈) ခရုမှာအရစ်နှင့် လူမှာအချစ်နှင့်
(၃၇၉) ခရီးသွားဟန်လွှဲ
(၃၈၀) ခံစားတာတောင် ဒူးနေရာဒူး၊ တော်နေရာတော်။
(၃၈၁) ခရားက ရေလွှတ်သလို။
(၃၈၂) ခရီးလျှင်လို လမ်းအိုလိုက်
(၃၈၃) စကာဖြစ်လျက် ခလာပျက်၏ ဆိုတာလို
(၃၈၄) ခရုခါးတောင်းကျိုက် လိုက်ဖမ်းသလို
(၃၈၅) ခရမ်းသီးပိန်နှင့် ဓားတုံးတွေ့
(၃၈၆) ခရီးတွင်လို့ ရွာစဉ်မသိ။
(၃၈၇) ခရုမှာအဆံနှင့် လူမှာအကြံနှင့်
(၃၈၈) ခရမ်းသီးပိန်နိုက် ဓားတုံးနိုက်
(၃၈၉) ခရေပွင့်လည်းကောက်၊ စာလည်းခြောက်။
(၃၉၀) ခုရှုပ်မှနောက်ရှင်း
(၃၉၁) ခုမှပေါ်တဲ့ ရွှေကြာပင်
(၃၉၂) ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့မရ
(၃၉၃) ခုနစ်လ သွားငုတ်တုတ် လူငုတ်တုတ်။



www.burmeseclassic.com

www.burmeseclassic.com



(၃၉၄) ခလုတ်ကို သင်ဖြူး ဆူးကိုမွေ့ရာ
(၃၉၅) ခလုတ်ထိမှ အမိတ
(၃၉၆) ခုံ့လင်နေ ခုံ့သားမွေးချင်
(၃၉၇) ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမ်သန်
(၃၉၈) ခုစာလေးကြော်၊ ခုဆီထမင်း
(၃၉၉) ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ
(၄၀၀) ခိုးတတ်လျှင် ယိုးတတ်သည်။
(၄၀၁) ခံသီးထောင်း ကောင်းပါရဲ့၊ ဆုံတော့ ကြိမ်းလှပြီ။
(၄၀၂) ခယ်မ ခဲအိုကြံ၊ မိုးကမ်မှန်
(၄၀၃) ခိုးရသည့် နွား သွားဘယ်နှချောင်း မမေးနှင့်
(၄၀၄) ခဲလေသမျှ သဲရေကျဖြစ်ရ
(၄၀၅) ခိုးစားတဲ့ သရက်သီး ပိုချို၏။
(၄၀၆) ခဲမှန်ဖူးတဲ့ စာသူငယ်လို
(၄၀၇) ခတ်တိုင်းနေ်တဲ့ ပဲခူးဆား
(၄၀၈) ခေါင်က မိုးမလုံလျှင် တံစက်မြိတ်လည်း မလုံနိုင်
(၄၀၉) ခပ်ပြာကို ရွှေမှတ်လို့ ပန်ဆင်မိ
(၄၁၀) ခေါင်းဝင် ကိုယ်ဆံ့
(၄၁၁) ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း
(၄၁၂) ခတ်ကွင်းပြင်တာနှင့် ရွာသစ်ကြီးရောက်
(၄၁၃) ခေါင်းတစ်လုံးနှင့် ရေအိုးနှစ်လုံးမရွက်နိုင်
(၄၁၄) ခေါင်းသွားရာ အမြီးပါ
(၄၁၅) ခေါင်းတုံးပေါ်ထိပ်ကွက်
(၄၁၆) ချေးထဲကလောက် ချေးထဲမှာပျော်
(၄၁၇) ခုံညှင်းလည်းရှူး ဒိုးလည်းရှူး။
(၄၁၈) ချေးယိုခါနီးမှ ချေးခံတွင်းရှာသလို
(၄၁၉) ခုတ်ရာတခြား၊ ရှရာတခြား
(၄၂၀) ချေးခြောက်ကို ရေနှင့်နှူးသလို
(၄၂၁) ခုံဖိနပ်ကြားက နတ်စကားထွက်
(၄၂၂) ချေအီးချေလန့်
(၄၂၃) ချွေတာစုဆောင်းသူဌေးလောင်း
(၄၂၄) ချောင်းကိုပစ်လို့ မြစ်ကိုရှာ၊ နေရာများ၍ ငါးမတွေ့။





(၄၂၅) ချော်လဲရောထိုင်
(၄၂၆) ခြိမ်းလွန်းသည့် မိုးမရွာ။
(၄၂၇) ချိတ်ချိတ်ချင်းမှ ချိတ်လို့ရ။
(၄၂၈) ချိုးမွှမ်းတစ်ညာ၊ ကဲ့ရဲ့တစ်လ
(၄၂၉) ချိန်ခွင်အကော့များ၍ သားငယ်ကိုမိုးကြိုးပစ်
(၄၃၀) ချီးမွမ်းသူတပည့် ၊ ကဲ့ရဲ့သူဆရာ
(၄၃၁) ချိန်တော့မိုး၊ ထိုးတော့မြေကြီး
(၄၃၂) ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်
(၄၃၃) ချိတ်ခတ်ကို ချော်ကသိ
(၄၃၄) ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ
(၄၃၅) ချောင်းကြည့် ပြူးပြန်၊ တံရုံကွာသံရူး
(၄၃၆) ချေးတော လသာ
(၄၃၇) ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်သေးသစ်
(၄၃၈) ချက်ဆို နားခွက်ကမီးလောင်
(၄၃၉) ချေးတုံးတန်ဆာဆင်
(၄၄၀) ချစ်ခြင်းအစ မျက်စိက
(၄၄၁) ချောင်ကူးပြီးလျှင် တောင်ဝှေးကို ပစ်ထားတတ်သည်။
(၄၄၂) ချင်းစိမ်းနှင့် မိတ်သလင် သူကြွင်မှငါကြွင်မည်။
(၄၄၃) ချောင်းရိုးမြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုးမတိမ်ကော။
(၄၄၄) ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင်သဒ္ဓါ
(၄၄၅) ချစ်တိုင်းမညား၊ ညားတိုင်းမချစ်
(၄၄၆) ချည်သေးလို့ ချားမလည်၊ ငယ်သေးလို့ နားမလည်
(၄၄၇) ချစ်တုန်းခင်တုန်းတပြုံးပြုံး
(၄၄၈) ချစ်လုံးလုံး မုန်းလျားလျား
(၄၄၉) ချစ်တုန်းမုန်းစကားပြော
(၄၅၀) ချဉ်သီးပင်အောက် ချဉ်သီးရှာဆိုတာလို
(၄၅၁) ချမ်းလျှင်ကြက်ချေးနမ်း
(၄၅၂) ခြေကျိုးထန်းတက် အချက်မကျ
(၄၅၃) ချည်ဝင်အူပေါက် အစပျောက်သလို
(၄၅၄) ခြိခုန်ဖူးသည့် နွား ခုန်လက်စဆက်ခြံခုန်
(၄၅၅) ချမ်းလျှင်ရေချိုး နှင်းတောတိုး၊ အိုက်လျှင်မီးလှုံ စော်ကိုခြုံ



www.burmeseclassic.com

www.burmeseclassic.com



(၄၅၆) ချဉ်သီးစားတာမြင် သွားရည်ကျ၍ ပါးတောင်။
(၄၅၇) ခြသေ့မင်းရှေ့မှာ ယုန်သူငယ် မဖြတ်သန်းဝံ့သလို။
(၄၅၈) ချောင်းကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့၊ အဟောင်းကိုပစ်၍ အသစ်ကိုရှာ နေရာများ၍ ကြားမစေ့။
(၄၅၉) ခြေတစ်လှမ်းကုဋေတစ်သန်းတန်
(၄၆၀) ချောင်ကောက ယာကောမည်။
(၄၆၁) ခြသေ့မှန်မမှန် မင်ဆံသက်သေ။
(၄၆၂) ခြင်းကြားကြီးနှင့် ရေကိုသယ်
(၄၆၃) ခြေသလုံးမြင်ရရုံနှင့် တောသားကြီးမှန်းသိ
(၄၆၄) ခြေနှစ်ချောင်းလည်း မကယ်နှင့်၊ ကယ်လျှင် လူကို ကန်သွားတတ်သည်။
(၄၆၅) ခြသေ့ဆီ သိင်္ဂီ ရွှေခွက်မှာ နားသည်။
(၄၆၆) ခြေမကောင်း ခြေမ၊ လက်မကောင်း လက်မ။
(၄၆၇) ခြေသုတ်ပုဆိုး မှာန်စွယ်ကျိုးသို့။ (မြွေစွယ်ကျိုးသို့)
(၄၆၈) ချိုတယ်လူး လူရှုးယောကျ်ား ဝယ်မိမှား၊ မယားအိမ်နေ စင်းစင်းသေ။
(၄၆၉) ချောက်မှန်းမသိ၊ ကမ်းမှန်းမသိ။
(၄၇၀) ချိုင်တော့တစ်ကိုင်း ပြတ်တော့တစ်ကိုင်း၊
(၄၇၁) ချိုကျိုးသည့် နွား၊ အစွယ်ကျိုးသည့် မြွေပမာ
(၄၇၂)
(၄၇၃) ချုပ်နေကျ အပ် သံချေးမတက်။
(၄၇၄) ချိုတယ်လူး အိမ်ဦးမှာချည်၊ ဥစ္စာတည်
(၄၇၅) ချိုကုတ်ရှိရာ ချိုကုတ်လာ
(၄၇၆) ချိုကျိုးရာ နားရွက်ပဲ့။
(၄၇၇) ခွေးကျိုးနှင့် ယုန်လိုက်
(၄၇၈) ခွေးကောင်ပုပ် လင်းတဆွဲသလို။
(၄၇၉) ခွေးကြီးမှ [illegible]က်ဝေးသင်
(၄၈၀) ခွေးကျ မကျ ကြောင်ကျ ကျ
(၄၈၁) ခွေးကောင်ပုပ်လေ လင်းတကြိုက်လေ
(၄၈၂) ခဲလေသမျှ သဲရေကျ
(၄၈၃) ခွေးကိုရိုက်ချင် ခွေးရှင်မျက်နှာကြည့် ရသေး
(၄၈၄) ခွေးကလေးချစ် ပါးလျက်နားလျက်၊ လူကလေးချစ် ခေါင်းတက်နားတက်
(၄၈၅) ခွေးဖြစ်က ချေးစားရမှာ မကြောက်နှင့်





(၄၈၆) ခွေးနာ လောက်ကိုက်သလို
(၄၈၇) ခွေးပါးစပ်က နတ်စကားထွက်
(၄၈၈) ခွေးနိုးရှာလယ်
(၄၈၉) ဆေးပလ္လင်ဆင့်က ကျ၊ ကျိုးကန်းတွေ ဝိုင်းအုံထ။
(၄၉၀) ခွေးငြိမ်လျှင်ကြည့် သွား၊ ရေငြိမ်လျှင် သတိထား။
(၄၉၁) ခွေးပုရန်လို၊ လူပုစိတ်တို၊ လေ့တိုပဲ့ခက်။
(၄၉၂) ခွေးစကားခွေးယုံ
(၄၉၃) ခွေးနေရာမရသလို
(၄၉၄) ခွေးတစ်ထောင်အုပ်ထဲ မျောက်တစ်ကောင်ကျသလို
(၄၉၅) ခွေးတောက်မြစ်ယှက် စိုက်ရောဖက်က သရက်ပင်မင်းသီးချိုကင်းတဲ့။
(၄၉၆) ခွေးအ,အုပ်စု လူအ,မတိုးနိုင်
(၄၉၇) ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်း။
(၄၉၈) ခွေးရူးကောင်းစား တစ်မွန်းတည့်
(၄၉၉) ခွေးလည်းရူး လက်ပံလည်းဖူး
(၅၀၀) ခွေးမြီးကောက် ကျည်တောက်စွပ်သလို။
(၅၀၁) ခွေးမှာအနက် ကြောင်အနက် အစွမ်းထက်ချင်းတူ။
(၅၀၂) ခွေးမရောက် အိမ်ခေါင်မိုး၊ လူမရောက် မြင့်မိုရ်တောင်။
(၅၀၃) ခွေးမှာနာရောင်၊ ကြောင်မှနဖူး၊ လူမှာဒူး။ (ချမ်းအေးတဲ့)
(၅၀၄) ခွေးဟောင်၍ တောင်ပို့မပြေး
(၅၀၅) ခွေးလုံ့လ တစ်ခဏသာ
(၅၀၆) ခွေးဟောင်တိုင်း ခေါင်းထောင်မကြည့် နိုင်
(၅၀၇) ခွေးရူးဖက်ကိုက် ခွေးကောင်းနားရွက်ပြတ်
(၅၀၈) ခွေးလေ တော်သလင်း မျှော်သလို။
(၅၀၉) ခွေးလို ရှူးတိုက်တိုင်းကိုက် အမိုက်အဖတ်တင်
(၅၁၀) ခွေးလည်ကိုစမ်း၍ မတွေ့ရသလို။
(၅၁၁) ခွေးလေးခုန်၍ ဖုန်မထ။
(၅၁၂) ခွေးလိမ္မာအမြီးကုတ်၊ ကျွန်လိမ္မာ နောက်ဆုတ်။
(၅၁၃) ခွေးရူးလိုက်ချင်တဲ့လူ သျှောင်ကလေးနဲ့
(၅၁၄) ချွေးနဲ့စာသည် သန့်ရှင်း၍ အားရှိသည်။
(၅၁၅) ချွေတာသောသူ ချမ်းသာမည်၊ ချမ်းသာသောသူ ချွေတာမည်။
(၅၁၆) ချွေးထွက်များမှ သွေးထွက်နည်းမည်။



www.burmeseclassic.com

www.burmeseclassic.com



## ဂနှင့် ပတ်သက်သော စကားပုံများ

(၅၁၇) ဂါထာတစ်သောင်း၊ အင်းကောင်းတစ်ကွက်၊ ဆေးတစ်စက်။

(၅၁၈) ဂငယ်သုံးခုဥသျှစ်ထု။ (အင်းဝပျက်)

(၅၁၉) ဂေါဏောန ဂေါဏော၊ သမဏောန သမဏော။

(၅၂၀) ဂါထာပေးတေးဖြစ်။

(၅၂၁) ဂဏန်းမသင် လာဘ်မမြင် ကူးလျှင်ရှုံးမည်မှတ်။

(၅၂၂) ဂယက်ရိုက်ခြင်းသည် လှိုင်းထခြင်းနှင့် သက်ဆိုင်သည်။

(၅၂၃) ဂါထာဟူက ဥုံခံရ။

(၅၂၄) ဂျိုကောင်ကလေးသည် အမေဂျိုကောင်ကဲ့သို့ နီသည်။

## 'ဃ' နှင့် ပတ်သက်သော စကားပုံများ

(၅၂၅) ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်

(၅၂၆) ဃရာဝါသော တမျောမျော

(၅၂၇) ဃောသကအလှူ ကျွက်ကျွက်ဆူ

(၅၂၈) ဃောသကသူဌေး ငွေပေးသတ်၍ မသေသလို

(၅၂၉) ဃောသကာဝိပါက် ခြောက်ချက်

(၅၃၀) ဃနန္ဒာခေါင်း။ အနံ့ကောင်းမှုလက်ခံ။

## 'င'နှင့် ပတ်သက်သော စကားပုံများ

(၅၃၁) ငှက်ကို ငါးကြီးဟပ်

(၅၃၂) ငရဲပန်းကို ရွှေပန်းထင်

(၅၃၃) ငရဲကလာသူ ပြာပူမကြောက်။

(၅၃၄) ငရုတ်သီးမှုန့် ခုနစ်လံရေစုတ်စားစပ်ဖေါ်။

(၅၃၅) ငရုတ်သီးတစ်ပုတ် စားလို့မှ တစ်တောင့်မစပ်။

(၅၃၆) ငရုတ်တစ်လှမ်း ခရမ်းတစ်ခုန်။

(၅၃၇) ငါ့ထက်ရိုး သူခိုးရှိတော့

(၅၃၈) ငါနှင့်သာ နှိုင်းစရာ





(၅၃၉) ငါမွေးသည့် မျောက်က ငါ့ပြန်ခြောက်

(၅၄၀) ငါနှင့်မတူ ငါ့ရန်သူ

(၅၄၁) ငရဲရောက်ခါမှ ကျောင်းပြန်ဆောက်ချင်

(၅၄၂) ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နှင့်။

(၅၄၃) ငါ့ရှူးငါ့ကိုပတ်သည်။

(၅၄၄) ငါ့စကားနွားရ။

(၅၄၅) ငါ့ဝမ်းပူဆာ မနေသာ

(၅၄၆) ငါ့သားလူပျိုလှည့် သွားတုံးတင်

(၅၄၇) ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကြော်

(၅၄၈) ငါးခူသည် ငါးခူနှင့်ပေါင်း၊ ငါးကျည်းသည် ငါးကျည်းနှင့်ပေါင်း

(၅၄၉) ငါ့သမီးလိမ္မာလှဆို ယောက်မမြင်းစီးထွက်

(၅၅၀) ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်။

(၅၅၁) ငါးကြင်းမြီးတွင် တင်ကျီးအမြီးတူ

(၅၅၂) ငါးကြော်မကြိုက် ကြောင်မိုက်

(၅၅၃) ငါ့လှေငါထိုး ပဲခူးရောက်ရောက်။

(၅၅၄) ငါးပိဖုတ် မျက်နှာသာပေး ရွှေရေးပန်းကန်တက်

(၅၅၅) ငါးပြေမ မီးပုံတွင်ကျသလို

(၅၅၆) ငါးပိဖုတ်ကိုသော်မှ ဆရာ့မပြု နည်းမကျ

(၅၅၇) ငါးပြေမ ဆားအပက်ခံရသလို

(၅၅၈) ငါးတုလို့ ခရုပွက် အိုင်ပျက်

(၅၅၉) ငါးပိနှင့်လောက်၊ ရွှေနှင့် ကျောက်

(၅၆၀) ငါးပိပုပ်ကို ဖဲ့ရွှေပုဝါနှင့် ထုပ်သလို

(၅၆၁) ငါးပါးကြီးမှောက်ပြီ။ (သံဃာစင်ပါမှောက်ပြီ)

(၅၆၂) ငါးစိမ်းမြင် ငါးကင်ပစ်

(၅၆၃) ငါးပိဖုတ်နှင့် ထမင်း တစ်ခါမြိန် မြိန်နိုးနိုး

(၅၆၄) ငါးပျံတစ်လှည့် ပုံလုံတစ်လှည့်

(၅၆၅) ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းမှာစု

(၅၆၆) ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်

(၅၆၇) ငါးစိမ်းသည် အလေးနှစ်ချင်ရွှေ။

(၅၆၈) ငါးစာသာမြင် ငါးမျှားချိတ်မမြင်

(၅၆၉) ငါးအနွေး၊ ပုစွန်အကေ့။



www.burmeseclassic.com

www.burmeseclassic.com



(၅၇၀) ငါးလွှန်မှ ကွန်ပစ်သလို
(၅၇၁) ငါးမြင်တော့ တံငါဆွေမျိုးမှန်းသိ
(၅၇၂) ငါးမရှိတော့ ဖားစွံ၊ စောင်မရှိတော့ အဝတ်စုတ်ကန္ဒေး
(၅၇၃) ငါးရိုးမျက် လက်တို
(၅၇၄) ငါးပိကိုစား၊ သတိကိုထား။
(၅၇၅) ငါးသိုင်းများ ဟင်းဟုန်။
(၅၇၆) ငါးရံ့ရအတူတူ၊ ငါးခူရ ခွဲခြမ်းခွဲခြမ်း
(၅၇၇) ငါးမရှိသော အရပ်မှာ ငါးဖျင်းသလက်သည် ငါးကောင်းဖြစ်သည်။
(၅၇၈) ငါးပွက်ရာ ငါးစာချ
(၅၇၉) ငါးမရလည်း ရေချိုးပြန်
(၅၈၀) ငါးလိုရေမှာရှာ၊ ဥစ္စာလို မြို့ကြီးပြကြီးမှာရှာ
(၅၈၁) ငါးမှာ ငါးသလောက်၊ မယားမှာဆံတောက်
(၅၈၂) ငွေအကဲ ပန်းပဲမသိ
(၅၈၃) ငုံ့ညွှာသနား ဒုက္ခပွားတ၏။
(၅၈၄) ငွေကဲရွှေကဲကို မသိသော်လည်း လူကဲ့ကိုတော့ သိသည်။
(၅၈၅) ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းကိုင်ချင်
(၅၈၆) ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်
(၅၈၇) ငွေကြေးသည် စကားပြောသောအခါ သစ္စာသည် ဆိတ်ဆိတ်နေ၏။
(၅၈၉) ငကန်းသေ ငစွေပေါ်လိမ့်မည်။

## 'စ'နှင့် ပတ်သက်သော စကားပုံများ

(၅၉၀) စကားကောင်း၏ မတည်ကြည်
(၅၉၁) စကားခြောက်ခွန်း၊ လူ့ဒွတ္တွန်း လေးခွန်းကိုပယ် နှစ်ခွန်းထည်။
(၅၉၂) စကား ဆိုခဲမြေ။
(၅၉၃) စကားချို သို့တစ်ပါး။ (နွတ်ချို)
(၅၉၄) စကားများသော ပုဏ္ဏား ပါးစပ်တွင် ဆိတ်ချေးပစ်သွင်းမှန်းမသိ
(၅၉၅) စကားများ အမှားပါ။
(၅၉၆) စကားတင်စီးနှင့် အီးလေတင်ကူပေါက်
(၅၉၇) စကားဆို တောင်လိုမမောက်နှင့်
(၅၉၈) စကားနောက် တရားပါ





(၅၉၉) စကား စကား ပြောဖန်များ စကားထဲက ဓာတ်ပြ
(၆၀၀) စကားနည်း ရန်စဲ
(၆၀၁) စလယ်ဝင် ဖင်မမည်းခင်က ကွဲတတ်သည်။ (ဖန်းမောင်နံ့)
(၆၀၂) စပါးစကုဖြတ် မယားမှာတစ်ခုလပ်
(၆၀၃) စံပယ်ကောင်းလျှင် တစ်ပွင့်၊ အရွယ်ကောင်းလျှင် အသင့်။
(၆၀၄) စပါးကြီးမြွေကို လင်းမြွေပတ်။
(၆၀၅) စကားလွန်က နုတ်မရ၊ ကြမ်းကျွံက နုတ်လို့ရသေးသည်။
(၆၀၆) စကားအရာ အင်္ဂါလေးတန်
(၆၀၇) စံပယ်ကောင်းလျှင် ပန်ချင်သူများသည်။ အရွယ်ကောင်းလျှင် ကြံချင်သူများသည်။
(၆၀၈) စကားပြောခြင်းသည် ငွေဖြစ်၏။ တိတ်ဆိတ်စွာ နေခြင်းသည် ရွှေဖြစ်၏။
(၆၀၉) စံပယ်ကြူလျှင် ပန်သူရောက်မြဲ၊ အရွယ်တူလျှင် ကြံသူရောက်မြဲ။
(၆၁၀) စာမရှိမျိုး အမွေးတစ်ချောင်းကျွတ်မခံ
(၆၁၁) စာမတတ် အကန်း၊ ရက်ကန်းမတတ် အကျိုး။
(၆၁၂) စာမတတ် ကြပ်ကြပ်အံ။
(၆၁၃) စာကိုထားတော့ လင်းတကိုပေးတော့မယ့်
(၆၁၄) စာဖိုခုံလောက်ကို ကျောက်စိ၍ ရွှေချ
(၆၁၅) စာဗူးတောင်း အကြံကောင်းသဖြင့် အိမ်ကောင်းနှင့်နေရသည်။
(၆၁၆) စာက သင်ပုန်းကြီး၊ အသိက ဘုတ်အုပ်ကြီးလုပ်ချင်
(၆၁၇) စားနေကျကြောင်ဖားကြီးဝပ်းနေသည်။
(၆၁၈) စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲ
(၆၁၉) စားချင်မှန်းလူသိရန် ခွေးကျိုးနှင့် ယုန်လိုက်
(၆၂၀) စာသင် ကြာသပတေး၊ စာရေး သောကြာ။
(၆၂၁) စားစရာမရှိသော်လည်း လျော်စရာတော့ ရှိရမည်။
(၆၂၂) စားတာလူမသိ၊ ဝတ်တာလူသိသည်။
(၆၂၃) စားမှုတွင် တစ်နပ်ကောင်းပြီးနိုင်မှ၊ သွားမှုတွင် ဖိနပ်ကောင်းစီးနိုင်မှ
(၆၂၄) စားတော့ပြုံးပြုံး၊ ယိုတော့ပုန်း။
(၆၂၅) စားခါနီးထမင်းပွဲ ကြောင်လှဲ့ပစ်သလို
(၆၂၆) စာမှာအသံ၊ ဗေဒင်မှာအကြံ
(၆၂၇) စုပေါင်းညီညာ အောင်ကြောင်းဖြာ
(၆၂၈) စားလို့မငြီး ကနစိုးသီး



www.burmeseclassic.com

www.burmeseclassic.com



(၆၂၉) စားရမည့် အမဲက သဲနှင့်ရှပ်ရှပ်
(၆၃၀) စီးတဲ့ရေ ဆည်တဲ့ကန်သင်း
(၆၃၁) စားရမှာလည်း သဲနဲ့ရှပ်ရှပ်၊ ပစ်လိုက်ရမှာလည်း အဆီနဲ့ဝင်းဝင်း။
(၆၃၂) စောင်ခြုံထဲက လက်သီးပြ
(၆၃၃) စေ့စေ့တွေး ရေးရေးပေါ်
(၆၃၄) စေကနာ ရေစီးကမ်းပြိုလိုက်
(၆၃၅) စူးနေရာစူး၊ ဆော်နေရာဆောက်
(၆၃၆) စောက်မှန်းမသိ၊ ကမ်းမှန်းမသိ။ (စောက်မှန်းကမ်းမှန်းမသိ)
(၆၃၇) စူဠလိပ် ရေထဲလွှတ်သလို။ (စူဠရေထဲလွှတ်)
(၆၃၈) စေတဲ့ကျွန် ထွန်တဲ့နွား။
(၆၃၉) စုဇကာပုဏ္ဏား လှူတာတွေ အကုန်စားဆိုတာလို
(၆၄၀) စစ်မရောက်မီ မြားကုန်နှင့်သည်
(၆၄၁) စုန်းလည်း မယိုးနှင့်၊ နတ်လည်း မကိုးနှင့်
(၆၄၂) စောင်မပါ အမေ့ရွာတောင်မသွားနှင့်
(၆၄၃) စစ်ပွဲတစ်ရာ နွှဲလိုက်ချင်သည်၊ အချဉ်တစ်ပွဲ နွှဲဖို့မလွယ်
(၆၄၄) စိုသောလက် မခြောက်စေနှင့်။
(၆၄၅) စိုင်ကော်လို့ ခြုံပေါ်ရောက်
(၆၄၆) စိတ်ကောင်းရှိဖို့ ပထမ၊ ကုသိုလ်ရဖို့ ဒုတိယ
(၆၄၇) စည်းလုံးခြင်းသည် ခွန်အား
(၆၄၈) စည်သားရေကို ခွေးမျှော်သည်။
(၆၄၉) စစ်မြေရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ။
(၆၅၀) စည်းလုံးညီညာ အောင်ကြောင်းဖြာ။
(၆၅၁) စည်တော်သံကြားလျှင် အောင်တပ်တော်ချီလာသလို
(၆၅၂) စစ်မှာတမူ နှမဝေး မယ်ထက်ဖြူ
(၆၅၃) စိန်နားကပ်ရောင်ကြောင့် ပါးပြောင်။
(၆၅၄) စိန်ကျောက်ရောင်းဝယ်ရာ ဆေးရိုးသည်က ကန့်လန့်
(၆၅၅) စည်းကမ်းသည် လူ၏တန်ဖိုး။
(၆၅၆) စိန်နားကပ်ကြီး ပန်ရမလို
(၆၅၇) စည်ကြီးပမာညီ တီးမှမြည်
(၆၅၈) စိတ်မဆိုးဘူး၊ ကျွဲမြီးတိုတယ်
(၆၅၉) စိတ်ထင်လျှင် တဲကုတ် ရွှေနန်းဖြစ်





(၆၆၀) စိတ်ထားတတ်မှ မြတ်သည်။
(၆၆၁) စိတ်တူသင်ဖြူ၊ စိတ်မတူ ရှောက်ဆူး
(၆၆၂) စိတ်နောက်ကိုယ်ပါ
(၆၆၃) စိတ်ထောင်းတော့ ကိုယ်ကျေ
(၆၆၄) စိပ်ပုတီးနှင့် မုသားပြော၊ ထန်းရည်အိုးနှင့် တရားဟော
(၆၆၅) စိတ်သာရှင်စော ဘုရားဟော
(၆၆၆) စိတ်လိုလျှင် ပျားသကာ၊ စိတ်မလိုလျှင် ခါးတမာ
(၆၆၇) စိတ်လာလျှင် ကိုယ်ကြွ၊ စိတ်လေက ကိုယ်နောက်

## 'ဆ'နှင့် ပတ်သက်သော စကားပုံများ

(၆၆၈) ဆရာကောင်းတပည့် ရလွယ်၏။ တပည့် ကောင်းဆရာရခဲ၏။
(၆၆၉) ဆရာကောင်းတပည့် ပန်းပန် နောက်ဆံ တဝင့်ဝင့်
(၆၇၀) ဆရာကာပြန် အာခေါင်လုံ့ရှု
(၆၇၁) ဆေးကောင်းသန်းခေါင်း
(၆၇၂) ဆရာထက် တပည့် လက်စောင်းထက်
(၆၇၃) ဆရာများ သားသေ
(၆၇၄) ဆူးပေါ်ဖက်ကျ ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျ ဖက်ပေါက်
(၆၇၅) ဆူးကြားသီးတဲ့ ဘူးသီးလို
(၆၇၆) ဆရာ,မပြု နည်းမကျ။ (ငါးပိဖုတ်သော်မှ နည်းမကျ)
(၆၇၇) ဆူးလှည်းကြီးမောင်းလာသလို ဟိုငြိ ဒီငြိ မဖြစ်စေနှင့်။
(၆၇၈) ဆရာမနိုင် နှစ်ဆောင်ပြိုင်
(၆၇၉) ဆရာကြိုက်လေ မျက်ဖြူဆိုက်လေ
(၆၈၀) ဆူးကြဲနိမ့်မြင့် အဆင့်ဆင့်
(၆၈၁) ဆေးစက်ကျရာ အရုပ်ထင်
(၆၈၂) ဆေးမှူးထုံးပေါက် နှစ်မှုရောက်
(၆၈၃) ဆေးသမားမျိုး ပျိုး၍မပေါက်
(၆၈၄) ဆေးလည်းအစာ အစာလည်းဆေး
(၆၈၅) ဆေးများပြီးအနာကုစားရခက်သလို
(၆၈၆) ဆေးစာဖတ်ရာ နားထောင်ပါ ရောဂါပျောက်နိုးနိုး
(၆၈၇) ဆယ့်နှစ်မှုပုလို့ ရေကြည်တော်တုမ်း၊ ဆယ့်သုံးမှုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



(၆၈၈) ဆံထုံးလည်းထုံးရ၊ ဆီလည်းစိုက်ရ။
(၆၈၉) ဆံတစ်ပင်တင်း ချစ်ခြင်းမယား
(၆၉၀) ဆားနှင့်ဆပ်ပြာ၊ ခတ်ပြာနှင့်ရွှေ
(၆၉၁) ဆားနှင့်ခွားလဲစားသလို
(၆၉၂) ဆားမှာလျော့၍ ဆန်မှာတိုးသည်
(၆၉၃) ဆောက်ဖြစ်မှ ကျောင်းဒကာ။(တည်ဖြစ်မှ ဘုရားဒကာ)
(၆၉၄) ဆောက်နှင့်ထွင်းရာ ပုဆိန်မဝင်သာ။
(၆၉၅) ဆင်ကန်းတောတိုး
(၆၉၆) ဆင်ကျီစားရာ ဆိတ်မခံနိုင်ပါ
(၆၉၇) ဆင်ကိုသတ်၍ အရပ်ကိုဝေသည်။
(၆၉၈) ဆင်ပါးစပ် နှမ်းပက်သလို
(၆၉၉) ဆင်ပေါ်ကလူ ခွေးဟောင်
(၇၀၀) ဆင်ပြ ဆန်တောင်း။ (မျောက်ပြ ဆန်တောင်း)
(၇၀၁) ဆင်ပြောင်ကြီး အမြီးကျမှတစ်
(၇၀၂) ဆင်စွယ်မှန်ညှားပိုးမစား
(၇၀၃) ဆင်စီး၍ မြင်းရုံတာ မြင်ချင်ပါ၏။ (ဆင်နင်း၍ မြင်းကန်တာ မမြင်ချင်)
(၇၀၄) ဆင်ခေါင်းကို ခွေးမချီနိုင်
(၇၀၅) ဆင်ကြမ်းက ကျုံး။ လူကြမ်းက ထိပ်တုံး။ (လူကြမ်းကရုံး)
(၇၀၆) ဆင်ကြကြသည်။
(၇၀၇) ဆင်ဖြူတော် ပြုတ်စားဆို အိုးရှိမှ
(၇၀၈) ဆင်ဖြူတော်မျက်နှာ ဆင်မည်းမကြည့် ငုံ့။
(၇၀၉) ဆင်ဖြူတော်မှန်လျှင် ချွန်းမလို။ (ထူးမလို)
(၇၁၀) ဆင်မှာ ဆင်စာ၊ ဆိတ်မှာ ဆိတ်စာ
(၇၁၁) ဆင်မယဉ်သာ သွိုးသလို
(၇၁၂) ဆင်မှာတော့ ကျင်ငယ်၊ ယင်မှာတော့ ပင်လယ်
(၇၁၃) ဆင်မကြောက် ဖိနပ်ဖြစ်မည်။
(၇၁၄) ဆင်ဖွေ မြင်းဖွေထက် နွားဖွေက သာ၍ဆိုး။
(၇၁၅) ဆင်ဖိုးထက် ချွန်းဖိုးကြီး။
(၇၁၆) ဆင်နားရွက် ဝက်တပ်
(၇၁၇) ဆင်အသက်ကြီး သူ့နှာမောင်းသူနင်းသလို
(၇၁၈) ဆင်အိပ်ရာ ဆိတ်နိုး





(၇၁၉) ဆင်အမြီး ခွေးမျှော်
(၇၂၀) ဆင်ဟုတ်ကြောင်း နှာမောင်းသက်သေ
(၇၂၁) ဆင်သွားလျှင် လမ်းဖြစ်သည်။
(၇၂၂) ဆင်သေကို ဆိတ်ရေနှင့်ဖုံး
(၇၂၃) ဆင်ငွေ့ရန်ရှောင်။ (စကားကြီးပြောနည်း)
(၇၂၄) ဆင့်ဝန်ကတော် အကြောင့်ကြမဟုတ်
(၇၂၅) ဆင့်ဥစ္စာခွေးမျှော်
(၇၂၆) ဆင့်အတောင်နှင့်ဆင်၊ ကြွက်အတောင်နှင့်ကြွက်။
(၇၂၇) ဆင်းရဲသားစကားမတည်
(၇၂၈) ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်
(၇၂၉) ဆင်းရဲလေလေ သံဝေဂရ
(၇၃၀) ဆည်ဝမှာ ဖျင်းစောင့်သလို
(၇၃၁) ဆန်ခိုးမစီ၊ ဖွဲခိုးမိ
(၇၃၂) ဆန်စင်ရာ ကျည်ပွေ့လိုက်ရမလို။ (ကျည်ပွေ့မလိုက်နိုင်)
(၇၃၃) ဆန်ဆေးရင်း သေးပေါက်
(၇၃၄) ဆန်ကုန်မြေလေး
(၇၃၅) ဆန်ကောလောက်မှ ခောက်မနက်။ (အကြပ်ကက်၏)
(၇၃၆) ဆန်ကောမမည် ဆန်ခါမမည်
(၇၃၇) ဆန်အိုးထဲ ကြွက်ကျသလို
(၇၃၈) ဆန်ရင်း နာနာဖွပ်
(၇၃၉) ဆန်မရှိ အစားကြီး
(၇၄၀) ဆန်ဖြူဆန်ကောင်းထောင်းမှသိ၊ လူဆိုးလူကောင်းပေါင်းမှသိ
(၇၄၁) ဆိုရေးရှိက ဆိုအပ်စွ၏ ဆိုတာလို
(၇၄၂) ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူ
(၇၄၃) ဆပ်ပြာသည် လင်ပျောက်သလို။ (ပျာယီးပျာယာနှင့်)
(၇၄၄) ဆွမ်းဆန်ထဲ ကြွက်ချေးရော
(၇၄၅) ဆွမ်းခံရင်း ငှက်သင့်။ (စာသင်သွားရင်း ကျောင်းထိုင်ဘုန်းကြီးဖြစ်)
(၇၄၆) ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ
(၇၄၇) ဆောက်ဖြစ်မှ ကျောင်းဒကာ၊ တည်ဖြစ်မှ ကျောင်းအမ
(၇၄၈) ဆောင်းအခါ စောင်မပါလျှင် အမေ့ရွာတောင်မသွားနှင့်
(၇၄၉) ဆိုတုန်းသာ ကြောက်၊ ဝေါက်တုန်းသာ လန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၇၅၀) ဆိုလေ သဲလေ၊ မန်းလေ ပြလေ
(၇၅၁) ဆိုရေးရှိက ဆိုအပ်စွတည့်
(၇၅၂) ဆိုးတူ ကောင်းဘက်
(၇၅၃) ဆိတ်ချေးတုံးတစ်ရာ ဆင်ချေးတစ်လုံး
(၇၅၄) ဆုတ်သမျှခြေလှမ်းသည် တက်ဖို့ခြေလှမ်းကို အားရှိစေသည်။
(၇၅၅) ဆုတ်လည်းရှူး၊ စားလည်းရှူးတဲ့ ပဒိုင်းသီးလို။ (ပဒိုင်းသီးပမာ)
(၇၅၆) ဆုတ်ကပ်မှာ ဥစ္စာ၊ တက်ကပ်မှာ ပညာ၊ ဆုတ်ကပ် တက်ကပ်ကပ်တိုင်းမှာ မေတ္တာ
(၇၅၇) ဆုပ်သော် မစားလောက်၊ ကျဲသော် ပိုလျှံမောက်။

## 'ဇ' နှင့် ပတ်သက်သော စကားပုံများ

(၇၅၈) ဇရပ်ပေါ်က လူနာတက်၍ ထောင်းသလို
(၇၅၉) ဇာတိပုည ဂုဏ်မာန
(၇၆၀) ဇိကုပ် နတ်ပြည်တင်
(၇၆၁) ဇီးကွက်လောက်တော့ ငှက်တိုင်းလှသည်။
(၇၆၂) ဇွဲရှိမှ အောင်နိုင်သည်။
(၇၆၃) ဇွဲလုံ့လကြောင့် ဇေကမင်းသား အသက်မသေ
(၇၆၄) ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်။
(၇၆၅) ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်။
(၇၆၆) ဇာတ်ပျက်ပုဏ္ဏား အစားလွန်ကာ စားပိုးနင့်သေရှာ
(၇၆၇) ဇာတ်ပျက်လျှင် ကကွက်အသစ်မပါဝင်ချင်နဲ့။
(၇၆၈) ဇမ္ဗူ့သပြေအသီးကြွေ မိုးမြေသိမ့်သိမ့်တုန်။ (ဗြောစည်သံ)
(၇၆၉) ဇမ္ဗူကျော် အလှူတော် လူမော်အံ့ဖွယ်ဒါန
(၇၇၀) ဇမ္ဗူမှာ ထူးနိုင်ရိုးလား။
(၇၇၁) ဇမ္ဗူဒိပါ လင်္ကာတော်ကျွန်း ဩဘာနိမိတ်ထွန်း။
(၇၇၂) ဇမ္ဗူဒိပ် နိမိတ်ထွန်း။ (ဇမ္ဗူဒိပနိမိတ္တ)
(၇၇၃) ဇယ်စက်သလို အလုပ်လုပ်နိုင်ရာသည်။
(၇၇၄) ဇယ်ကြီး၍ ဒိုးငယ်၊ ဒိုးကြီး၍ ဇယ်ငယ်။





## 'ဈ' နှင့် ပတ်သက်သော စကားပုံများ

(၇၇၅) ဈေးကိုလူက မရောင်း၊ လူကို ဈေးကရောင်း။
(၇၇၆) ဈေးပွဲစားပါးစပ် အမျှင်မပြတ်
(၇၇၇) ဈေးသုံးလည်းမလွယ်နှင့်၊ ရှေးထုံးလည်း မပယ်နှင့်။
(၇၇၈) ဈေးမှာအငှား၊ ဇရပ်မှာအစား
(၇၇၉) ဈေးမတတ်ရွာနှန်း၊ ဆံထုံးမတတ် ရွာလေ့
(၇၈၀) ဈေးဖိုးတစ်ရာ ဝမ်းစာအစိတ်။
(၇၈၁) ဈေးစပါးလို အဖျင်းများလိုက်တာ

## 'ည' နှင့် ပတ်သက်သော စကားပုံများ

(၇၈၂) ညကစကား မိုးလင်းတော့ပျောက်
(၇၈၃) ညပြောအောက်ကြည့် ၊ နေ့ပြောနောက်ကြည့်
(၇၈၄) ညီညာမှ ပြည်သာမည်။
(၇၈၅) ညှော်သာညှော်တယ် ငါးကြော်မစားရ
(၇၈၆) ညောင်ဦးမှကမ်းပါးပြို၊ စမ္မာနဂိုက နွားမပေါင်ကျိုး။
(၇၈၇) ညောင်သီးလည်း စားပါ၊ ဒူးလေးသံလည်း နားထောင်ပါ။
(၇၈၈) ညောင်မြစ်တူးလျှင် ပုတ်သင်ဥပေါ်လိမ့်မည်။
(၇၈၉) ညောင်ပင်ကြီးလောက်လှူ၊ ညောင်ပင်စေ့လောက်ရ
(၇၉၀) ညောင်စေ့လောက်လှူ၊ ညောင်ပင်ကြီးလောက်ရ
(၇၉၁) ဉာဏ်ကိုပြိုင်လို့ရသည်၊ ကံကိုတော့ ပြိုင်လို့မရ

## 'တ' နှင့် ပတ်သက်သော စကားပုံများ

(၇၉၂) တကယ်လုပ် အဟုတ်ဖြစ်
(၇၉၃) တပေါင်းတန်ခူး လေရူးကဆော်
(၇၉၄) တပည့် လိမ္မာ ဆရာအာပတ်လွတ်
(၇၉၅) တပည့် ရှာ ဆရာနှင့်တွေ့
(၇၉၆) တပည့် မကောင်း ဆရာ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



(၇၉၇) တပည့် မရှား တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါဘိ
(၇၉၈) တရားလက်လွတ် ငှက်တောင်ကျွတ်
(၇၉၉) တရား တရား ဟောဖန်များ၊ တရားထဲက ပါဋိရ။ စကားစကားပြောဖန်များ၊ စကားထဲက ဓာတ်ပြ။
(၈၀၀) တရားနောက်စကားပါ။ (စကားနောက်တရားပါ)
(၈၀၁) တောင်ရာခုတ်မှား တစ်နှစ် မယားယူမှားတစ်သက်
(၈၀၂) တရားနတ်စောင့်
(၈၀၃) တရုတ်ပြည် အပ်ရောင်းသွား
(၈၀၄) တရုတ်လိုစား၊ ကုလားလိုစု၊ ဗမာလိုမဖြုန်းနှင့်
(၈၀၅) တမာခါးခါး သကာပျားနှင့် တခြားစီ။
(၈၀၆) တမာတစ်ခက် သွားတစ်သက်
(၈၀၇) တမာလည်းနု ကျေးလည်းဥ
(၈၀၈) တလွဲဆံပင်ကောင်းနေကြသည်။
(၈၀၉) တာတေလံက မျက်ခမ်းစပ်ကိုကဲ့ရဲ့
(၈၁၀) တောဖောမပိုင် ဆေးမကိုင်နှင့်
(၈၁၁) တောခွေး ကျားမကြောက်
(၈၁၂) တောစကားတောပျောက်၊ အိမ်စကား အိမ်ပျောက်
(၈၁၃) တောသားလည်းဆိုသေးရဲ့ ဗိုက်မှာလဲ ရွှံ့တွေနဲ့။
(၈၁၄) တောသားရဲ့ ဆွဲထုတ်
(၈၁၅) တောမီးလောင် တောကြောင်လက်ခမောင်းခတ်
(၈၁၆) တောဆင်ရိုင်းကို ကျုံးသွင်းဖမ်းသလို
(၈၁၇) တောဆင်အဝေးကို ခမည်းပေးသလို
(၈၁၈) တော်သလင်းမိုး ကုန်သင်းကျိုး
(၈၁၉) တံခွန်နှင့်ဘုရား၊ ရထားနှင့်အလံ
(၈၂၀) တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး
(၈၂၁) တက်ကောင်းမှ လှေပြေး
(၈၂၂) တောက်မည့် မီးခဲ အရှိန်နှင့်ရဲရဲ
(၈၂၃) တိုက်ဖန်များတော့ ခလုတ်ပင်နဲ့သေး
(၈၂၄) တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်
(၈၂၅) တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်
(၈၂၆) တောင်ကလာမှ မိုး၊ ဒေါင်ဒေါင်မည်မှ အိုး။





(၈၂၇) တောင်စဉ်ရေမရ
(၈၂၈) တောင်ယာရှင်ကို မျောက်ကနှင်
(၈၂၉) တောင်ဝှေးလဲတော့ ဖိုးသူတော်ထူနိုင်၊ ဖိုးသူတော်လဲတော့ တောင်ဝှေးမထူနိုင်
(၈၃၀) တောင်မင်းမြောက်မင်းမကယ်နိုင်
(၈၃၁) တောင်ထိပ်ကြာပေါက် အနောက်ကနေထွက် ပြုအက်မြင့်မိုရ်။
(၈၃၂) တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်၊ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိ။
(၈၃၃) တောင်းမှာအကွပ်၊ လူမှာအဝတ်
(၈၃၄) တစ်ခါနိုး ဆယ်ခါမိ
(၈၃၅) တစ်ခါဆက်ဆံ ဆယ်ခါလံ
(၈၃၆) တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း။ (တစ်ကျမ်းတစ်ဂါထာ)
(၈၃၇) တစ်ကောင်ကြွက်တစ်မျက်နှာ
(၈၃၈) တစ်တီတစ်တီနှင့် ငါးပိကျိုးချို
(၈၃၉) တစ်ဆုပ်ပေးဖူး သူ့ကျေးဇူး။ (တစ်လုတ်စားဖူး. . . . )
(၈၄၀) တစ်ဆိတ်ကို တစ်အိတ်လုပ်
(၈၄၁) တစ်ချိုကွယ် တစ်မယ်မေ့၊ တွေ့သေအောင်လွမ်း
(၈၄၂) တစ်ချက်ခုတ် နှစ်ချက်ပြတ်
(၈၄၃) တစ်ခါသေဖူး ပျဉ်ဖိုးနားလည်
(၈၄၄) တစ်ခါလာလည်း မဲပြာပုဆိုး
(၈၄၅) တစ်မိပေါက် တစ်ဖောက်ထွန်း
(၈၄၆) တစ်ပြားနှစ်ပြားမှတ်လို့ခွာ
(၈၄၇) တစ်ပင်လဲမှ တစ်ပင်ထူ
(၈၄၈) တစ်ပဲတန်ကြောင့် တစ်လုည်းတန်ပျက်
(၈၄၉) တစ်ပူပေါ် နှစ်ပူဆင့်
(၈၅၀) တစ်နွယ်ငင် တစ်စင်ပါ
(၈၅၁) တစ်နေ့လုံး ကတော်ပေမယ့် ဥတော့တစ်လုံး
(၈၅၂) တစ်နေ့ရွှေ တစ်နေ့ငွေ
(၈၅၃) တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ။ (ဘယ်ပြေးမလဲ)
(၈၅၄) တစ်ထွာပြ တစ်လံမြင်
(၈၅၅) တစ်တော တစ်ကြက်မတွန်
(၈၅၆) တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်။
(၈၅၇) တစ်ရွာတစ်ကျီဆောက်



www.burmeseclassic.com

www.burmeseclassic.com



(၈၅၈) တစ်ရေးနိုးသော် အကြံပေါ်၊ ပေါ်သည့် အကြံ တစ်သိန်းတန်
(၈၅၉) တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏။
(၈၆၀) တစ်ယောက်သွားလူသေ၊ နှစ်ယောက်သွားလူရှင်
(၈၆၁) တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေညက်ညက်ကြေ။
(၈၆၂) တစ်ယောက်ကစ တစ်ရာ
(၈၆၃) တစ်မိုးလုံး ဖျော်ဆိပ်ချည်း
(၈၆၄) တစ်ရွာမပြောင်း သူကောင်းမဖြစ်
(၈၆၅) တစ်သက်လုံးမွေးခဲ့တဲ့ကြက် တစ်မနက်နှင့်ရိုက်သက်စား
(၈၆၆) တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်
(၈၆၇) တစ်သက်လုံး စားခဲ့သမျှ သံပုရာတစ်[illegible]င့်ချေ
(၈၆၈) တစ်သက်တစ်ခါ သေကြရစမြဲ
(၈၆၉) တစ်သားမွေးတစ်သွေးလှ
(၈၇၀) တစ်လွန်းပေါ် နှစ်လွန်းတင်
(၈၇၁) တစ်လှေတည်းစီး တစ်ခရီးတည်းသွား။ (ဗမာ)
(၈၇၂) တစ်လုပ်စားဖူး သူ့ကျေးဖူး
(၈၇၃) တစ်ရွာ တစ်ပုဒ်ဆန်း
(၈၇၄) တစ်ဦးမေတ္တာ တစ်ဦးမှာ
(၈၇၅) တည်မိတဲ့ဘုရား လင်းတပင်နားစေတော့
(၈၇၆) တတ်လို့မလုပ် ငတ်လို့လုပ်သည်။
(၈၇၇) တတ်သည့် ပညာ မနေသာ
(၈၇၈) တိတ်တိတ်နေ ထောင်တန်
(၈၇၉) တိတ်တိတ်နေ ဝန်ခံဆိုတာလို
(၈၈၀) တုတ်ထိုးအိုးပေါက်
(၈၈၁) တန်ဆေးလွန်ဘေး
(၈၈၂) တန်ဖိုးထက် လက်ခကြီး
(၈၈၃) တပ်ပျက်ဗိုလ်လုပ်။ ( . . . . . ဗိုလ်ခန့်)
(၈၈၄) တိမ်မယောင်နှင့်နက်၊ လွှဖြီမယောင်နှင့်ခက်။
(၈၈၅) တွေ့ဖန်များတော့ယဉ်၊ ယဉ်ဖန်များတော့လှ။ (ယဉ်လှ)
(၈၈၆) တုံးဆိုတိုက် ကျားဆိုတိုက်။ (တုံးဆိုပါကိုက်ပြီး၊ ကျားဆိုကိုက်ပြီး)
(၈၈၇) တွင်းတူးပြီးမိုက်တဲ့လူစားမျိုး





## 'ထ'နှင့် ပတ်သက်သော စကားပုံများ

(၈၈၈) ထမင်းရည်ပူလာ လျှာလွှဲ
(၈၈၉) ထမင်းနည်း နှစ်ဖွန်းကူစား
(၈၉၀) ထမင်းတစ်လုတ် တုတ်တစ်ချက်
(၈၉၁) ထမင်းစားကျွန်ခံ
(၈၉၂) ထမင်းကိုအကုန်စား၊ စကားကိုအကုန်မပြောနှင့်
(၈၉၃) ထမင်းကြမ်းကို ယပ်ခပ်၍စား
(၈၉၄) ထမင်းကြမ်းခဲအအေးက အငွေ့ထွက်ချင်
(၈၉၅) ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်
(၈၉၆) ထိဆိုမထိ၊ မထိနဲ့ဆို ထသလို။ (နှုတ်ခမ်း)
(၈၉၇) ထီးတင်ပွဲလည်းမမီ၊ ဘိုးတော်ပျံလည်းမမီ။
(၈၉၈) ထုလေမာလေ ငါးဖယ်တေ
(၈၉၉) ထုဥသျှစ်လည်းကွဲ၊ ခံဥသျှစ်လည်းကွဲ အပြစ်အတူတူပဲ
(၉၀၀) ထားရာနေ စေရာသွား
(၉၀၁) ထိုးမည့် ဆင် နောက်တစ်လှမ်းဆုတ်
(၉၀၂) ထင်တိုင်းလည်းမဆိုနှင့်၊ ဝင်တိုင်းလည်းမမျိုနှင့်
(၉၀၃) ထင်ပေါ်လျှင် စင်တော်ကကောက်
(၉၀၄) ထင်ပေါ်လျှင် ဘုရင်ကတော်ဖြစ်နိုင်သည်။ (စင်တော်က ကောက်နိုင်သည်)
(၉၀၅) ထင်သာထင် မဝင်ဘူးကျောင်းအမ
(၉၀၆) ထောင်မလဲ သဲကော်
(၉၀၇) ထောင်မြင်ရာစွန့်
(၉၀၈) ထောင်တန်တဲ့စကား ရယ်ပေါ့
(၉၀၉) ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ။
(၉၁၀) ထန်းရည်မူး၊ ကျွဲခိုးပေါ်
(၉၁၁) ထန်းသီးကြွေခိုက် ကျီးနင်းခိုက်
(၉၁၂) ထမ်းပိုးထက် လက်ခကြီး (တန်ဖိုးထက် . . . )
(၉၁၃) ထိပ်ကို သံမှိုနှင့်နှက်သကဲ့သို့
(၉၁၄) ထိပ်ကိုချမှ ဓားပြမှန်းသိ
(၉၁၅) ထွန်ရေးလည်းညက်စေ၊ ကြက်လည်းပန်းစေ
(၉၁၆) ထုံးကန်ထဲပစ်ချခံထားရတဲ့ မီးသွေးလို

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၉၁၇) ထုံးမပါသောကွမ်း၊ ဆားမပါသောဟင်း အရသာမရှိ
(၉၁၈) ထုံးလိုချေ ရေလိုနှောက်
(၉၁၉) တွေးပြီးသားတံတွေး ပြန်မျိုရိုးမရှိ။
(၉၂၀) ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ။

## 'ဒ'နှင့် ပတ်သက်သော စကားပုံများ

(၉၂၁) ဒါနနှင့် သီလမပါ သေခါမှသိ၊ ဖိနပ်နှင့် ရေဘူးမပါ နွေခါမှသိ။
(၉၂၂) ဒီပုတ်ထဲက ဒီပဲပါပဲ။
(၉၂၃) ဒီယုန်မြင်လို့ ဒီချုံထွင်တာပေါ့
(၉၂၄) ဒီကွေ့ဒီတက်နှင့်လှော် ဟိုကွေ့ဟို ်နှင့်လှော်
(၉၂၅) ဒူးရင်းသီးနှင့် ငါးပိရည်စွဲလျှင် အညာမပြန်နိုင်
(၉၂၆) ဒေါသကြီးသူ စကားတို၊ လောဘကြီးသူ စကားပို
(၉၂၇) ဒေါင်ဒေါင်မြည်မှ အိုး၊ တောင်ကလာမှ မိုး၊ သုံးလွန်းတင်မှ ကြိုး
(၉၂၈) ဒေါင်းဆိုအက၊ စောင်းဆိုညှ
(၉၂၉) ဒေါင်းတောက်သလိုရှာ
(၉၃၀) ဒုက္ခကိုအရင်းတည်မှ သုခကိုရပါမည်။ (အလျှင်တည်မှ)

## 'ဓ' နှင့် ပတ်သက်သော စကားပုံများ

(၉၃၁) ဓားရိုး သူခိုးကာမ်းသလို
(၉၃၂) ဓားမလည်းဆုံး ဖွတ်လည်းရှုံး
(၉၃၃) ဓားနှောင့်မလွတ် ဓားသွားမလွတ်
(၉၃၄) ဓားခုတ်ရာ လက်ဖို့ရှိ
(၉၃၅) ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်
(၉၃၆) ဓာတ်သိ နမ်းပတ်ချည်
(၉၃၇) ဓမ္မသတ်ကို ရာဇဝင်ဖျက်၊ ရာဇဝတ်ကို ကတိဖျက်။

## 'န'နှင့် ပတ်သက်သော စကားပုံများ

(၉၃၈) နကန်းတစ်လုံးမျှမသိလူက ဆရာကြီးလုပ်





(၉၃၉) နဖူးစာရွာလည် ထူးခြားပါတယ်
(၉၄၀) နငယ်အမြီးတပ်သလို။ (အနည်းငယ် ဖြည့် ဖွက်ပြင်ဆင်ရုံပါ)
(၉၄၁) နဂိုရှိမှ နဂိုင်းထွက်
(၉၄၂) နဂါးမှန်းသိအောင် အမောက်ထောင်ပြ
(၉၄၃) နဂါးတို့မျက်စောင်း အကြောင်းမရွေး။ (အကြောင်းသုံးပါး)
(၉၄၄) နကျယ်ကောင်အိမ်ဆောက်၊ ပေါက်တူးမပါ ဓားမပါ။
(၉၄၅) နားဝေတိမ်တောင်။ (နားအကြားအမြင်မရှင်း)
(၉၄၆) နားတောင်းရှောင်ကြောင့် ပါးပြောင်။ (စိန်နားကပ်ရောင်ကြောင့် ပါးပြောင်)
(၉၄၇) နားမထွင်းသည့် ဘူး ရေမနစ်
(၉၄၈) နာနတ်ပင်က ဆပ်သွားဖူးမထွက်
(၉၄၉) နာမည်တစ်လုံးကောင်းလျှင် စားလို့မကုန်
(၉၅၀) နိမ့်မှသော်င် နောင်မှသိ
(၉၅၁) နီးတကျက်ကျက် ဝေးတသက်သက်
(၉၅၂) နီးလျက်နှင့်ဝေး။ (ကိုယ်နေနီးပြီး စိတ်နေဝေး) (ကိုယ်နေဝေးလျက် စိတ်နေနီး)
(၉၅၃) နှုရာဝဲစွဲ လဲရာမှာ သူခိုးထောင်း
(၉၅၄) နေနှင့်လ ရွှေနှင့်မြ
(၉၅၅) နေပူတုန်း စပါးလှန်း။ (အခွင့်သာတုန်း အလုပ်လုပ်ပါ)
(၉၅၆) နေမြင့်လေ အရှူးရင့်လေ
(၉၅၇) နေ့အရှက်ကြောင့် ကြာပွင့်
(၉၅၈) နေသေးသပ ချုံထဲက၊ ချိသွေးသပတမြမြ
(၉၅၉) နေဝင်မီးလက် စီးပွားတက်
(၉၆၀) နေသာသပ လေညာက
(၉၆၁) နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်
(၉၆၂) နေ့မြင်ညပျောက်။ (အနီစွမမြဲ)
(၉၆၃) နည်းနည်းများများ သာတူညီမျှ ဝေပုံချ
(၉၆၄) နည်းရောင်းများရောင်းတောင်းပြည့်
(၉၆၅) နောက်ကျလျှင် နွားချေးနှင့်သလဲ
(၉၆၆) နောက်ဆုံးပိတ် အိတ်နဲ့လွယ်
(၉၆၇) နောက်လာတဲ့ကိုပုလဲ ဒိုင်းဝန်ထက်ကဲ
(၉၆၈) နောက်မှမွေးသူက မိဦးမှည့် ချင်။



www.burmeseclassic.com

www.burmeseclassic.com



(၉၆၉) နောက်မှကင် အလျင်ကျက်ချင်။
(၉၇၀) နင်မဟုတ် နင့်အဖေ
(၉၇၁) နတ်ကရာ ကျီးမော။ (ကြည့် သူမော)
(၉၇၂) နတ်သုဒ္ဓါထဲ မစင်တစ်ပဲသားကျ
(၉၇၃) နတ်အိုးကွဲလိုပဲလည်းမလျော်လောက်၊ ချေးလည်းမကော်လောက်
(၉၇၄) နတ်လိုမှငြိုဟ်မ။ (လူလိုမှ ဟန်ကျ)
(၉၇၅) နတ်ရေးတဲ့ဖူးစာ။ (လူပြင်ရာ မခံ)
(၉၇၆) နတ်ရှူးဘုံမြှောက် ခြေမထောက်မိဆိုသလို
(၉၇၇) နတ်နှင့်နဂါး မလှည့် စားနှင့်
(၉၇၈) နတ်တော်ရောက်ပြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်
(၉၇၉) နတ်တို့ဖန် ရေကန်အသင့်ကြာအသင့်
(၉၈၀) နတ်ကိုလည်း မကိုးနှင့် အုန်းကိုလည်း မယိုးနှင့်။
(၉၈၁) နွားနက်ဖင်ကို နွားနီလျက်၏။ (စကားထာ)
(၉၈၂) နွားထီးငါးကျပ်၊ နွားမငါးကျပ်။
(၉၈၃) နွားငတ်ရေကျ။ (အတင်းအဓမ္မ)
(၉၈၄) နွားချေးပုံ ကြာပေါက်။
(၉၈၅) နွားကြော့ဆိုလေ ချုံတိုးလေ
(၉၈၆) နွားကွဲလျှင် ဒမဲသားဖြစ်မည်။ (ရှမ်း)
(၉၈၇) နွားနောက်ကွဲ ကျားပါးစပ်ရောက်။ (ချင်း)
(၉၈၈) နွားကွဲကျားကိုက်။ (ဗမာ/မွန်)
(၉၈၉) နွားရှင်ထက် သူခိုးကနှမြော
(၉၉၀) နွားသိုးကြိုးပြတ်
(၉၉၁) နွားသိုးနှင့်မိုး အစိုးမရ
(၉၉၂) နွားပိန်အသားတိုးကြည့်
(၉၉၃) နွားမူးဆူးတိုး။ (နွားမူး ရှုံးတိုး)
(၉၉၄) နွားပျိုသန်လှ နွားအိုပေါန့်ကျိုးသလောက်သာရှိ
(၉၉၅) နွားပိန်ထူ လူဌေး။
(၉၉၆) နွားသိုးကြိုးလျော့ လျော့မှန်းမသိ
(၉၉၇) နွားပေါ့် အခွံထုတ်
(၉၉၈) နွားမတာမ်း သားမခင်သလို
(၉၉၉) နွားပြာကြီး အောက်သွားမရှိတော့





(၁၀၀၀) နဲ့မှာအသံ ပတ်မှာဟန်
(၁၀၀၁) နွားအိုခြံသိ။
(၁၀၀၂) နှလုံးကောင်း ဝမ်းကြီး
(၁၀၀၃) နှမလင်နေ မောင်ဖင်ကျိန်း
(၁၀၀၄) နှဲ့ခွဲလျှင် တယော
(၁၀၀၅) နွားရှေ့ထွန်ကျူး
(၁၀၀၆) နွားအိုကြီးမြက်နုကြိုက်
(၁၀၀၇) နွယ်မြက်သစ်ပင် ဆေးဘက်ဝင်
(၁၀၀၈) နွေထနောင်း၊ ဆောင်းမန်ကျည်း
(၁၀၀၉) နှုတ်ချိုလျှင် သျှိုတစ်ပါး
(၁၀၁၀) နှုတ်ခမ်းမွေးထားမှ ယောကျ်ားပီသ
(၁၀၁၁) နှုတ်ကောင်းလျှင် ပြည်စိုး
(၁၀၁၂) နှစ်သက်ရာ ပီတိ၊ စိတ်မချိရာ ဒေါသ
(၁၀၁၃) နှစ်ယောက်တည်း အလယ်မှာအိပ်ချင်
(၁၀၁၄) နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြိုင်
(၁၀၁၅) နဲ့ချောတော့ တယော၊ ပတ်ကောင်းလျှင်ဖော်င်း
(၁၀၁၆) နှိုင်းနှိုင်းချိန်ချိန် သုခမိန်
(၁၀၁၇) နိုင်သော် ကောက်ထုံး၊ ရှုံးသော် လက်ဆောင်
(၁၀၁၈) နှုတ်တစ်ရာ စာတစ်လုံး
(၁၀၁၉) နံ့စုတ်ငှက်ယယ်ကို အမြှောက်နှင့်ချိန်
(၁၀၂၀) နမ်းထွက်နှင့် မှန်းချက်မကိုက်

## 'ပ' နှင့် ပတ်သက်သော စကားပုံများ

(၁၀၂၁) ပဲခူးဆား နေရာစုံပါသည်။
(၁၀၂၂) ပညာလိုသော် မပျင်းနှင့်။ ဥစ္စာလိုသော် မငြင်းနှင့်
(၁၀၂၃) ပညာလို အိုသည်မရှိ။
(၁၀၂၄) ပညာဟူသည် ဘဝရှေ့ဆောင် အလင်းရောင်
(၁၀၂၅) ပြဒါးတစ်လမ်း သံတစ်လမ်း ဆိုတာလို
(၁၀၂၆) ပညာရဲရင့် ပွဲလယ်တင့်
(၁၀၂၇) ပညာသင်ခါ မရှက်ရာ



www.burmeseclassic.com

www.burmeseclassic.com



(၁၀၂၈) ပညာရှိအမျက် အပြင်မထွက်
(၁၀၂၉) ပညာရှာပမာသူဖုန်းစား
(၁၀၃၀) ပညာမြင့်မှ လူမျိုးတင့်မည်
(၁၀၃၁) ပညာရှိ သတိဖြစ်ခဲ
(၁၀၃၂) ပြဒါးသေ တစ်ဆွေ၀၊ သံသေ တစ်ပြည်၀
(၁၀၃၃) ပပဝတီမင်းသမီး ခုနှစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်း
(၁၀၃၄) ပဟိုရ်သံကြားတိုင်း လေးချက်တီး မမှတ်နှင့်
(၁၀၃၅) ပုထိုးတော်ကြီး အမည်ခံရင် ထုထည်မကြီးလို့မဖြစ်
(၁၀၃၆) ပဒိုင်းသီး ဆုပ်လျှင်စူး၊ စားလျှင်လည်းရှူး
(၁၀၃၇) ပီလောပင် ပက်ကျိတက်
(၁၀၃၈) ပါးကိုက်၍ နားကိုက်သည်။
(၁၀၃၉) ပိသာလေးနှင့် နံဘေးပစ်သလို။ (တုတ်ထိုးအိုးပေါက်)
(၁၀၄၀) ပါးစပ်အလို စအိုမလိုက်နိုင်
(၁၀၄၁) ပါးစပ်က ဘုရားဘုရား၊ လက်ကတော့ ကားရား ကားရား။
(၁၀၄၂) ပါးစပ်ဟတာနဲ့ အူမမြင်သည်။
(၁၀၄၃) ပုဆိုးခြုံထဲမှ လက်သီးပြ
(၁၀၄၄) ပုစွန်ခြေကျိုး သမင်ကြို့ထိုး
(၁၀၄၅) ပဝါပါး ကြက်သားထုပ်က စွန်းတတ်သည်။ တစ်ရှူသား ရည်စားလုပ်က လွမ်းတတ်သည်။
(၁၀၄၆) ပုထိုးကောင်းလျက် ညောင်ပင်ဖျက်
(၁၀၄၇) ပုစွန်ဆိတ် ငယ်သော်လည်း ပင်လယ်ကူးနိုင်သည်။
(၁၀၄၈) ပုမှန့
(၁၀၄၉) ပေဖြစ်ခံ တူဖြစ်နှံ
(၁၀၅၀) ပေတစ်သီး ကျိုးတစ်သား
(၁၀၅၁) ပေလေးပင် ရှင်လေးပါး
(၁၀၅၂) ပေတစ်ပင်ထဲ ဘုန်းကြီးအသုံး
(၁၀၅၃) ပေ့ါ ဝါးဖယောင်း၊ မာသံချောင်း
(၁၀၅၄) ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး
(၁၀၅၅) ပဲခူးဆားခတ်တိုင်းငန်။ (နေရာတကာပါ)
(၁၀၅၆) ပက်ကျိ အရိုးမရှိသလိုပဲ။
(၁၀၅၇) ပိုးဖလံမျိုး မီးကိုတိုး





(၁၀၅၈) ပို့မည့် ပို့ ကူးတို့ရောက်အောင်ပို့
(၁၀၅၉) ပိုးသာကုန် မောင်ပုံ စောင်းမတတ်။
(၁၀၆၀) ပေါက်တဲ့နဖူး မထူး
(၁၀၆၁) ပိုးစုန်းကြူးက လမင်းကိုပြိုင်
(၁၀၆၂) ပက်ကျိသွားရာ လမ်းမထင်သလို
(၁၀၆၃) ပိုနေမြဲ ကျားနေမြဲ
(၁၀၆၄) ပင်မ,လဲ အဖျားအကိုင်း ထင်းဖြစ်
(၁၀၆၅) ပေါက်လွှတ်ပဲစား လူ့ငနွား
(၁၀၆၆) ပေါင်ကိုလို ကိုယ်ကိုလှုပ်
(၁၀၆၇) ပုဂ္ဂိုလ်ခင်မှ တရားမင်သည်။
(၁၀၆၈) ပါဠိတစ်ချက် အနက်ဆယ်တွေ
(၁၀၆၉) ပစ်လိုက်ရမှာလည်း အဆီနဲ့ရွှဲရွှဲ၊ စားရမှာလည်း သဲနဲ့ရှပ်ရှပ်
(၁၀၇၀) ပတ်စာခွာ ဖျာသိမ်း
(၁၀၇၁) ပန်းကောင်း၊ အညွှန့်ချိုး
(၁၀၇၂) ပတ္တမြားကစစ်က နွံမှာနစ်သော်လည်း မညစ်နိုင်
(၁၀၇၃) ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်
(၁၀၇၄) ပုဗ္ဗါစရိယ မိနှင့်ဘ
(၁၀၇၅) ပန်းထိမ်မတတ်ခင် ရွှေခိုးသင်
(၁၀၇၆) ပန်းပဲသမား ဓားကောင်းမကိုင်ရ
(၁၀၇၇) ပျော်ရာမနေနှင့် တော်ရာမှာနေ
(၁၀၇၈) ပုဏ္ဏားမြင် ဗေဒင်ကြည်နိုင်း
(၁၀၇၉) ပုပ္ပားတောင် တိမ်စောင်ခြုံ အိမ်လုံပါ့မလား
(၁၀၈၀) ပျော်လွန်းလျှင် နတ်မဲ၊ မော်လွန်းလျှင် ရပ်စဲ
(၁၀၈၁) ပျော်စေပျက်စေ ကလက်စေ။ (မကလက်စေနဲ့)
(၁၀၈၂) ပျော်ပျော်နေ သေခဲ။
(၁၀၈၃) ပုဏ္ဏား ရွှေစလွယ်ရ တပြုံးပြုံး
(၁၀၈၄) ပျိုးခင်းနွားစား၊ ရည်းစားလူလု၊ ဆံစုကြွက်ချီ
(၁၀၈၅) ပျက်လျှင်အစဉ် ပြင်လျှင်ခဏ
(၁၀၈၆) ပျားရည်တစ်စက်နှင့် ဝမ်းချသလို
(၁၀၈၇) ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့
(၁၀၈၈) ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀၈၉) ပျားပန်းခတ်သကဲ့သို့။ (ကျိုင်းကျသကဲ့သို့)
(၁၀၉၀) ပြောတော့လေပြည်ထိုး၊ လုပ်တော့ ပတ်ကြမ်းတိုက်
(၁၀၉၁) ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း
(၁၀၉၂) ပြာသို တပို့တွဲ နှင်းစိုလို့ရွှဲ
(၁၀၉၃) ပြောဖန်များတော့ မယားစကားအောင်ရာသည်။
(၁၀၉၄) ပြာသိုလမိုက် ဂဏန်းတိုက်
(၁၀၉၅) ပျာယီးပျာယာနှင့် ဆပ်ပြာသည်လင်ပျောက်သလို
(၁၀၉၆) ပြည်မသိ ဟာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်
(၁၀၉၇) ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွှမ်းရေးခက်
(၁၀၉၈) ပြည်ပန်းညို့ ချိုချင်ပါလျက် ဆားကဖျက်၊ တို့နှစ်ကိုယ်ကြည်ဖြူပါလျက်
ကြားကဖျက်။
(၁၀၉၉) ပြောမှသိ၊ ထိမှနာ၊ သာမှနေ၊ သေမှခင်
(၁၁၀၀) ပြည်ရွာအရေး ပေါက်နှင့်ကျေး
(၁၁၀၁) ပြောလေသဲလေ၊ မန်းလေပြလေ
(၁၁၀၂) ပြည်တော်ဝင်ခါနီးမှ ကျိုးကန်းချေးယိုသလို
(၁၁၀၃) ပြောမယုံ ကြုံဖူးမှသိ
(၁၁၀၄) ပြောက်ကျားသောနွားနောက်က ပြောက်ကျားသော နွားနောက်ပင်မွေးတတ်
သည်။
(၁၁၀၅) ပြဿဒါး ခရီးထွက် တိုးတက်အောင်ပွဲခံ
(၁၁၀၆) ပိန္နဲသီးပင်ကို ဆွဲထည့် သည်။
(၁၁၀၇) ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့
(၁၁၀၈) ပွဲမဝင်မီပြင်ပကကျင်းပ
(၁၁၀၉) ပိန္နဲသီးနှင့် ပဒိုင်းမှုသီး အကွာကြီးပါ
(၁၁၁၀) ပိန်းကြာဖက်အဖြင် ရေမတင် လျှောကျသကဲ့သို့
(၁၁၁၁) ပွေးပေါင်ကား မိုးတောတိုက
(၁၁၁၂) ပွဲပြီး မီးသေ

## 'ဖ' နှင့် ပတ်သက်သော စကားပုံများ

(၁၁၁၃) ဖွဲပုံပေါ်မှာ စိုက်သောတိုင် မခိုင်မြဲသလို
(၁၁၁၄) ဖားတုလို့ ခရုခုန်





(၁၁၁၅) ဖျာလိပ်ခေါင်းထဲ ခွေးဝင်သလို
(၁၁၁၆) ဖရုံတစ်ညှာ ဘူးတစ်ညှာ တည့် ရိုးမရှိ
(၁၁၁၇) ဖွဲကိုထောင်း၍ ဆန်ကောင်းမရချေ။ (ဆန်ကောင်းမထွက်)
(၁၁၁၈) ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်လျက်ပါ။
(၁၁၁၉) ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ
(၁၁၂၀) ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဆိုတာလို
(၁၁၂၁) ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့မှ မအောက်မေ့
(၁၁၂၂) ဖိုးသူတော် မျက်စိလည်လေ ဆွမ်းဆန်ရလေ
(၁၁၂၃) ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်သည်။
(၁၁၂၄) ဖွတ်မရ ခားမဆုံး
(၁၁၂၅) ဖွတ်သည်ထက်ညစ်
(၁၁၂၆) ဖိုးသူတော်လဲတာ တောင်ဝှေးမထူနိုင်
(၁၁၂၇) ဖောင်စီးရင်း ရေငတ်
(၁၁၂၈) ဖွတ်ဥလိပ်သည်း ကျွဲနို့ခဲ
(၁၁၂၉) ဖြစ်မည့် ခွေး အမွေးတခြား
(၁၁၃၀) ဖိတ်ခြင်းဖိတ် ကိုယ့်အိပ်ထဲဖိတ်
(၁၁၃၁) ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ

## 'ဗ'နှင့် ပတ်သက်သော စကားပုံများ

(၁၁၃၂) ဗေဒင်မေး ဆန်ကုန်သည်
(၁၁၃၃) ဘူးမှတ်သံကြား ကလေးလားမှတ်တယ်။ ပြီးတော့ သေခါနီးကြီး။
(၁၁၃၄) ဗောဓိကုက္ကို ညောင်ထိုထို လူပျိုဘုရား မရှိခြား
(၁၁၃၅) ဗျိုင်းမျိုးမှန်လျှင် ခြေစိမ်းရသည်။ (ဗျိုင်းမျိုးမှန်လျက် ခြေမစိမ်း)
(၁၁၃၆) ဗုံလုံတစ်လှည့် ငါးပုံ့တစ်လှည့်
(၁၁၃၇) ဗိုင်းကောင်းကျောက်ဖိ
(၁၁၃၈) ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်
(၁၁၃၉) ဗုံမဟုတ် ပတ်မဟုတ်
(၁၁၄၀) ဗျိုင်းကို စကားသင် ကြက်တူရွေးလို စကားမတတ်။
(၁၁၄၁) ဗောင်းတော်ညိတ် စိတ်ဘော်သိ



www.burmeseclassic.com

www.burmeseclassic.com



## 'ဘ'နှင့် ပတ်သက်သော စကားပုံများ

(၁၁၄၂) ဘုရားမတင် နတ်မဝင် လူတွင်ဆယ်ပွင့်ပန်း
(၁၁၄၂) ဘီးလူးစည်း လူ့စည်း
(၁၁၄၃) ဘတစ်ပြန် ကျားတစ်ပြန်
(၁၁၄၄) ဘုရားမှတ်လို့ ကိုးကွယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိ
(၁၁၄၅) ဘေးကပြောတာကို မယုံပါနှင့်၊ သွေးကပြောတာကို ယုံပါ
(၁၁၄၆) ဘုရားပြီးလျှင် ငြမ်းဖျက်
(၁၁၄၇) ဘကြီးပွဲလည်းမမီ ထီးတင်ပွဲလည်း မတွေ့ရ
(၁၁၄၈) ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း
(၁၁၄၉) ဘူးလေးရာ ဖရုံဆင့်
(၁၁၅၀) ဘူးတစ်ရာအပေါက် လုံအောင်ပိတ်နိုင်သည်၊ လူတစ်ယောက် ပါးစပ်တစ်ပေါက်ကို မပိတ်နိုင်။
(၁၁၅၁) ဘူးခါးရေနှင့် ကြမ်းကြားလေ အေး၏။
(၁၁၅၂) ဘူးတောင်းနစ်လို့ စောင်ခြမ်းပေါ်
(၁၁၅၃) ဘူးတွဲမှ ခါးတောင်းကျိုက်
(၁၁၅၄) ဘူးလုံးနားမထွင်း
(၁၁၅၅) ဘူးကောင်းမှစင်ခံ၊ လင်ကောင်းမှ စံရ
(၁၁၅၆) ဘုရားသော်လည်း အမိုးရှိမှ ပွင့်ထွန်းရ
(၁၁၅၇) ဘုရင်တို့ဘုန်း မိုးသို့ချုန်း လူပုန်းတောမှာ မနေသာ
(၁၁၅၈) ဘုရားဖြစ်မည်ကြံ မာရ်နတ်ကဖျက်
(၁၁၅၉) ဘုံခဏ်းကလည်း မြောက်လွန်းသည်၊ ရေခဏ်းကလည်း ခြောက်လွန်းသည်။
(၁၂၀၀) ဘယ်သူသေသေ ငတေမာပြီးရော
(၁၂၀၁) ဘယ်လိုပင် ဆိုတောင်း အကြောင်းပါမှ ပေါင်းရသည်။
(၁၂၀၂) ဘဲဥအ[illegible] ရှာမရသလို
(၁၂၀၃) ဘယ်သူမပြု မိမိအမှု
(၁၂၀၄) ဘူးတစ်လုံးဆောင် အိုးဘောင်မဆင်းရဲ
(၁၂၀၅) ဘုတ်ကိုလည်း ကျီးရှိသေ၊ ကျီးကိုလည်း ဘုတ်ရှိသေ
(၁၂၀၆) ဘူးသီးမှအရိုးတော်
(၁၂၀၇) ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်။
(၁၂၀၈) ဘဲဥတစ်လုံးနှင့် သံဃာငါးရာ ဆွမ်းလောင်းသလို





(၁၂၀၉) ဘုန်းကြီးရူးနှင့် လေ့လူးတွေ့
(၁၂၁၀) ဘုန်းကြီးနှင့်ဘီး အကျွာကြီး
(၁၂၁၁) ဘုန်းကြီးဟာတော့ ပေးလားကမ်းလား၊ ဒကာမဟာတော့ မှုးတင်းပဲတင်း။
(၁၂၁၂) ဘုန်းကြီးစာချ၊ မိကျောင်းမင်း ရေကင်းပြ
(၁၂၁၃) ဘုန်းကြီးခေါင်း သန်းရှာသလို

## 'မ' နှင့် ပတ်သက်သော စကားပုံများ

(၁၂၁၄) မကြံစည်ဘဲ ဇော်ကဲမင်းဖြစ်
(၁၂၁၅) မကောင်းသူကိုပယ်၊ ကောင်းသူကိုကယ်
(၁၂၁၆) မကောင်းကျောင်းပို့
(၁၂၁၇) မကြံဘဲဖြစ်တတ်သည်၊ ကြံစည်ထားလည်း လွဲတတ်၏
(၁၂၁၈) မ ကိုခင်မှ ဥကို ခင်သည်။
(၁၂၁၉) မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ
(၁၂၂၀) မကြည့်တတ်က တဏှာ၊ ကြည့်တတ်က ဘာဝနာ
(၁၂၂၁) မခေါ်ဘဲနှင့် ထူးသည်၊ မညွှန်ဘဲနှင့် မူးသည်။
(၁၂၂၂) မချိသွားဖြဲ။ (မချိပြုံး ပြုံး)
(၁၂၂၃) မခေါ်ချင်သာနေရမည် မတော်ချင်၍ မနေရ
(၁၂၂၄) မကြားဝံ့ရှေ့နေ၊ မမြင်ဝံ့ဆေးသမား
(၁၂၂၅) မချိလို့သွားဖြဲပြတာ ရယ်တယ်မှတ်သလား
(၁၂၂၆) မခေါ်ဘဲ မသွားနှင့်၊ မတော်ဘဲ မစားနှင့်
(၁၂၂၇) မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ
(၁၂၂၈) မစားရက် လောက်တက်
(၁၂၂၉) မစားအလျင်း စားဆီထမင်း
(၁၂၃၀) မစားရ ဝခမန်း
(၁၂၃၁) မစားရအညှော်ခံ
(၁၂၃၂) မစားရတဲ့အမဲ သဲနှင့်ပက်ဆိုတာလို
(၁၂၃၃) မတော်ဘဲမဝယ်နှင့်၊ မခေါ်ဘဲမလည်နှင့်၊ မတော်ဘဲစယ်ကရှုံးတတ်သည်၊ မခေါ်ဘဲလည်က မုန်းတတ်သည်။
(၁၂၃၄) မထိုင်တတ်က ဖြဲသလို
(၁၂၃၅) မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်



www.burmeseclassic.com

www.burmeseclassic.com



(၁၂၃၆) မတည့် အတူနေ
(၁၂၃၇) မပြည့် တဲ့အိုး ဘောင်ဘင်ခတ်သည်။
(၁၂၃၈) မပြောမပြီး မတီးမမြည်
(၁၂၃၉) မပိုင်ဝက်မွေး
(၁၂၄၀) မပူလိုလို့ ယောက်မရှာ
(၁၂၄၁) မပုပ်ဘဲမပေါ် မဟုတ်ဘဲမကျော်
(၁၂၄၂) မပြေးသော်လည်း ကန်ရာရှိနေသည်။
(၁၂၄၃) မမှားသောရှေ့နေ၊ မသေသောဆေးသမား မရှိပြား
(၁၂၄၄) မမြင်ဖူး မူးမြစ်ထင်
(၁၂၄၅) မယားချော့တစ်ည၊ မိဘချော့ တစ်လ
(၁၂၄၆) မမီတဲ့ပန်းကို တုံးခုလို့ လှမ်းသလို
(၁၂၄၇) မဘက်လိုက်က မိုက်ဘက်ပါ
(၁၂၄၈) မရ ရသကချိုင်
(၁၂၄၉) မယားယူမှား တစ်သက်၊ တောင်ယာခုတ်မှား တစ်နှစ်
(၁၂၅၀) မယားထိလျှင် ဓားကြည့်
(၁၂၅၁) မယုံလျှင် ငါ့မယားမေးကြည့် ဆိုတာလို
(၁၂၅၂) မယားနေစ ကြောင်သေမှ၊ လင်နေစ ဆင်သေမှ
(၁၂၅၃) မယားတိန်ညင်၊ လင်မှဆိုး
(၁၂၅၄) မရှိတာထက် မသိတာခက်
(၁၂၅၅) မရဲဘဲနှင့် ကျွဲပြကိုစီး
(၁၂၅၆) မရှိခိုးနိုးနိုး၊ မလှစုန်းယိုး
(၁၂၅၇) မလျော့မတင်း စောင်းကြိုးညှင်း
(၁၂၅၈) မလှူလို့မရှိ၊ မရှိလို့ မလှူ
(၁၂၅၉) မလိမ္မာ နှစ်ခါပင်ပန်း
(၁၂၆၀) မလှရသည့် အိုထဲ မဲ့ပြ
(၁၂၆၁) မရှုယ်ဘဲနှင့် စော်ကဲမင်းဖြစ်
(၁၂၆၃) မလှူတတ်စျေးရောင်း
(၁၂၆၄) မသိလျှင်မေး၊ မစင်လျှင်ဆေး
(၁၂၆၅) မသိခေါက်ခက် အဝင်နက်
(၁၂၆၆) မသာတစ်ခေါက် ကျောင်းဆယ်ခေါက်
(၁၂၆၇) မသွားချင်လျှင် ခရီးဝေး၊ သွားချင်လျှင် အနီးကလေး





(၁၂၆၈) မသာလက်ဖက်ထုပ်နှင့် မျက်နှာလုပ်
(၁၂၆၉) မသိသူကျော်သွား သိသူဖော်စား
(၁၂၇၀) မလိုတစ်မျိုး လိုတစ်မျိုး
(၁၂၇၁) မအားရာ အပ်ငှား
(၁၂၇၂) မသေသည့် နွားမှာ လင်းတမနား
(၁၂၇၃) မပုပ်ဘဲပေါ်လျှင် လက်ပံတုံး၊ မဟုတ်ဘဲကျော်လျှင် လူတို့ဘုန်း
(၁၂၇၄) မယားတစ်သိန်း၊ အပလိန်းအနန္တ
(၁၂၇၅) မိဘကျေးဇူးမြင်းမိုရ်ဦး
(၁၂၇၆) မိဘစကားနားမထောင် သားတစ်ကောင်နှင့်တိုးလို့တွဲလဲ
(၁၂၇၇) မီးခဲပြာဖုံး
(၁၂၇၈) မီးစာကုန်ဆီခန်း
(၁၂၇၉) မိကျောင်းမှန် ဆန်လိမ့်မည်။ ထင်းဖြစ်တုံ စုန်လိမ့်မည်။
(၁၂၈၀) မိဘနှစ်ပါးက သားသမီးဆယ်ယောက်ကို နိုင်အောင်ကျွေးမွေးနိုင်သည်။
သားသမီးဆယ်ယောက်က မိဘနှစ်ပါးကို ဝလင်အောင် မကျွေးနိုင်။
(၁၂၈၁) မီးခိုးကြွက်လျှောက်
(၁၂၈၂) မိကျောင်းမင်း ရေကင်းပြ
(၁၂၈၃) မီးခိုးမဆုံး မိုးမဆုံး
(၁၂၈၄) မီးကြီး မီးနိုင်၊ ရေကြီး ရေနိုင်
(၁၂၈၅) မီးစတစ်ဖက် ရေမှုတ်တစ်ဖက်
(၁၂၈၆) မီးကွင်း ကျီးလည်ပင်းစွပ် ပုံလို့မလွတ်
(၁၂၈၇) မိကျောင်းမင်းကို ရေကူးသင်ပေးရသလို
(၁၂၈၈) မီးစဥ်ကြည့် ပွဲက
(၁၂၈၉) မုသားမပါ လက်ာမချော
(၁၂၉၀) မုဆိုးစိုင်သင်၊ ဆေးဆရာ လူနာသင်
(၁၂၉၁) မီးလောင်ရာလေပင့်
(၁၂၉၂) မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ
(၁၂၉၃) မီးဝေးလျှင် ချိပ်မာ၊ မီးနီးလျှင် ချိပ်ပျော့
(၁၂၉၄) မီးရောင်ကို ရွှေရောင်မှတ်လို့
(၁၂၉၅) မေးဖျားမေးအောက် ဝက်ခြံပေါက်၊ ဝမ်းမြောက်ဝမ်းသာမရှိရာ
(၁၂၉၆) မေတ္တာခြုံက လုံသည်။
(၁၂၉၇) မင်းလိုကြိုက် မင်းကြိုက်တင်



www.burmeseclassic.com

www.burmeseclassic.com



(၁၂၉၈) မင်္ဂလာဆောင် ထောင်ထွက်၊ ရှင်လိင်ပြန်တဲ့ရက်
(၁၂၉၉) မင်းခယောကျ်ား ကမ်းနားသစ်ပင်
(၁၃၀၀) မည်းမည်းမြင်တိုင်း တစ္ဆေမထင်နှင့်
(၁၃၀၁) မင်းကတော် ကျွန်ပုံပေါက် ခွေးလောက်တောင်မတောင်း
(၁၃၀၂) မဲနှင့်နီပါး အတူထား၊ နီပါးမဲစော်နံ
(၁၃၀၃) မင်းတို့ထွက် ရက်ရာဇာ
(၁၃၀၄) မင်းမရှိသော တိုင်းပြည်၊ အမှူးသည်မရှိသော တရားရုံး
(၁၃၀၅) မင်းတို့စကား မိုးကြိုးသွား
(၁၃၀၆) မင်းခယောကျ်ား
(၁၃၀၇) မင်းဆရာသည် ရာဇဝတ်သင့်မည်ကြောင့် မင်းတပည့် မဖြစ်ရာ
(၁၃၀၈) မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံး
(၁၃၀၉) မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်
(၁၃၁၀) မင်းမသိ ဗြဟ္မဒတ်၊ ပြည့်မသိ ဗာရာဏာ
(၁၃၁၁) မောင်မောင်ခေါ်လို့ဖျာမထူး၊ အောင်ကျော်ခေါ်မှဖျာထူး
(၁၃၁၂) မင်းလှေမျောလည်း မဆယ်လေနှင့်၊ ခြေနှစ်ချောင်းလည်း မကယ်လေနှင့်
(၁၃၁၃) မောင်မောင်ဆိုလေ ထီးရိုးရှည်လေ
(၁၃၁၄) မင်းလောင်းမှန် ရထားဆိုက်သည်။
(၁၃၁၅) မင်းမဟော် ကံချော်နေခိုက် အိုးလုပ်ဖျာရက်ရ
(၁၃၁၆) မင်းသားကြီး မလုပ်ရလို့ ပတ်မကြီး ထိုးဖောက်
(၁၃၁၇) မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး၊ ပျော်ရာနိဗ္ဗာန်
(၁၃၁၈) မိတ်ဆွေချင်း မုန်းစေလိုက ငွေချေးကြည့် ပါ
(၁၃၁၉) မိန်မကောင်းပန်းပန် တစ်ပွင့်တန်
(၁၃၂၀) မောင်းကွဲကြီး တီးမဖြစ်သလို
(၁၃၂၁) မိန်းမကြိုက်က မျှော်လိုက်ခါ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ
(၁၃၂၂) မောင်တစ်ထည်း မယ်တစ်ရွက်
(၁၃၂၃) မောင်တစ်ရွာ မယ်တစ်မြို့ဆိုတာလို
(၁၃၂၄) မိန်းမတို့ကြံခြေ ရွှေပေးလို့မရ
(၁၃၂၅) မိန်းမပျင်း ခြေဆင်း၊ ယောကျ်ားပျင်း ကျောခင်း
(၁၃၂၆) မိန်းမပုခက်တွင်း ယောကျ်ားပခွင်း
(၁၃၂၇) မိန်းမချင်းပေါင်းတင်၊ လုလင်ချင်း ပန်းတောင်း
(၁၃၂၈) မိန်းမဖျက် ပြည်ပျက်





(၁၃၂၉) မိန်းမမီးနေ၊ ယောကျ်ားဖောင်စီး
(၁၃၃၀) မိန်းမမာယာ သဲကိုးဖြာ
(၁၃၃၁) မိုး စနေ လေ ရာဟု
(၁၃၃၂) မိုးရွာတုန်းရေခံ။ (လေလာတုန်း စပါးလှေ့) (လသာတုန်း ဗိုင်းငင်)
(၁၃၃၃) မိုးမပြိုဘူးလေ။ သို့သော် ပြိုခဲ့သော်
(၁၃၃၄) မိုးဖြူမစဲ မိုးမည်းမရွာ
(၁၃၃၅) မိုးပြို အများနည်းတူ
(၁၃၃၆) မိုးနှင့် သရက် အိုးနှင့်ကြွက်သို့
(၁၃၃၇) မိုးနှင့်နွားသိုး အစိုးမရ
(၁၃၃၈) မိုးထနောင်း၊ ဆောင်းမန်ကျည်း
(၁၃၃၉) မိုးကုန်မှ ထွန်ချ
(၁၃၄၀) မိုးကြိုးပစ်ရာ ထန်းလက်နှင့်ကာ
(၁၃၄၁) မိုးသောက်မှ ကြက်တင်၊ နေဝင်မှ စပါးလှန်း
(၁၃၄၂) မိုးလွန်မှထွန်ချ၊ စစ်ရောက်မှ မြားချွန်
(၁၃၄၃) မိုက်တာလွယ်သည်၊ လိမ္မာဖို့ခက်သည်။
(၁၃၄၄) မိုက်လျှင်နောင်တ ပြင်မရ။
(၁၃၄၅) မုန်ညင်းစေ့ကို မြင်းမိုရ်တောင်နှင့် ဖိသလို
(၁၃၄၆) မုန့်သည်မယား မုန့်နားစား
(၁၃၄၇) မုန့်ပေးသည့် ဘုန်းကြီး စာပေကျမ်းဂန်တတ်သည်။
(၁၃၄၈) မုန့်ဆီကြော် ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနှင့် တည့် ပါ့မလား
(၁၃၄၉) မုန်းစေလို ခံတွင်းလက်နှစ်သစ်၊ ချစ်စေလို ခံတွင်းလက်နှစ်သစ်
(၁၃၅၀) မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေ
(၁၃၅၁) မုန်းတင်းပြောရင်းတိုက်၊ ချစ်တင်းပြောရင်းငိုက်
(၁၃၅၂) မျိုးစေ့မမှန် ပင်မသန်၊ ဖူးတံငုံကင်း သီးနှံဖျင်း
(၁၃၅၃) မျက်နှာလို မျက်နှာရ
(၁၃၅၄) မျက်နှာမရ ခြေထောက်ရ
(၁၃၅၅) မျက်နှာကြီးရာ ဟင်းဖတ်ပါ
(၁၃၅၆) မျက်စိမှာအရှုံး နားမှာအဆုံး
(၁၃၅၇) မျက်စိလည်ခွေးနောက်လိုက်
(၁၃၅၈) မျက်စိအကျင့် ဝမ်းအချင့်
(၁၃၅၉) မျက်စိကန်း တစ္ဆေမကြောက်



www.burmeseclassic.com

www.burmeseclassic.com



(၁၃၆၀) မျက်စပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယ ;

(၁၃၆၁) မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ

(၁၃၆၂) မျက်နှာသိ ဖိထောင်း

(၁၃၆၃) မျက်နှာသိ ငါးပိမဝယ်ရာ

(၁၃၆၄) မျက်နှာသာပေး ရွှေရေးပန်းကန်တက်

(၁၃၆၅) မျက်နှာလွှဲ ခဲပစ်

(၁၃၆၆) မျက်မှန်စိမ်းတပ်ပြီး မြက်ခြောက်အကျွေးခံရတဲ့မြင်းလို

(၁၃၆၇) မျောက်သားစားချင် မျောက်မျက်နှာကြည့် ။ (မျောက်သားစားချင် မျောက်မျက်နှာ မကြည့် နှင့်)

(၁၃၆၈) မျောက်သစ်ကိုင်းလွတ်

(၁၃၆၉) မျောက်ပြ၍ ဆန်တောင်းသလို

(၁၃၇၀) မျောက်ကိုမြင်လေ အုတ်ခဲနှင့်ထုချင်လေ

(၁၃၇၁) မျောက်ကို ထမ်းပိုးအပ်သလို

(၁၃၇၂) မြေနိမ့်ရာလှံစိုက်။ (လဲရာသူနိုးထောင်း)

(၁၃၇၃) မြေစမ်းခရမ်းပျိုး

(၁၃၇၄) မြေကြီးလက်ဝါးနှင့်ပုတ်လျှင်သာလွဲလိမ့်မည်။

(၁၃၇၅) မြေကြီးကို ခေါင်းထိုးပြီးမှ ပွင့်ရတဲ့မှိုလို

(၁၃၇၆) မြို့ဝန်မင်းစောင်မမှ ထောင်ကျသည်။

(၁၃၇၇) မြင်းအလုပ် ခွေးအလုပ် မရှုပ်ထွေးစေရ။ (ခွေးအလုပ် မြင်းလုပ်လို့ တုတ်ပစ်ခံရ)

(၁၃၇၈) မြင်းမရှိသည့် အခါ ဆိတ်ကိုလည်း စီးတတ်ရမည်။ (လီဆူး)

(၁၃၇၉) မြင်းမတမ်းမ ဖောင်းကလွှတ်သလို

(၁၃၈၀) မြင်းကိုစီးလို့မှ အထီးမှန်းအမမှန်း မသိ။

(၁၃၈၁) မြင်းကောင်းပြေးရာ၌ ခွာကျိုးကန့်လန့်ပါ

(၁၃၈၂) မြင်းကောင်းခွာလှိမ့်

(၁၃၈၃) မြင်းကမလှုပ် ခုန်ကလှုပ်၊ ယုန်ကမတိုး ပိုက်ကတိုး။

(၁၃၈၄) မြင်းမှာဇက်၊ နွားမှာလက်၊ လူမှာချက်

(၁၃၈၅) မြစ်ကြီး၌ ငါးမသေ

(၁၃၈၆) မြစ်တစ်ဖက် ဝက်လက်ကင်

(၁၃၈၇) မွဲချင်တဲ့ခွေး ပြာပုံတိုး။ (ပြာပုံဝပ်၊ ပြာပုံကမထ)

(၁၃၈၈) မှားဖူးမှမှန်၊ ကြုံဖူးမှရဲ။





(၁၃၈၉) မှန်တဲ့စကားကိုပြောလျှင် နွားထောင်ရခက်၊ ဖြောင့်တဲ့သစ်ပင်ဟာ အတက် ရခက်။ (ပအိုဝ်)

(၁၃၉၀) မှန်ရာပြော သဇ္ဇာ။

(၁၃၉၁) မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်

(၁၃၉၂) မှန်းချက်နှင့် နှမ်းထွက်မကိုက်

(၁၃၉၃) မွေးလျှင်ပန်း နံလျှင်ပစ်

(၁၃၉၄) မှိုချိုးမှျစ်ချိုး။

(၁၃၉၅) မြွေဟောက်လို လျှာနှစ်ခွနှင့်

(၁၃၉၆) မြွေမြွေချင်း ခြေမြင်သည်။

(၁၃၉၇) မြွေမှန်လျှင် တွင်းဝင်ဖြောင့်သည်။

(၁၃၉၈) မြွေသေ တုတ်မကျိုး။

(၁၃၉၉) မြွေပွေး ပိုးထိသလို

(၁၄၀၀) မြွေပွေးခါးပိုက်ပိုက်ထားသည်။ (မြွေပွေးခါးပိုက်ဆောင်)

(၁၄၀၁) မြွေပူရာ ကင်းမှောင့်

(၁၄၀၂) မြွေပါလည်းဆုံး သားလည်းဆုံး ယူကျုံးမရ ခဝါမ။ (ပုံပြင်)

(၁၄၀၃) မြွေကိုတံတား၊ ကျားကိုခလုတ်၊ သစ်ငုတ်ကိုသင်ဖြူ၊ ဆူးကိုမွေ့ရာ။

## 'ယ'နှင့် ပတ်သက်သော စကားပုံများ

(၁၄၀၄) ယခုရှင်းမှ နောင်ရှင်း။ (ယခုရှုပ် နောင်ရှုပ်)

(၁၄၀၅) ယာနဝန်းချင်း ဆွေမျိုးရင်း။ (ခနု/ တောင်ရိုး)

(၁၄၀၆) ယာဂုကြီးကွဲမှ ရွှေစည်းခုံကိုလှူ။

(၁၄၀၇) ယာလည်းညက်စေ၊ ကြက်လည်းပမ်းစေ။

(၁၄၀၈) ယတြာကောင်း မင်းလောင်းပျောက်သည်

(၁၄၀၉) ယိုတာကဖင်၊ ရှက်တာကမျက်နှာ

(၁၄၁၀) ယိုသူမရှက် မြင်သူရှက်

(၁၄၁၁) ယောကျ်ား ဝါဆို၊ မိန်းမ ပြာသို

(၁၄၁၂) ယောကျ်ားမာယာ နှမ်းကိုးဖျာ

(၁၄၁၃) ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး။

(၁၄၁၄) ယောကျ်ားဖောင်စီး မိန်းမမီးနေ

(၁၄၁၅) ယောကျ်ားပျင်းကျောခင်း၊ မိန်းမပျင်း ခြေဆင်း။



www.burmeseclassic.com

www.burmeseclassic.com



(၁၄၁၆) ယောက္ခမ မနာလို သားမိန်းကလေးမွေး
(၁၄၁၇) ယမ်းပုံမီးကျ
(၁၄၁၈) ယုန်ကမတိုး ပိုက်ကတိုး
(၁၄၁၉) ယုန်မရ တောကျေ။ (ယုန်မရ တောကျေစေ)
(၁၄၂၀) ယုန်မရခင် သံပရာရှာသလို
(၁၄၂၁) ယုန်ထောင်ကြောင်မိ။
(၁၄၂၂) ယုန်တောင်ပြေး ခွေးမြောက်လိုက်

## 'ရ'နှင့် ပတ်သက်သော စကားပုံများ

(၁၄၂၃) ရတနာရှိရာ ရတနာစု။ (ရတနာလာ)
(၁၄၂၄) ရသာခြောက်ပါး ဆားမပါဘိ ပျက်သီဘိ
(၁၄၂၅) ရလေလိုလေ အိုတခွေ
(၁၄၂၆) ရရစားစား ဝါးဝါးမျိုမျို
(၁၄၂၇) ရတာမလို လိုတာမရ
(၁၄၂၈) ရာဇဝတ်ဘေး ပြေးမလွတ်။ (ပြေးမှလွတ်)
(၁၄၂၉) ရာဇဝတ်အိုး တုတ်နှင့်ထိုး။
(၁၄၃၀) ရာသီမပိုင် ဆေးမကိုင်နှင့်
(၁၄၃၁) ရာသီမသိ ပန်းနှင့်ညှို၊ အချိန်မသိ ကြယ်နှင့်ညှို
(၁၄၃၂) ရေကုန် အိုင်ပျက်
(၁၄၃၃) ရေကြောင့် နွံဖြစ်၊ နွံကြောင့် ရေနောက်
(၁၄၃၄) ရေကြောင့် နွံမြင့်
(၁၄၃၅) ရေကြည်ရာ မြက်နုရာ
(၁၄၃၆) ရေတစ်အိုး မိုးတစ်ပေါက်
(၁၄၃၇) ရေစုန်ရွက်တိုက်။ (လှေစုန်ရွက်တိုက်)
(၁၄၃၈) ရေဆေးငါးလို။
(၁၄၃၉) ရေစီးတစ်ခါ ရေသာတစ်လှည့်
(၁၄၄၀) ရေငတ်တုန်း ရေတွင်းထဲကျ
(၁၄၄၁) ရေမချိုးလို့ သေတဲ့မသာ မရှိ
(၁၄၄၂) ရေကြည်ကိုလည်း မနှောက်နှင့်၊ သေရည်ကိုလည်း မသောက်နှင့်။
(၁၄၄၃) ရေကန်အသင့် ကြာအသင့်။





(၁၄၄၄) ရေမရှိချောင်း နှာခေါင်းဖော်သေလိုက်
(၁၄၄၅) ရေမပြည့် သောအိုး ဘောင်ဘင်ခတ်သည်။
(၁၄၄၆) ရေဘူးနှင့် ဖိနပ်မပါ ခွေးခါမှသိ။
(၁၄၄၇) ရေပူနှင့်သတ်လည်း သေရ၏၊ ရေအေးနှင့်သတ်လည်း သေရ၏။
(၁၄၄၈) ရေနစ်သူကို ဝါးကူလို့ထိုး
(၁၄၄၉) ရေနေမရှိဘဲနှင့် ဖောက်နက်သည်။
(၁၄၅၀) ရေတိမ်ရေနက်ကို သိလိုသော် ကြာရိုးကြာစွယ်ကို မြင်သဖြင့် သိလွယ်၏။
(၁၄၅၁) ရေလာမြောင်းပေး။ (စကားသွေး - - - )
(၁၄၅၂) ရေမှုတ်တစ်ဖက် မီးစတစ်ဖက်
(၁၄၅၃) ရေများရာမိုးရွာ
(၁၄၅၄) ရေမှာခားနှင့်ခုတ်လျှင် မပြတ်သလို ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း
ပြတ်နိုင်
(၁၄၅၅) ရေမှားတားရှ် အကြားမထင်သလို
(၁၄၅၆) ရေမနောက် ကြာမပေါက်။
(၁၄၅၇) ရန်မလိုသော် ရန်ပြုသည်၊ ရန်လိုမှ ရန်ပိုသည်။
(၁၄၅၈) ရန်သူပေးသော လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏။
(ရဝမ်)
(၁၄၅၉) ရန်သူတောင်မှ လက်နက်ချလျှင် ပြေအေးရသေးသည်။
(၁၄၆၀) ရောင်နောက် ဆံထုံးပါ။ (သျှောင်နောက် ဆံထုံးပါ)
(၁၄၆၁) ရုံးတစ်ရုံး မားတစ်စင်း
(၁၄၆၂) ရိုးလွန်းလျှင် အ
(၁၄၆၃) ရှင်ကြီးဝမ်းလည်း ဝင်ဖူးမှ ရှင်ငယ်ဝမ်းကို ဝင်ဖူးပြီး ဝချေးစော်နံလို့ ပြန်ထွက်ခဲ့ပြီ။
(၁၄၆၄) ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲ။
(၁၄၆၅) ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်
(၁၄၆၆) ရှင်ဘုရင်စားတော်ပွဲ ဆီရွှဲရွှဲ။
(၁၄၆၇) ရှင်ပြုတုန်း ရွှေထီးဆောင်း
(၁၄၆၈) ရှင်နည်းရာ အဂ္ဂလူထွက်
(၁၄၆၉) ရေအိုင်တွေ့တိုင်း ခြေဆေး
(၁၄၇၀) ရေအိုးဖင်ပေး၊ ခမ်အေးအေးနေပါရစေ။
(၁၄၇၁) ရေအသက် တစ်မနက်။ (ထမင်းအသက် ခုနစ်ရက်)
(၁၄၇၂) ရေသာများ၍ ငါးမတွေ့။ (နေရာများ၍ ကြားမစေ့)



www.burmeseclassic.com

www.burmeseclassic.com



(၁၄၇၃) ရေသာရှိ လှေကြုံလိုက်။ (အချောင်လိုက်) (လေပြင်းတိုက်)
(၁၄၇၄) ရှောပတ္တမြား ရှောနဂါး။
(၁၄၇၅) ရောင်တော်ပြန်နှင့်။ (ရောလွှတ်)
(၁၄၇၆) ရှာရှိလျှင် စုန်းရှိသည်။
(၁၄၇၇) ရှာနားမြက် ရှာနွားမစား
(၁၄၇၈) ရွာနားကဘုရား ရွာသားမရှိသေ
(၁၄၇၉) ရွာကိုလွှန်၍ ရွက်တိုက်
(၁၄၈၀) ရှည်လိုလျှင် ဆက်၊ တိုလိုလျှင် ဖြတ်
(၁၄၈၁) ရှိလျှင်တန်ဆာ မရှိလျှင် ဝမ်းစာ။ (ရွှေလက်ဝတ်ရတနာတန်ဆာများ)
(၁၄၈၂) ရှေ့ကဝိပါက် ခုနစ်ရက်၊ ကာလဝိပါက်နောက်ပိုးတက်။
(၁၄၈၃) ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားက နောက်ကနွားတစ်သိုက် ဖြောင့်ဖြောင့် လိုက်
(၁၄၈၄) ရှေ့တိုးတင်းပုတ်၊ နောက်ဆုတ်။
(၁၄၈၅) ရှေးလူကြီးစကား မှားတယ်မရှိ။ (အမှားနည်းသည်)
(၁၄၈၆) ရှေးထုံးပယ်က လွှဲ၊ ဈေးသုံးလွှယ်က မွဲ။
(၁၄၈၇) ရှေးထုံးကိုလည်း မပယ်နှင့်၊ ဈေးသုံးကိုလည်း မလွှယ်နှင့်။
(၁၄၈၈) ရှောမွေးတစ်ကောင်နှင့် ဗာရာဏသီချဲ့။
(၁၄၈၉) ရွှေခဲက တော်တော် မယ်ဘော်က ကဲလွန်း
(၁၄၉၀) ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်။ (ဆွမ်းဒေါင်ဒေါင်)
(၁၄၉၁) ရွှေကျောင်းကြီးနှင့် ငါးကြော်မရှိဘူးပြောတာ မယုံနိုင်
(၁၄၉၂) ရွှေကဲငွေကဲကို မခတ်တတ်သော်လည်း လူကဲကိုတော့ ခတ်တတ်သည်။
(၁၄၉၃) ရွှေမရှိတဲ့ဘုရား လူအများ မရှိသေ
(၁၄၉၄) ရွှေပန်းကန်နှင့် ထမင်းရည်ထည့် သောက်သလို
(၁၄၉၅) ရွှေပင်မှာနားတော့ ရွှေကျေး။ (ကြက်တူရွေး)
(၁၄၉၆) ရွှေနားတောင်း ရွှေမျက်ချေးနှင့်ကြည့် မကောင်း
(၁၄၉၇) ရွှေနားတောင်းရောင်ကြောင့် ပါးပြောင်။
(၁၄၉၈) ရွှေတောင်မှာနားပေမယ့် လင်းတ ရွှေမင်းသားမဖြစ်နိုင်
(၁၄၉၉) ရွှေတောင်ကြောင့် ရွှေရောင်ထခြင်းဖြစ်သည်။
(၁၅၀၀) ရွှေတောင်တစ်ကုတ် ဆန်တစ်ပုတ်
(၁၅၀၁) ရွှေစင်လည်းပျက် ကြေးလည်းကွက်
(၁၅၀၂) ရွှေရှိမှ မျိုးတော်ချင်

ယဉ်မျိုးစာအုပ်တိုက်



(၁၅၀၃) ရွှေသမင် ဘယ်ကထွက် မင်းကြီးတာကထွက်
(၁၅၀၄) ရွှေအကြောင်း ဖယောင်းမှသိ၊ လူအကြောင်းပေါင်းမှသိ
(၁၅၀၅) ရွံ့စိုရာမှာ ဖုတ်နှင့် တထောင်းထောင်း
(၁၅၀၆) ရွံ့တစ်ပိဿာ ဖင်ထဲဝင်မှ ထမင်းဝ
(၁၅၀၇) ရွံ့နှင့်လုပ်သောကြောင်ရုပ်ဖြစ်စေ ကြွက်သေတာ ပမာန
(၁၅၀၈) ရက်သဲကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား
(၁၅၀၉) ရင်လောက်ချိမှ ဒူးလောက်ရသည်။
(၁၅၁၀) ရင်သွေးဟူက ချစ်မဝ၊ တစ်လောကလုံး သားသမီးမုန်းတဲ့ မိဘမရှိ။
(၁၅၁၁) ရည်စားတစ်ထောင် လင်ကောင်တစ်ယောက်
(၁၅၁၂) ရည်စားနှင့်မညား အောင်သွယ်နှင့်ညားဆိုတာလို
(၁၅၁၃) ရည်းစားလူလု၊ အူနုကျွဲခတ်။
(၁၅၁၄) ရည်းစားဦး မြေးဦးရတောင် မမေ့
(၁၅၁၅) ရယ်ဖန်များတော့ ငိုရတတ်သည်။
(၁၅၁၆) ရန်ကြွင်းရန်စ မီးကြွင်းမီးစ လုံးဝ မထားကောင်း
(၁၅၁၇) ရှင်ဘုရင်အတွက် ဝေက်က ကျွန်ခံ။ (ကြောင့်ကြ)
(၁၅၁၈) ရှဥ့် လည်းလျှောက်သာ ပျားလည်းစွဲသာ။
(၁၅၁၉) ရှမ်းကြိုက် နွားချော။
(၁၅၂၀) ရှောက်သီးသုပ်ကို သံပုရာရည်ညှစ်ချင်

## 'လ'နှင့် ပတ်သက်သော စကားပုံများ

(၁၅၂၁) လက်ဖက်ကောင်းစားချင်က ပလောင်တောင်တက်နေးစေရမည်။
(၁၅၂၂) လသာတုန်းဗိုင်းငင်။ (လသာခိုက်ဗိုင်းငင်) (အချိန်ရှိခိုက်လုံ့လစိုက်)
(၁၅၂၃) လာလာချင်း ဆောက်နှင့်ထွင်း
(၁၅၂၄) လာမည့် ဘေးပြေးတွေ့
(၁၅၂၅) လာလိုလျှင် အနီးကလေး၊ မလာလိုလျှင် ခရီးဝေး
(၁၅၂၆) လူကြီးရှက်တော့ ရယ်၊ ကလေးရှက်တော့ ငို
(၁၅၂၇) လူဆိုးလူကောင်း ပေါင်းကြည့် မှသိ
(၁၅၂၈) လူကြံထရုံချေးတုတ်ခနောင်းဖြစ်
(၁၅၂၉) လူဆိုးလူကောင်း ပေါင်းကြည့် မှသိ၊ ဆန်ဆိုးဆန်ကောင်း၊ ထောင်း ကြည့် မှသိ။

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၁၅၂၀) လူမတန်ကံအပြစ်ဖို့
(၁၅၂၁) လူမိုက်နောင်တနောင်မှရ
(၁၅၂၂) လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေ
(၁၅၂၃) လူတွင်ပါ၍ နွားကျားကိုက်
(၁၅၂၄) လူနာကို ရှောက်သီးသုပ်ကျွေးသလို
(၁၅၂၅) လူတစ်ကိုယ် ထင်တစ်လုံး
(၁၅၂၆) လူချင်းတူသော်လည်း အသက်ရှူချင်းကွဲ
(၁၅၂၇) လူကောင်းပန်းပန် တစ်ပွင့်တန်၊ လူမိုက်ပန်းပန် ထဟာင်းငေ
(၁၅၂၈) လူနသူကို ပေါင်းလို့ရ၏၊ စိတ်နသူကို ပေါင်းလို့မရ
(၁၅၂၉) လူပုစိတ်တို၊ ခွေးပုရန်လို။ (ဗမာ)
(၁၅၄၀) လူပုံလင်းတမွေးနှင့် ရွှေကျေးစကားပြော
(၁၅၄၁) လူပြောမသန် လူသန်မပြော
(၁၅၄၂) လူပုစိတ်တို လှေတိုပဲ့ခက်
(၁၅၄၃) လူနာအမဲခြောက်တောင်းနေသည်။
(၁၅၄၄) လူပါး ပုလင်းကွဲထိ။ (လူပါး ပုလင်းကွဲရှ)
(၁၅၄၅) လူနံပိန် ကျွဲချိုလိမ်
(၁၅၄၆) လူနေချုံကြား စိတ်နေဝတီဖျား
(၁၅၄၇) လူပျင်းလုံ့လ တစ်ခဏသာ
(၁၅၄၈) လူမစွမ်း နတ်မ
(၁၅၄၉) လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်လိမ့်
(၁၅၅၀) လူမကောင်းလျှင် တရားဖျက်။ တိရစ္ဆာန်မကောင်းလျှင် ခြံစည်းဖျက်။ (မန္တ)
(၁၅၅၁) လူမှာအမျိုး ကြက်မှာအရိုး
(၁၅၅၂) လူမရောက် မြင်းမိုရ်တောင်၊ ခွေးမရောက် အိမ်ခေါင်မိုး။
(၁၅၅၃) လူမလိုက နတ်မလို၊ လူလိုမှ နတ်လိုသည်။
(၁၅၅၄) လူမှာအဝတ် ဗောင်းမှာအကွပ်
(၁၅၅၅) လူမဆေး ခွေးမခန့်
(၁၅၅၆) လူရိုးသူခိုးထင်
(၁၅၅၇) လူလှပွေးခ။ (မီးခ)
(၁၅၅၈) လူရိုးသချိုင်းမှာသာရှိသည်။
(၁၅၅၉) လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ
(၁၅၆၀) လူလည်းမယုံလေနှင့်၊ ကုန်လည်းကြွေးမပုံလေနှင့်





(၁၅၆၁) လူအ,အိပ်မက်ကောင်းပေးသလို
(၁၅၆၂) လူသည် တစ်သက်လုံးမကောင်းနိုင်၊ ရေသည် တစ်သက်လုံး မကြည်နိုင်။ (ပလောင်)
(၁၅၆၃) လူ့အောက်ကျို့လို့ လူမပီ၊ သစ်ပင်အောက်ကျို့လျှင်သာ သစ်ပင်ပီမည်။
(၁၅၆၄) လူ့စည်းဘီလူးစည်းဆိုတာရှိသည်။
(၁၅၆၅) လူ့စိတ်သည် မျောက်စိတ်နှင့်တူသည်။
(၁၅၆၆) လူ့အလို နတ်မလိုက်နိုင်
(၁၅၆၇) လူ့သတင်း လူချင်းဆောင်၊ ပန်းသတင်း လေညှင်းဆောင်
(၁၅၆၈) လူ့ပါးစပ်က နတ်စကားထွက်
(၁၅၆၉) လေသံကြားနဲ့ တရားနာ
(၁၅၇၀) လေစုန်၍ ရွက်တိုက်။ (လေဆန်၍ ရွက်တိုက်)
(၁၅၇၁) လေဖမ်းဒန်းစီး။ (လေဖမ်းဝါးတန်းချည်)
(၁၅၇၂) လေပြင်းတိုက်တဲ့ ကူးတို့ဆိပ်မှာ မို့အိတ်ဖွင့်သလို။ (လွင့်သလို)
(၁၅၇၃) လေမလာကြာတိုင်းကောင်း၊ လှေသူကြီးကို လှေသားထောင်း။
(၁၅၇၄) လှေ့ကျင့်ရာ ကျွမ်းကျင်
(၁၅၇၅) လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ။
(၁၅၇၆) လေးမတတ်သော် နံ့စုတ်ငှက်ကို မှန်အောင်ပစ်
(၁၅၇၇) လယ်ကတွတ်က ရေလွှတ်သလိုပြော
(၁၅၇၈) လယ်ထွန်သွား နွားမေ့
(၁၅၇၉) လောကဝတ်လည်း မလွှတ်စေရ၊ ဓမ္မဝတ်လည်း မချွတ်စေရ
(၁၅၈၀) လောဘကြီးလျှင် မျက်နှာရဲ၊ ဒေါသကြီးလျှင် မျက်နှာမည်း
(၁၅၈၁) လောဘကြီးလျှင် ချွဲ၊ ဒေါသကြီးလျှင် ဆဲ
(၁၅၈၂) လောဘကြီးစကားပို၊ ဒေါသကြီးစကားတို
(၁၅၈၃) လိုလျှင်ကြံဆ နည်းလမ်းရ
(၁၅၈၄) လင်နှင့်မယား လျှာနှင့်သွား
(၁၅၈၅) လင်ဆောင်ထိုး နွားသိုးတောင် မဒွေ
(၁၅၈၆) လမ်းရိုးဟောင်းတွင် ဆင့်ကာတွင်
(၁၅၈၇) လုတာမက်လျှင် ညစာခက်မည်။
(၁၅၈၈) လုတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး
(၁၅၈၉) လှစေလိုလို့ မင်ကြောင်ထိုး၊ အသားမည်း၍ မင်ကြောင်မလှ
(၁၅၉၀) လှစေချင်လို့ သွားချောင်တိုက်၊ ရေစီးကမ်းပြိုလိုက်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅၉၁) လှူတတ်မှ မြတ်သည်။
(၁၅၉၂) လေ့ခွက်ချည်းဆန် အလံမလဲ။ (လေ့ခွက်ချည်းကန် . . . )
(၁၅၉၃) လေ့ကြီးထိုးရိုးရိုး
(၁၅၉၄) လေ့စီးရင်းရေငတ်။ (ကရင်)
(၁၅၉၅) လေ့နံ့နှစ်ဖက်နှင်းမလုပ်နှင့်
(၁၅၉၆) လေ့ထွင်းသော်လည်း ဝက်စာခွက်ဖြစ်။ (ကရင်)
(၁၅၉၇) လေ့ပြေးတုန်းတက်ကျိုးသည်။
(၁၅၉၈) လေ့သွားကောင်းတုန်းတက်ကျိုး။
(၁၅၉၉) လေ့မျောလေ့ချင်းလိုက်
(၁၆၀၀) လေ့ဦးခြောက်ခြောက်၊ လေ့ဦးစိုစို။ (ဝံ့ငါသည်စကား)
(၁၆၀၁) လေ့အဆင်း မြင်းအတက်။
(၁၆၀၂) လွတ်သောငါးကြီး။
(၁၆၀၃) လှည်းထက်ဘီးကြီး
(၁၆၀၄) လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်
(၁၆၀၅) လင်းတလောက်တော့ ငှက်တိုင်းလှုပါတယ်။
(၁၆၀၆) လင်းတမျိုး အပုပ်အသိုးကြိုက်
(၁၆၀၇) လွှသွားလို အသွားလည်းစား အပြန်လည်းစားသည်။ (ပလောင်)

## 'ဝ'နှင့် ပတ်သက်သော မြန်မာစကားပုံများ

(၁၆၀၈) ဝစေလို အချို့ ထမင်းနောက်
(၁၆၀၉) ဝမရှိဘဲ ဝိမလုပ်နဲ့
(၁၆၁၀) ဝစီဘေဒ ထိတိုင်းရှ
(၁၆၁၁) ဝါခေါင်မိုးစိတ်၊ ထွန်တုံးပိတ်
(၁၆၁၂) ဝါကဆွန် နှမ်းနယုန်
(၁၆၁၃) ဝါကျွတ်ခါနီးတွင် ဇော်သလင်းကန့်လန့်
(၁၆၁၄) ဝါစေ့ဆိတ်စား၊ ကုလားကိုခွေးနှင်း
(၁၆၁၅) ဝါသနာဘာဂီ ဆက်တိုင်းမီ
(၁၆၁၆) ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေး
(၁၆၁၇) ဝါဝါမြင်တိုင်း ရွှေမဟုတ်
(၁၆၁၈) ဝါဆိုဝါခေါင် ရေဖောင်ဖောင်





(၁၆၁၉) ဝါးလုံးချေးသုတ်စကားပြောသလို
(၁၆၂၀) ဝါးလုံးနှင်းမိတုံ့ ဝါးခြမ်းနှင်းမိတုံ့
(၁၆၂၁) ဝါးလုံးခေါင်းထဲလသော။ (လမသာ)
(၁၆၂၂) ဝါးတစ်ရုံလုံး ဘုန်းကြီးတောင်ဝှေးဖြစ်
(၁၆၂၃) ဝိရိယလွန်၍ ကျွန်ဖြစ်
(၁၆၂၄) ဝယ်စားသူကကျွန်၊ လုပ်ကိုင်စားသူက သခင်။ (လီဆူး)
(၁၆၂၅) ဝက်ဝံရေ မရောင်းမီ ဝက်ဝံအရင်ဖမ်းပါ
(၁၆၂၆) ဝက်ဖြစ်မှတော့ မစင်စားရမှာ မကြောက်နှင့်တော့
(၁၆၂၇) ဝက်လည်ရွဲမှာ သဲနှင့်ရှပ်ရှပ်ရှိသလို
(၁၆၂၈) ဝက်နားရွက် ကြွက်တပ်။
(၁၆၂၉) ဝင့်မှာအမြဲ ငရဲမှာအပ
(၁၆၃၀) ဝင်ပေါက်သာလွယ်ပြီး ထွက်ပေါက်မရှိသော မြှုးလို
(၁၆၃၁) ဝင်ရိုးမတပ်သည့် ရထား မသွားတတ်သလို
(၁၆၃၂) ဝမ်းနှင့်မလွယ် သားမမည်။
(၁၆၃၃) ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲ
(၁၆၃၄) ဝမ်းဟာလျှင် စားရာမှာမြိန်
(၁၆၃၅) ဝမ်းအခါး လျှာမှာများ
(၁၆၃၆) ဝမ်းဘဲ ဟသာ မြောင်းကိုပစ်မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့
(၁၆၃၇) ဝန်မပါလည်း ပွဲမဖြစ်၊ ဝန်ပါလည်းပဲ စိတ်ညစ်
(၁၆၃၈) ဝန်နှင့်အား မြားနှင့်လေး

## 'သ'နှင့်စသော မြန်မာစကားပုံများ

(၁၆၃၉) သဇင်ပွင့်ပေါ် လနုတ်တော်
(၁၆၄၀) သကာပေါ် အချိုလောင်း
(၁၆၄၁) သခွတ်ပင်က မီးတကျိုကျို
(၁၆၄၂) သကာထား ယင်နား
(၁၆၄၃) သခင်အားရ ကျွန်ပါးဝ။ (ကျွန်တန်ဝ)
(၁၆၄၅) သခွားစား၍ ဖရုံပြ၊ ပါးပုတ်၍ လက်ဝှက်
(၁၆၄၆) သတိမမူ ဂူမမြင်၊ သတိမူမှ မြူမြင်၏။
(၁၆၄၇) သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်



www.burmeseclassic.com

www.burmeseclassic.com



(၁၆၄၈) သတိသမ္ဗောဇ္ဈင် ဉာဏ်နှင့်ယှဉ်
(၁၆၄၉) သတိလက်လွှတ် ငှက်တောင်ကျွတ်
(၁၆၅၀) သမင်မွေးရင်း ကျားစားရင်း
(၁၆၅၁) သမီးပေးမှ သမက်ရ
(၁၆၅၂) သမီးတစ်ကောင် နွားတစ်ထောင်
(၁၆၅၃) သမီးကညာ ရွယ်ရောက်လာ ချိန်ခါမလင့်စကောင်း
(၁၆၅၄) သမီးရည်းစား အချစ်ကုန်၊ လင်မယား အရှက်ကုန်
(၁၆၅၅) သမားများ၍ သားသေ
(၁၆၅၆) သမုဒ္ဒရာကို အလျားအနံ မသိဘဲ လက်ပစ်ကူးသလို
(၁၆၅၇) သမုဒ္ဒရာ ဝမ်းတစ်ထွာ
(၁၆၅၈) သမုဒ္ဒရာရေ တစ်ယောက်တည်းသေ ၊လို့မကုန်နိုင်
(၁၆၅၉) သိသာသိစေ မမြင်စေနှင့်၊ မြင်သာမြင်စေ မသိစေနှင့်
(၁၆၆၀) သိကြားမင်း ကျွဲယောင်ဆောင်ပြ ဦးချိုကားသည်ဆို
(၁၆၆၁) သီလနှင့် ဒါနမပါ သေခါမှသိ
(၁၆၆၂) သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး
(၁၆၆၃) သီးမှည့် တဝင်းဝင်း၊ သီးကင်းတဖြုတ်ဖြုတ်
(၁၆၆၄) သီးချိန်သီး ပွင့်ချိန်တန်ပွင့်
(၁၆၆၅) သူခိုးရွှေရေး တပြုပြု
(၁၆၆၆) သူခိုးက လူလိုဟစ်
(၁၆၆၇) သူခိုးပြေးမှ ထိုးကွင်းထ။ (မိုးလွန်မှ ထွန်ချ)
(၁၆၆၈) သူခိုးသေဖော်ညှိ
(၁၆၆၉) သူခိုးကြီး မားပြ၊ မားပြကြီး သူပုန်
(၁၆၇၀) သူခိုးလက်မှ သူဝှက်လုသလို
(၁၆၇၁) သူကောင်းသား မှုထားကောင်းလျက် အပေါင်းဖျက်
(၁၆၇၂) သူကြီးဘုရား ရွာသားကောင်းမှု
(၁၆၇၃) သူမသိ ငါပိုး
(၁၆၇၄) သူတစ်ပါးက ကူညီသည်ကို မှတ်ထားပါ။ ကိုယ်က ကူညီသည်ကို မေ့ပစ်ပါ။
(လီဆူး)
(၁၆၇၅) သူတစ်ပါးမကောင်းကြံ ကိုယ့်မှာဘေးဒဏ်ထိ
(၁၆၇၆) သူတောင်းစား ထမင်းဝလျှင် ရောင့်တက်
(၁၆၇၇) သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့





(၁၆၇၈) သူတော်ကောင်း နတ်ကောင်းမ
(၁၆၇၉) သူများအတွက် ဝေက်က ကျွန်ခံ
(၁၆၈၀) သူများယောင်လို့ အမောင် တောင်မြောက်မှန်းမသိ
(၁၆၈၁) သူများဗိုက်နှင့် ဓားထိုးခံ
(၁၆၈၂) သူများပြော တစ်လ၊ မယားပြော တစ်ည
(၁၆၈၃) သူများနှာခေါင်းနှင့် အသက်ရှူ။
(၁၆၈၄) သူများလှည်းကျိုးကို ဝင်ထမ်း
(၁၆၈၅) သူသေ ငါပို့၊ ငါသေ သူပို့
(၁၆၈၆) သူ့ဆန်စားရဲမှ။
(၁၆၈၇) သူ့အိမ်မှာ ထမင်းစား၊ သူ့ခြံထဲ မစင်စွန့်။ (တအာန်း)
(၁၆၈၈) သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိသည်။
(၁၆၈၉) သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်
(၁၆၉၀) သူ့လက်လာလို့ ငါ့လက်သွား
(၁၆၉၁) သေမည့် ဘေး ပြေးလို့မလွတ်
(၁၆၉၂) သေကံမရောက် သက်မပျောက်
(၁၆၉၃) သေတစ်နေ့ မွေးတစ်နေ့
(၁၆၉၄) သေချင်တဲ့ကျား တောပြောင်း
(၁၆၉၅) သေမယ့်အနာ ဆေးမပါ
(၁၆၉၆) သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့
(၁၆၉၇) သေလျှင်မြေကြီး ရှင်ရွှေထီး
(၁၆၉၈) သေလျှင်အတူ ရှင်မှုမကွဲ
(၁၆၉၉) သေးလွန်းလျှင် မလှ၊ ရှေးလွန်းလျှင် မရ
(၁၇၀၀) သဲထဲရေသွန်သလို
(၁၇၀၁) သံဃာအား ဘုရားမဆန်သာ
(၁၇၀၂) သော်ကြာရေလောင်း မသွားကောင်း
(၁၇၀၃) သံကိုသံဖျက် သံချေးတက်
(၁၇၀၄) သံသေ တစ်ပြည်ဝ
(၁၇၀၅) သံကိုကြွက်စား သားကိုစွန့်ချီ
(၁၇၀၆) သံပရာသီးမျိုး ကြီးလေ ချဉ်လေ
(၁၇၀၇) သားသမီးမကောင်း မိဘခေါင်း၊ တပည့် မကောင်း ဆရာ့ခေါင်း
(၁၇၀၈) သားရေပေါ်အိပ် သားရေနားစား



www.burmeseclassic.com

www.burmeseclassic.com



(၁၇၀၉) သားမှာအချစ် မြေးမှာအနှစ်
(၁၇၁၀) သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့
(၁၇၁၁) သားရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်ဆိုသလို
(၁၇၁၂) သားကအရင်း၊ မြေးကားအဖျား။ (မြေးကားအရင်း၊ သားကအဖျား)
(၁၇၁၃) သားဆိုးအမေ တပေပေ၊ လင်ဆိုးမယား တဖားဖား
(၁၇၁၄) သားဦးအရူး
(၁၇၁၅) သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ် အမြတ်ဆုံး
(၁၇၁၆) သက်ကြီးစကား သက်ငယ်ကြား။ (ဗမာ)
(၁၇၁၇) သောင်မတင်ရေမကျ
(၁၇၁၈) သစ်ပင်ကောက် ဝါးကောက်ကို မြင်နိုင်သည်။ လူ့စိတ်ကောက်ကျစ်ကိုကား မမြင်နိုင်။ (ကရင်)
(၁၇၁၉) သစ်ငုတ်မြင့်တုံ့ မြက်မြင့်တုံ့
(၁၇၂၀) သစ်တုံးနှင့် မိတ်ဖွဲ့လျှင် မှိုစားရသည်။
(၁၇၂၁) သစ်တစ်ပင်ကောင်းလျှင် ငှက်တသောင်း မှီခိုရာ
(၁၇၂၂) တောင်ပို့မကောင်းက မှိုမပေါက်။ (ကရင်)
(၁၇၂၃) သစ်အဖျား ဝါးအရင်း။
(၁၇၂၄) သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်။ (သစ်မရမီ. . . )
(၁၇၂၅) သည်ပုတ်ထဲက ဒီပဲမျိုးပဲ
(၁၇၂၆) သည်းညည်းခံ နိဗ္ဗာန်ရောက်။ (သည်းခံ)
(၁၇၂၇) သဏ္ဍာန်လုပ် သရုပ်တူရမည်။
(၁၇၂၈) သတ္တဝါနှင့် လက်နက်နှင့်မမျှ
(၁၇၂၉) သတ္တဝါတစ်ခု ကံတစ်ခု
(၁၇၃၀) သဒ္ဒါလွန် ဆွမ်းတော်ရှုံရပ်
(၁၇၃၁) သဒ္ဒါမတတ် စာမတတ်
(၁၇၃၂) သဒ္ဒါပညာ သမာဝီရိ စောင်းနှယ်ညှိ။
(၁၇၃၃) သဒ္ဒါမနိုင် စာမကိုင်နှင့်။
(၁၇၃၄) သဒ္ဒါမှာ ရှင်မဟာကိစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း
(၁၇၃၅) သန္ဓေပါ ဆရာမနိုင်
(၁၇၃၆) သန္ဓောဆားပုပ် လေလည်တာ သူ့အလုပ်
(၁၇၃၇) သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာရနိုးနိုး
(၁၇၃၈) သုံးလွန်းတင်မှ ကြိုး၊ ဒေါင်ဒေါင်မြည်မှ အိုး





(၁၇၃၉) သုံးရွာပြောင်းလျှင် သုံးစလောင်းမကျန်
(၁၇၄၀) သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး
(၁၇၄၁) သုံးယောက်ပေါင်းလောင်းကျော်
(၁၇၄၂) သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်မပြောင်းသောမိန်းမ။ (သုံးလင်ကွာ)
(၁၇၄၃) သုံးထမ်းပိုးမှ အရှန်းသင်
(၁၇၄၄) သန်းခေါင်ကို နေ့မှတ်ပါလို့
(၁၇၄၅) သန်းခေါင်ထက် ညည့် မနက်
(၁၇၄၆) သွားရင်းဟန်လွှဲ
(၁၇၄၇) သွားတစ်ထိုင်၊ ထိုင်တစ်ခဏ
(၁၇၄၈) သောင်မတင် ရေမကျ
(၁၇၄၉) သောင်ပြင်ဆင်သွားသလို ထင်ရှားသည်။ (လယ်ပြင်ဆင်သွား. . . )
(၁၇၅၀) သောင်ပြင်မှာ လွှတ်သည့် ခွေးလို
(၁၇၅၁) သွေးနားထင်ရောက်
(၁၇၅၂) သွေးသည် အနီစွာ ငါ့ခန္ဓာတည်း။ (အနန္တသူရိယ)
(၁၇၅၃) သွေးသည်အသက်၊ အသက်သည်သွေး
(၁၇၅၄) သျှောင်ကြီးလျှင် ငိုက်၊ လူကြီးလျှင် မိုက်

## 'ဟ' နှင့်စသော မြန်မာစကားပုံများ

(၁၇၅၅) ဟိုကွေ့ရောက် ဟိုတက်နှင့်လှော်၊ ဒီကွေ့ရောက် ဒီတက်နှင့်လှော်။
(၁၇၅၆) ဟောင်တိုင်းလည်းမကိုက်၊ ကိုက်တိုင်းလည်းမဟောင်
(၁၇၅၇) ဟောင်လွန်းသည့် ခွေး လူမလေး
(၁၇၅၈) ဟားတိုက်ရယ်တာ မမှတ်နဲ့၊ ငရုတ်သီးစပ်လို့
(၁၇၅၉) ဟောတော့တရား၊ လုပ်တော့အမှား
(၁၇၆၀) ဟင်းချိုမမြည်းရမီ နှုတ်သီးစေ့နှင့်သည်။
(၁၇၆၁) ဟင်းရွက်ပေါင်းစုံ စုချက် ဟင်းချိုသည်၊ ကလေးကို များများဆုံးမက ကလေးကောင်းဖြစ်မည်။ (ကရင်)
(၁၇၆၂) ဟင်းစားကြက်က အတက်ကောင်းပေါက်နေသည်။
(၁၇၆၃) ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုး၏။
(၁၇၆၄) ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့
(၁၇၆၅) ဟုတ်တာဆို၊ နာလိုခံခက် အမျက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



(၁၇၆၆) ဟုတ်မှကျော်၊ ပုပ်မှပေါ်
(၁၇၆၇) ဟိုင်းဆင်ပါဆို ဘယ်မှာအစွယ်ထွက်ပါ့မလဲ။

## 'အ'နှင့်စသော မြန်မာစကားပုံများ

(၁၇၆၈) အကန်းမယား သနပ်ခါးလိမ်းရန် မလိုပါ
(၁၇၆၉) အကန်းထဲမှာ မျက်ခမ်းက လူမော်
(၁၇၇၀) အကန်းတစ္ဆေမကြောက်
(၁၇၇၁) အကမတတ် ဗျာစပ် အပြစ်တင်
(၁၇၇၂) အ,အ အိပ်မက်မက်သလို
(၁၇၇၃) အကွပ်မဲ့ကြမ်း ပရမ်းပတာ။ (အကွပ်မဲ့ဝါးကြမ်း)
(၁၇၇၄) အကြီးတွင် တဏှာ၊ အပူတွင် ကိလေသာ၊ အမွေးတွင် မေတ္တာ
(၁၇၇၅) အကျည်းတန် မှန်ကြိုက်
(၁၇၇၆) အကျီစားသန်တော့ ရန်ဖြစ်
(၁၇၇၇) အကျဉ်းအကျပ်တွေ့ခါမှ အရည်အချင်းတွေပေါ်သည်။
(၁၇၇၈) အကျယ်အကျယ် မငြိမ်းဖွယ်
(၁၇၇၉) အကြံကောင်းတစ်ချက်၊ အမိုကောင်းတစ်သက်
(၁၇၈၀) အကြံကုန် ဂဠုန်ဆားချက်
(၁၇၈၁) အကြံတူ နောက်လူသာမြဲ
(၁၇၈၂) အကြံတူ ရန်သူ၊ အလုပ်တူ ငြူစူ
(၁၇၈၃) အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်
(၁၇၈၄) အကျိုးလို၍ ညောင်ရေလောင်း ပတ်ထမ်းတွေ့
(၁၇၈၅) အကျိုးဆော့ အကန်းမော့
(၁၇၈၆) အခြေသန်မှ အရံပေါ်သည်။
(၁၇၈၇) အချောင်းတစ်ရာရှိသော မြား လူအများမချိုးနိုင်။ (ရှမ်း)
(၁၇၈၈) အချောပြင် ခေါပျဉ်ဖြစ်သည်။
(၁၇၈၉) အချောကိုလည်း မမက်နှင့်၊ အပြောကိုလည်း မကလက်နှင့်။
(၁၇၉၀) အခွန်ဆို မင်းထံသွင်း၊ လက်ဆောင်ဆို ကျွန်ထံနှင်း
(၁၇၉၁) အချစ်ဝင်တော့ အပြစ်မမြင်
(၁၇၉၂) အချစ်စစ် အချစ်မှန်တို့၏ လမ်းခရီးသည် ဖြောင့်ဖြူးခဲ့သည်။
(၁၇၉၃) အချစ်ရှာ အသာတွေ့၊ အပြစ်ရှာ အနာတွေ့





(၁၇၉၄) အချစ်နှင့်ကြက်ဥသည် အမြဲလတ်ဆတ်နေရမည်။
(၁၇၉၅) အချစ်သည် မျက်စိကို တိမ်သလ္လာဖုံးစေသည်။
(၁၇၉၆) အချစ်ဝင်တော့ ပျားသကာ၊ အပြစ်မြင်တော့ ခါးတမာ
(၁၇၉၇) အချစ်ပွဲစား အောင်သွယ်နှင့်ညားတတ်သည်။
(၁၇၉၈) အချစ်သည် မျက်စိမပါ
(၁၇၉၉) အချစ်ကြီးက အမျက်ကြီးတတ်သည်။
(၁၈၀၀) အချစ်ဟူသည် အိုသည်မရှိပေ
(၁၈၀၁) အချစ်ဦး မြေးဦးရတောင်မမေ့
(၁၈၀၂) အချစ်ဦးစနေ မီးလို့ပျွေ
(၁၈၀၃) အချိန်ရှိခိုက် လုံ့လစိုက်။ (လသာတုန်းဗိုင်းငင်)
(၁၈၀၄) အချိန်နှင့်ဒီရေသည် မည်သူ့ကိုမျှမစောင့်။ (လူကိုမစောင့်)
(၁၈၀၅) အချိန်မီချုပ် အစုတ်သက်သာ။ (အဝတ်အထည်)
(၁၈၀၆) အချိန်တန်တော့ နွားပိန်ကန်လိမ့်မည်။
(၁၈၀၇) အချိန်ကို ဝယ်လို့မရ
(၁၈၀၈) အချိုရှာ သကာတွေ့
(၁၈၀၉) အချိုပေါ် သကာလောင်း
(၁၈၁၀) အငိုလွယ် အရှိက်ခက်
(၁၈၁၁) အငိုတတ်သောကလေး နို့စို့ရ
(၁၈၁၂) အစာဝတော့ ဌာနပြန်
(၁၈၁၃) အစာလည်းဆေး၊ ဆေးလည်းအစာ
(၁၈၁၄) အငြင်းသန်ရန်ဖြစ်
(၁၈၁၅) အစရှိအနှောင်နှောင်
(၁၈၁၆) အစမကောင်းက အနှောင်းမသေချာ
(၁၈၁၇) အစကောင်းမှ အနှောင်းသေချာသည်
(၁၈၁၈) အစားသာအကုန်စား၊ စကားကို အကုန်မကြားနှင့်
(၁၈၁၉) အစားခြိုးပေါက်၊ အဝတ်ခြိုးပေါက်၊ နွားခြိုးပေါက်
(၁၈၂၀) အစားလွန် အစားများ ဖုဇကာပုဏ္ဏား စားပိုးနင့်သလို
(၁၈၂၁) အစားပုပ်သော် အလုပ်ကြာ၊ စကားရှုပ်သော် မဟုတ်ရာ
(၁၈၂၂) အစားမတော်တစ်လုပ်၊ အသွားမတော် တစ်လှမ်း၊ အပြောမတော် တစ်ခွန်း
(၁၈၂၃) အစားလူမမြင်၊ အဝတ်လူမြင်သည်။
(၁၈၂၄) အစားအသောက် မီးလိုတောက်၊ အလုပ်အကိုင် ခွေးလိုမှိုင်



www.burmeseclassic.com

www.burmeseclassic.com



(၁၈၂၅) အစည်းအရုံးရှိမှ အမှုညီညွတ်သည်။
(၁၈၂၆) အစစ်ရှိလျှင် အတုပေါ်စမြဲ
(၁၈၂၇) အစစ်တစ်ခု၊ အတုတစ်ထောင်၊ အယောင်တစ်သိန်း၊ အပလိန်း အနန္တ။
(၁၈၂၈) အဆိုမတတ်ဆဲသလို၊ အထိုင်မတတ်ဖြဲသလို
(၁၈၂၉) အစွမ်းမရှိတဲ့ လင်၊ အချင်မရှိတဲ့အိမ်
(၁၈၃၀) အဆီရှိမှ မီးတောက်သည်၊ အမှီရှိမှ ပြီးမြောက်သည်။
(၁၈၃၁) အဆီစား၍ အသားမဖြစ်။ (အသားမတင်)
(၁၈၃၂) အတုမြင် အတတ်သင်
(၁၈၃၃) အတိုင်းအရှည်လည်းသိ၊ အမြော်အမြင်လည်းရှိ
(၁၈၃၄) အ,တယ်ဆို ကုသိုလ်ရတယ်မှတ်လို့
(၁၈၃၅)အညှီရှိယင်အုံ
(၁၈၃၆) အညာသားပဲကြိုက်၊ အောက်သားငါးပိကြိုက်
(၁၈၃၇) အဆံမပါတဲ့ သကြန် အမြောက်လို
(၁၈၃၈) အဆင်းရှိသော်လည်း အချင်းမရှိ
(၁၈၃၉) အဆိပ်ပင်ရေလောင်း
(၁၈၄၀) အနိုပ်သည်က အကြောတက်နေလို့မဖြစ်
(၁၈၄၁) အနောင့်မလွတ် အသွားမလွတ် စကားပြောသည်။
(၁၈၄၂) အနေးကြဲလွဲသည်၊ အပြေးသန်လဲသည်။
(၁၈၄၃) အနှစ်ကိုအကာထင်၊ အကာကိုအနှစ်ထင်
(၁၈၄၄) အနှစ်မရှိသည့်တော ကြွက်ဆူပင်မင်းမူ
(၁၈၄၅) အနွယ်ကိုလည်း မဖျက်နှင့်၊ အလွယ်ကိုလည်း မမက်နှင့်
(၁၈၄၆) အနုမာန မျက်ရမ်းဆ
(၁၈၄၇) အနူတော လူချော
(၁၈၄၈) အနင်းခံရသော စပါးသန်သည်။ အကဲ့ရဲ့ခံရသောသူမှ လိမ္မာသည်။ (မရွှ)
(၁၈၄၉) အနာခံမှ အသာစံရ
(၁၈၅၀) အပူရှိရာ အအေးလာ၊ အအေးရှိရာ အပူထွက်
(၁၈၅၁) အပေါ်ယံက ပျားသကာ ၊ အတွင်းစစ်တော့ ခါးဗာမာ
(၁၈၅၂) အပေါ်ယံရွှေမှုန်ကြဲ အထဲက နောက်ချေးခံ မျိုးကမမှန်
(၁၈၅၃) အတုမြင်အတတ်သင်
(၁၈၅၄) အတောင့်မကြီး အသီးမမာ
(၁၈၅၅) အပြောမတတ် ဆဲသလို၊ အထုပ်မတတ်ဖြဲသလို





(၁၈၅၆) အပြောကလက်တစ်ခုပ်၊ အလုပ်ကလက်တစ်သစ်
(၁၈၅၇) အပြောမတတ် တစ်ခွန်း၊ အဟောမတတ် အဟွန်း။
(၁၈၅၈) အပြောက တောင်ကြီး၊ အလုပ်က ဆီးသီး
(၁၈၅၉) အပြောမတတ်တော့ ပါးစပ်၊ အဟောမတတ်တော့ ဇရပ်
(၁၈၆၀) အပြောဝတ်ဖျား၊ အနေက ချုံကြား။
(၁၈၆၁) အတွင်းထရံ အပြင်ကာ၊ အပြင်ထရံ အတွင်းကာ
(၁၈၆၂) အတွင်းလူယုံသတ်က သေတတ်သည်။
(၁၈၆၃) အထားလွယ် သူကြွယ်လက်ဆော့
(၁၈၆၄) အထီးလေ အမနောက်၊ အမလေ အထီးနောက်
(၁၈၆၅) အထီးလေ အမနောက်၊ အသီးကြွေ အပင်အောက်
(၁၈၆၆) အထက်ကိုဖား၊ အောက်ကိုဖိ
(၁၈၆၇) အထက်မှာပေ၊ အောက်မှာရွှေ၊ အလယ်ဝဲသိုက်၊ မျက်ဖြူဆိုက်
(၁၈၆၈) အထင်ရှိမှ အတွေး၊ အပင်ရှိမှ အပွေး
(၁၈၆၉) အနာကင်းသူ ရှင်ပါကူ။ (မဲ့သူ)
(၁၈၇၀) အနာခံမှ အသာစံရမည်။
(၁၈၇၁) အနာနှင့်ဆေး တည့် အောင်ပေး။ (ကိုက်အောင်ပေး)
(၁၈၇၂) အနာပဆုတ် ကျောလုံးကုပ်။ (ကျောလုံးပုပ်)
(၁၈၇၃) အနာမသိ ဆေးမရှိ၊ အနာသိ ဆေးရှိသည်။
(၁၈၇၄) အနာပေါ် တုတ်ကျ။ (အနာပေါ်ခဲကျ)
(၁၈၇၅) အနေချောင်လျှင် အသေကျပ်မည်၊ အနေကျပ်လျှင် အသေချောင်မည်။
(၁၈၇၆) အနီးမွေးမှ အဝေးကြိုင်သည်။
(၁၈၇၇) အနားကြည်လို့ အလယ်နောက်သည်။ (ကောသလအိပ်မက်)
(၁၈၇၈) အပျက်ကိုရှုပွား၊ ဝိပဿနာမြတ်တရား
(၁၈၇၉) အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်
(၁၈၈၀) အပြောမတတ် အပတ်မပြေ
(၁၈၈၁) အပြော ကိုဖူးညို၊ အဆို ကိုပု
(၁၈၈၂) အပင်ကြီးအောက် အပင်လေးပေါက်စမြဲ
(၁၈၈၃) အပင်ကြီးအသီးသေးသည့် ညောင်၊ အမြင်နီး ခရီးဝေးသည့် တောင်။
(၁၈၈၄) အပင်ကြီး၏၊ အသီးကား စားမရ
(၁၈၈၅) အပျော်လွန်လျှင် အပျင်းအဖတ်တင်
(၁၈၈၆) အပျော်ကြူး ဘီလူးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



(၁၈၈၇) အပွေးအခေါက်၊ အသားအနှစ်၊ ခွဲခွဲခြားခြား ဖွေစိစစ်
(၁၈၈၈) အပွေးအကွက်ထ သစ်သားအလှလက္ခဏာ
(၁၈၈၉) အပွေးမြင်အပင်သိ၊ အသွေးမြင် အသွင်သိ
(၁၈၉၀) အပွဲပွဲနွှဲလှုပြီ၊ သည့်တစ်ပွဲတွင်မှ နပ်ပစ်ခံရ
(၁၈၉၁) အပြစ်ကို လွှဲပါစေ၊ အချစ်ဆို မြဲပါစေ
(၁၈၉၂) အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး
(၁၈၉၃) အပျိုရှာ ကညာတွေ့၊ အချိုရှာ သကာတွေ့
(၁၈၉၄) အပျိုချောတိုင်း မယူနှင့်၊ အဝိုပေါ်တိုင်း မပူနှင့်။
(၁၈၉၅) အဖတ်ဆယ်မရလောက်အောင် ပျက်စီး
(၁၈၉၆) အဖတ်မတည် အရည်မရ
(၁၈၉၇) အဖြူထဲ အမည်းထင်၊ အမည်းထဲ အဖြူထင်
(၁၈၉၈) အဖျားတက် အမှည့် စားရနိုးနိုး
(၁၈၉၉) အဖီးအလုံးကောင်းသော ငှက်ပျောမျိုး ဖိုးမလွတ်ချေ
(၁၉၀၀) အဖခြေရာ သားလိုက်နင်း။ (မအေတူသား)
(၁၉၀၁) အဖကျွဲကျောင်း သားမြေးနှောင်း
(၁၉၀၂) အဖွင့်ကားတော့ အနံ့ပြယ်၊ အလှမ်းကျယ်တော့ အလယ်လစ်။
(၁၉၀၃) အဖန်ငါးရာ ငါးကမ္ဘာ
(၁၉၀၄) အဖိုးနည်း အိုးကွဲရ
(၁၉၀၅) အဖိုးနည်း ဝန်ပါ
(၁၉၀၆) အဖိုးမသိ မဝယ်နှင့်၊ အမျိုးမရှိ မကျယ်နှင့်
(၁၉၀၇) အဖိုးထက် လက်ခကြီး
(၁၉၀၈) အဖိုးတန်စိန်ကျောက်ရောင်းတုန်း ဝင်ရိုးသည်ကန့်လန့်
(၁၉၀၉) အဖော်ကောင်းလျှင် တကောင်းရောက်
(၁၉၁၀) အမေ့နို့တစ်လုံးဖိုးကို ကျေအောင်ဆပ်ပါဦး
(၁၉၁၁) အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲ
(၁၉၁၂) အမေမှာ မှာတဲ့အတိုင်း
(၁၉၁၃) အမေကျော် ဒွေးတော်လွမ်း
(၁၉၁၄) အမိယုတ်နှုတ်ကြမ်း၊ အဖယုတ်လက်ကြမ်း
(၁၉၁၅) အမိမဲ့သား ရေနည်းငါး
(၁၉၁၆) အမိကောင်းမှ သားကောင်းရမည်
(၁၉၁၇) အမြင်မတော် ဆင်တော်နှင့်ခလောက်





(၁၉၁၈) အမြင်ကောင်းအောင် မသာလောင်းနှံ့သာခြယ်သလို
(၁၉၁၉) အမြုတေရှိရာ အမြုတေစု
(၁၉၂၀) အမျိုးပျောက်မှာ စိုးကြောက်ပါ
(၁၉၂၁) အမျိုးထိ မချိအောင်နာ
(၁၉၂၂) အမျက်ကြီးသော် ပျက်စီးရာရောက်
(၁၉၂၃) အများတကာယိုတဲ့ချေး ပုဇွန်ဆိတ်ခေါင်းစု
(၁၉၂၄) အများမိုးခါးရေသောက် သောက်မှ။
(၁၉၂၅) အများညီ'ဤ'ကို 'ကျွဲ'ဟုဖတ်
(၁၉၂၆) အမဲဖျက် သခွား၊ မြေးဖျက် အဘွား
(၁၉၂၇) အမဲရိုးနှယ် ဟင်းအိုးမှ[illegible]မနာ
(၁၉၂၈) အမေးရှိမှ အဖြေရှိ
(၁၉၂၉) အမေးကျွဲကျောင်းသား၊ အဖြေဘုရားလောင်း
(၁၉၃၀) အမြိတ်ရှိလျှင် အဆာကောင်းမှု၊ အဖိတ်ရှိလျှင် အလာမနှောင်းစေရ
(၁၉၃၁) အမြစ်ကိုလျှောက်၍ နွယ်သည်၊ အပြစ်ကိုကြောက်၍ ကွယ်သည်။
(၁၉၃၂) အမြင့်ကကြည့် တော့ အားလုံးမြင်နိုင်သည်။
(၁၉၃၃) အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ အသံတဘောင်။
(၁၉၃၄) အမြင်အကြား မျက်စိနှင့်နားအဓိက
(၁၉၃၅) အမြင်အတွေ့များလျှင် ရိုးသွားတတ်သည်။
(၁၉၃၆) အမိုမရှိလျှင် ဘုရားတောင် မပွင့်။
(၁၉၃၇) အမိုရှိမှ ပြီးမြောက်သည်၊ အဆီရှိမှ မီးတောက်သည်။
(၁၉၃၈) အမိုကောင်းလျှင် တစ်ချက်၊ အနေကောင်းလျှင် တစ်သက်။
(၁၉၃၉) အမှားကြားက အမှန်ထင်။ (အမှန်ဖြစ်)
(၁၉၄၀) အမှုသည် ပါးစပ် ရှေ့နေမှာတပ်ဆင်
(၁၉၄၁) အမှုလည်းသိမ်း၊ မီးလည်းငြိမ်း
(၁၉၄၂) အမှုလွန်သော် ကျွန်ဖြစ်
(၁၉၄၃) အမှုမည်သည် အချည်အတုပ်မလွတ်
(၁၉၄၄) အမှုကြီးသော် ငယ်အောင်ပြု။ (ကြီးသောအမှု ငယ်စေ)
(၁၉၄၅) အရာမရောက်ဘဲ နွားပြားခလောက်ဆွဲ
(၁၉၄၆) အယုံအကြည်ရှိမှ အမှုမြဲသည်။
(၁၉၄၇) အမြီးအမောက်မတည့်
(၁၉၄၈) အမြီးစားဖက် ခေါင်းစားဖက်



www.burmeseclassic.com

www.burmeseclassic.com



(၁၉၄၉) အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား
(၁၉၅၀) အမှတ်အသားကောင်း၏၊ လိုခါမရ။
(၁၉၅၁) အမှိုက်ကစ ပြာသာဒ်မီးလောင်
(၁၉၅၂) အမှည့် တဝင်းဝင်း၊ အကင်းတပြိုက်ပြိုက်။ (----တဖြုတ်ဖြုတ်)
(၁၉၅၃) အရူးက တစ်မူးသာ
(၁၉၅၄) အရူး အရူးနှင့် အိမ်ဦးဈေးယိုသလို
(၁၉၅၅) အရူးအမဲသားကျွေးသလို
(၁၉၅၆) အရူးမီးဝိုင်းသလို
(၁၉၅၇) အရူးနွားသားကျွေးမိ၍ နွားမြင်ကိုင်းလက်ညှိုးထိုးပြ
(၁၉၅၈) အရူးချေးပန်းသလို။ (အရူးချေးပန်း [illegible]တာ)
(၁၉၅၉) အရူးကို ဗုံနှင့်မြှောက်၊ ခြေထောက်လို့က
(၁၉၆၀) အရောဝင် အရှိအသေတန်
(၁၉၆၁) အရဲကြိုးကုတ် ကြက်ရဲသုတ်သို့
(၁၉၆၂) အရေးကောင်း ဒိန်းဒေါင်းဖျက်
(၁၉၆၃) အရေးကြီး သွေးနီးရာ၏။
(၁၉၆၄) အရည်မရ အဖတ်မရ
(၁၉၆၅) အရပ်ကောင်းမှ အလောင်းလှသည်။
(၁၉၆၆) အရပ်ကူပါ လူပိုင်းပါ
(၁၉၆၇) အရင်းရပြီးက အမြတ်သာမျှော်ပါ။
(၁၉၆၈) အရင်းလဲ အဖျားထင်းဖြစ်။
(၁၉၆၉) အရင်းထွားမှ အဖျားကားနိုင်သည်။
(၁၉၇၀) အရင်းထမ်း အဖျားထမ်း။
(၁၉၇၁) အရင်းမစိုက် ၇လေ့ထိုးလိုက်
(၁၉၇၂) အရင်းစစ်တော့ အမြစ်မြေက
(၁၉၇၃) အရင်းကြီးမှ အမြတ်ကြီးသည်၊ အရင်းနည်းက အမြတ်နည်းသည်။
(၁၉၇၄) အရက်သမား အမှားကုဋေ
(၁၉၇၅) အရက်သမား အမှားတစ်ထောင်
(၁၉၇၆) အရက်မူး ကျွဲခိုးပေါ်
(၁၉၇၇) အရက်ပြတ် ခွက်ကပ်နှင့်မူး။
(၁၉၇၈) အရိပ်သုံးပါး နားမလည် ချေသူငယ် ကျားစာဖြစ်
(၁၉၇၉) အရိပ်ပြအကောင်ထင်





(၁၉၈၀) အရိပ်လာမှာ နေပူကစောင့်
(၁၉၈၁) အရိပ်ခိုခို အခက်ချိုးချိုး။ အရိပ်နေနေ အခက်မျိုးမျိုး
(၁၉၈၂) အရိပ်ကောင်းလျှင် ငှက်တစ်သောင်း ဝင်ကာခို။
(၁၉၈၃) အရိပ်လိုက နေပူကိုမသွားပါနှင့်။
(၁၉၈၄) အရိပ်ဩဇာ ရွာသူကြီးမှာတည်တယ်။
(၁၉၈၅) အရိပ်အိုးစည် တီးတိုင်းမြည်
(၁၉၈၆) အရပ်ရှိလျှင် အရိပ်ထွက်မြဲ
(၁၉၈၇) အရိပ်ကိုချစ်စေလိုသော် ပေးကမ်း
(၁၉၈၈) အရောင်းသာမှ အဝယ်သာသည်။
(၁၉၈၉) အရောင်လင်းတိုင်း နေမင်းမဟုတ်။
(၁၉၉၀) အရောင်ပြောင်တိုင်း ရွှေ[illegible]ဟုတ်
(၁၉၉၁) အရိုးပြင် အသားဖုံး
(၁၉၉၂) အရိုးများတဲ့ငါး အစားရခက်ခက်
(၁၉၉၃) အရိုးမရှိတဲ့ ပက်ကျိုလို
(၁၉၉၄) အရိုးများသော ချေးခါးသော
(၁၉၉၅) အရိုးကို အရွက်မဖုံးစေရာ။
(၁၉၉၆) အရောင်းလိုက်မှ အဝယ်လိုက်သည်။
(၁၉၉၇) အရိုင်းကို အယဉ်နှင့်မျှား
(၁၉၉၈) အရိုင်းမျိုး တောတောင်ကိုတိုး
(၁၉၉၉) အရှင်မေးတိုင်၊ ကျွန်အလှေးမဖြေနိုင်
(၂၀၀၀) အရှင်သုံးသော် မားမ, တုံးပင်ထက်
(၂၀၀၁) အရှင်ပင်ကြီးသော်လည်း အချီးအမြှောက်မရှိက လူမကြောက်
(၂၀၀၂) အရှင်ပေးသည့် စပါး၊ မစားရက်ခြတက်။
(၂၀၀၃) အရှင်မျက်သော် ဆွေခုနစ်ဆက်ပျက်
(၂၀၀၄) အရှင်ဘုန်းကြီး ကျွန်ခါးပြီး
(၂၀၀၅) အရှင်ကြီး ကျွန်ကြီး၊ အရှင်မြင့် ကျွန်တင့်
(၂၀၀၆) အရှင်အားရ ကျွန်ပါးဝ
(၂၀၀၇) အရှင်အာဏာ ကျွန်မှာမိုးကြိုးအလား
(၂၀၀၈) အရှင်မဲ့အရှင်၊ လင်မဲ့လင် ဝက်သားကင်နှင့် အရှင်ရှာ
(၂၀၀၉) အလကားရတိုင်း မယူလေနှင့်
(၂၀၁၀) အလကားရတဲ့နွား သွားဖြဲကြည့် မနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



(၂၀၁၁) အရည်စုပ်ပွဲမှာ အရည်လျှံ
(၂၀၁၂) အရည်အချင်းသည် အရေအတွက်မဟုတ်
(၂၀၁၃) အလုပ်ဟူသမျှ လုပ်ခါစ ဒုက္ခအရင်းရှိ
(၂၀၁၄) အလုပ်ဟူက ဂုဏ်ရှိစွ
(၂၀၁၅) အလုပ်များလေ အမှန်ကိုရှာတွေ့လေ။
(၂၀၁၆) အလုပ်တူ အကူအညီရ
(၂၀၁၇) အလုပ်ကိုလေးစား အလုပ်ကပြန်လည်လေးစားမည်။
(၂၀၁၈) အလုပ်မရှိ ကြောင်ရေချိုး
(၂၀၁၉) အလိုလိုက် အမိုက်စော်ကား
(၂၀၂၀) အလျင်အိပ်သူက နောက်မှပျော်
(၂၀၂၁) အလျင်လို လမ်းအိုလိုက်
(၂၀၂၂) အလျင်လို အနှေးတွေ့
(၂၀၂၃) အလျင်ဦးစွာပြီးမှ ဖွဲ့လုံ့လ
(၂၀၂၄) အလျင်စား ဖား။ နောက်မှစား ကျား
(၂၀၂၅) အလောင်းမှန် ရထားဆိုက်လိမ့်
(၂၀၂၆) အလိုက်သိ အကြိုက်သိလျှင် အငိုက်မိတတ်သည်။
(၂၀၂၇) အလှနှင့်ဖက် ရွှေချည်ရက်
(၂၀၂၈) အလှသည် တဒင်္ဂ၊ သဒ္ဓါရသည် သဘာဝ
(၂၀၂၉) အလိုကြီး အရနည်း
(၂၀၃၀) အလိုကြီးတာက တစ်လံ၊ အပြောက တစ်ထွာ။ (ပဒိုင့်)
(၂၀၃၁) အလှူရှင်၏ ငါးကြော်အိုး ဆွေမျိုးတွေကပိုင်း
(၂၀၃၂) အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြ
(၂၀၃၃) အလှူရေစက် လက်နှင့်မကွာ
(၂၀၃၄) အလှူတစ်ပွဲ ငရဲကတစ်ပိဿာ
(၂၀၃၅) အလှူမေး သူဌေးဖြစ်
(၂၀၃၆) အလှည့် ကျတော့ နွားမတောင် ထမ်းပိုးရုန်းရ
(၂၀၃၇) အလှည့် ကျ ပလို့ပတူ
(၂၀၃၈) အလျှောက်ကောင်းတော့ အထောင်းသက်သာ
(၂၀၃၉) အဝေတတ်မှ မြတ်သည်။
(၂၀၄၀) အဝေမတတ် ဆရာတော်
(၂၀၄၁) အဝကျဉ်း၍ အဝန်းလှသော ပုလင်း





(၂၀၄၂) အဝေးနေ တသက်သက်၊ အနီးနေ တကျက်ကျက်
(၂၀၄၃) အဝေးစကားထက် အနီးစကားကား ပို၍မှန်
(၂၀၄၄) အဝင်အထွက်သာ သတိထား၊ ထင်ရှားချမ်းသာမည်။
(၂၀၄၅) အဝတ်အစားနှင့်ခြောက် ညှော်သည်၊ အိမ်နှင့်ခြောက်အိမ်သည်။
(၂၀၄၆) အဝတ်လွန်သော် ဣတ္ထာ၊ အစားလွန်သော် ထိနမိဒ္ဓ
(၂၀၄၇) အသိအမြင်လုပ်ချင်သော်လည်း ကိုယ်တွင် သုခမရှိက မလျော်
(၂၀၄၈) အသိတရားနှင့် သတိထားရမည်။
(၂၀၄၉) အသိခေါက်ခက် အဝင်နက်
(၂၀၅၀) အသာစံဖို့ အနာခံရသည်။
(၂၀၅၁) အသေကောင်းရာ နိဗ္ဗူတာ
(၂၀၅၂) အသီးအနှံစိုက်သုံးစား အာယုဒီဃဆေးကြီးတစ်ပါး
(၂၀၅၃) အသီးအနှံအထွက်တိုးဖို့ ရေမိုး အဓိကကောင်းရသည်။
(၂၀၅၄) အသီးစားလိုသော် အပင်ကို မဖျက်ဆီးရာ။ (ရေလောင်းရာ၏)
(၂၀၅၅) အသီးလို အပင်တက်
(၂၀၅၆) အသီးလို အပင်ကိုချိုင်၊ သမီးလို အမေကိုတိုင်
(၂၀၅၇) အသီးမှာသရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက်
(၂၀၅၈) အသီးအတက် ခက်လက်ဗိဇ မျိုးဆက်ချ
(၂၀၅၉) အသီးတစ်ရာ အညှာတစ်ခု
(၂၀၆၀) အ·သီးကြွေ အပင်အောက်၊ အထီးလေ အမနောက်
(၂၀၆၁) အ,သောသူက တေးသီချင်းဆို
(၂၀၆၂) အသံသာရှိပြီး အဆံမပါသည့် သကြန်အမြောက်
(၂၀၆၃) အသံမှာတော်တော် အဆိုကရိုင်းစိုင်း
(၂၀၆၄) အသံကြားသနား မျက်နှာမြင် ချစ်ခင်
(၂၀၆၅) အသံကောင်း ရုပ်ချော မနောစင်ဖြူ
(၂၀၆၆) အသံကြောင့် ဖားသေ
(၂၀၆၇) အသက်သွေးခဲ အမြဲမရှိ
(၂၀၆၈) အသက်ရှင်ခြင်းသည် အနာကင်းမှ တန်ဖိုးရှိ၏။
(၂၀၆၉) အသက်ရှင်ခြင်း၏ တန်ဖိုးကို သေပြီးမှသိနိုင်သည်။
(၂၀၇၀) အသက်နှင့်လူမလုပ်၊ အရှက်နှင့် လူလုပ်သည်။
(၂၀၇၁) အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရသည်။
(၂၀၇၂) အသက်တန်းတစ်ရာ၌ လူတစ်ရာ ရုပ်မပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



(၂၀၇၃) အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ
(၂၀၇၄) အသက်မသေ ရွှေငွေမရှား
(၂၀၇၅) အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်
(၂၀၇၆) အသက်ကြီးပေမယ့် ပုတီးနှင့်ဝေးကွာ
(၂၀၇၇) အသားလိုလို့ အရိုးတောင်းသည်။
(၂၀၇၈) အသားညှိုစိမ့် ဗိုလ်လိမ့်ကျ။
(၂၀၇၉) အသားကိုလိုသော် အသည်းတောင်း။
(၂၀၈၀) အသားကဖြူဖြူ နန်းသူမို့လား၊ အသားတော်ညိုပြာညက် နန်းတော်ထက်ဖွား
(၂၀၈၁) အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်၊ အပြောမတော်တစ်ခွန်း။
(၂၀၈၂) အသွားပြိုင်ပေမယ့် အပြန်မှိုင်ရတဲ့ ပွဲပြန်လို
(၂၀၈၃) အသွားကျော့ကျော့ အပြန်ခါမော့မော့
(၂၀၈၄) အသွေးမြင် အသွင်သိ၊ အပွေးမြင် အပင်သိ
(၂၀၈၅) အသွေးအဆင်းကား လှပါ၏၊ ဒသကျင့်ယုတ်တတ်သည်။
(၂၀၈၆) အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်တည်။
(၂၀၈၇) အသင်ရှိမှအကြား၊ အကြားရှိမှ အမြင်ဗဟုသုတ များရာ၏။
(၂၀၈၈) အသင်အကြားရှိမှ မှတ်သားမိသည်။
(၂၀၈၉) အသွင်လှပါ၏၊ သို့သော် မလိမ္မာ။
(၂၀၉၀) အသွင်မတူ အိမ်သူမဖြစ်။ (အသွင်တူမှ အိမ်သူဖြစ်)
(၂၀၉၁) အသွင်လှဆန်း လူ့ပေါက်ပန်း
(၂၀၉၂) အအိပ်ကြီးသူ ရောဂါထူ၊ အစားကြီးသူ ဗိုက်ခေါက်ထူ
(၂၀၉၃) အအေးရှိရာ အပူလာ၊ အပူရှိရာ အအေးစု
(၂၀၉၄) အအိပ်လွန်သော် မောဟ၊ အစားလွန်သော် ထိနမိဒ္ဓ။
(၂၀၉၅) အအိပ်ကြီးသူ ကာလနဂါး၊ အစားကျူးသူ ဇူဇကာပုဏ္ဏား။
(၂၀၉၆) အာဂသတ္တိ အံ့ဖွယ်ရှိ
(၂၀၉၇) အူမတောင့်သည်ဖြစ်စေ၊ မတောင့်သည်ဖြစ်စေ သီလကား စောင့်ကိုစောင့်ရမည်။
(၂၀၉၈) အားနာလျှင် ခါးပါတတ်သည်။
(၂၀၉၉) အားနာလျှင် အားပါတတ်သည်။
(၂၁၀၀) အားမတန် မာန်လျှော့။
(၂၁၀၁) ဣတိပိသောနဲ့ တစ်ဝါဆို





(၂၁၀၂) ဤဇမ္ဗူမှာ ငါလိုလူမရှိ
(၂၁၀၃) အီတီတီက ဝက်သား၊ ငါးပိနှင့်ညားတာ လူမသိစေနှင့်
(၂၁၀၄) အီးသံနှင့်မိုးကြိုးသံ ပြင်းထန်ပုံတူနိုင်ရိုးလား။
(၂၁၀၅) ဥစ္စာက လူကိုချောက်ချားသည်၊ လူက ဥစ္စာကို မှောက်မှားသည်။
(၂၁၀၆) ဥစ္စာ ကံစောင့်၊ အသက်ဉာဏ်စောင့်။
(၂၁၀၇) ဥစ္စာကံပေး မရသေး၊ နှောင့်နှေးဗျာပါ မရှိရာ
(၂၁၀၈) ဥစ္စာပျောက် ငရဲရောက်။ (----ငရဲကြီး)
(၂၁၀၉) ဥစ္စာဟူသည် မျက်လှည့် မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး
(၂၁၁၀) ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်။ (ဥပဒ်ရောက်)
(၂၁၁၁) ဥစ္စာလိုသော် အရင်းစိုက်။
(၂၁၁၂) ဥစ္စာလိုသော် အမိုကောင်းကိုရှာ။
(၂၁၁၃) ဥစ္စာလိုသော် မပျင်းနှင့်
(၂၁၁၄) ဥစ္စာမရှိကတိမတည်
(၂၁၁၅) ဥစ္စာရင်လို ဥစ္စာရင်ခဲ
(၂၁၁၆) ဥပန်းယောင်ယောင် ဖောင်းယောင်ယောင်
(၂၁၁၇) ဥသြတစ်ခွန်း ယင်တစ်ဖွန်း
(၂၁၁၈) ဥသြအော်မြည် ကုန်းဘောင်တည်
(၂၁၁၉) ဥယျာဉ်ကောင်း ပေါင်းမြက်မကင်း
(၂၁၂၀) ဥမကွဲသိုက်မပျက်။ (တစ်မြေတည်းနေ တစ်ရေတည်းသောက်)
(၂၁၂၁) ဦးကစပါး ပဲ့ပြောင်း၊ ပဲ့ကစပါး ဦးပြောင်း
(၂၁၂၂) ဦးနွေး ဆံမြည့်
(၂၁၂၃) ဦးချိုရှိသော သတ္တဝါ ဦးချိုကိုသာ အားကိုးရသည်။
(၂၁၂၄) ဦးချိုရွက်ထားတဲ့ နွားဟာ ဦးချိုကို ပြန်မမြင်ဘူး၊ ကံကို ရွက်ထားတဲ့သူဟာ ကံကို ပြန်မမြင်ဘူး။ (ပအိုဝ်)
(၂၁၂၅) ဦးခေါင်းနှစ်လုံးသည် တစ်လုံးထက်ကောင်း
(၂၁၂၆) ဦးကနင်း ပဲ့ထောင်၊ ပဲ့ကနင်း ဦးထောင်
(၂၁၂၇) အေးစိုလိုလို့ တရားနာ၊ ပူဇာစယော
(၂၁၂၈) အေးသူကို ရေကူလို့လောင်း
(၂၁၂၉) အေးအတူ ပူအမျှ
(၂၁၃၀) အစ်ကိုထင် လင်သေလို့မှ မနေရ
(၂၁၃၁) အစ်ကိုကြီးအဖအရာ၊ အစ်မကြီး အမိအရာ



www.burmeseclassic.com

www.burmeseclassic.com



(၂၁၃၂) အပ်ကြောင်းမှာ အပ်တန်း
(၂၁၃၃) အပ်ဝင်၍ ပုဆိန်ထွက်
(၂၁၃၄) အပ်သွားရာ ချည်ပါ။
(၂၁၃၅) ဧည့် သည်ကြာ အိမ်သည်မုန်း
(၂၁၃၆) ဧည့် သည်ညဉ့် နက် အအိပ်ခက်
(၂၁၃၇) အုတ်ကြားမြက်ပေါက်။
(၂၁၃၈) အုတ်မရှိလို့ မြို့မတည်၊ နယ်နယ်မှတ်သလား
(၂၁၃၉) အုတ်အရောရော ကျောက်အရောရော
(၂၁၄၀) အောက်ကလည်းနေသေး၊ ဟာလည်းလဲ မလျှော့ချင်။
(၂၁၄၁) အောက်ခြေရောက်သည်အထိငုပ်၊ အဆုံးရောက်သည်အထိသွား။ (မှန်)
(၂၁၄၂) အောင့်အည်းသည်းခံခြင်းသည် ကြာမှအရသာတွေ့သည်။
(၂၁၄၃) အောင့်နိုင်အကျိုးရှိ၊ စောင့်နိုင် သူနိုးမိ။
(၂၁၄၄) အိတ်ပေါက်နှင့် ဖားကောက်သလို
(၂၁၄၅) အိပ်ပျော်သောသူထက် အိပ်ချင်ဟန်ဆောင်နေသူကို နှိုးရခက်၏။
(၂၁၄၆) အိပ်လို့လည်းမပျော်၊ ဆင်အော်လို့မနိုး။
(၂၁၄၇) အိမ်တွင်းမီး အိမ်အပြင်မမွှေးနှင့်၊ အပြင်မီး အိမ်တွင်းယူမလာနှင့်။ (တအာန်း)
(၂၁၄၈) အိမ်ကြိုအိမ်ကြား ပေါက်တဲ့သား စကားခပ်ကြွယ်ကြွယ်၊ ချုံကြိုချုံကြား ပေါက်တဲ့ဝါး အဖျားခပ်သွယ်သွယ်
(၂၁၄၉) အိမ်ရှေ့တမာ၊ နောက်မှာခံတက်၊ စီးပွားတက်
(၂၁၅၀) အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ
(၂၁၅၁) အိမ်မြှောင့်အမြီးပြတ် တဆတ်ဆတ် ခါသလို
(၂၁၅၂) အိမ်မရှိဘဲ ခွေးမွေးချင်
(၂၁၅၃) အိမ်မသာ ဧည့် မလာ၊ အိမ်ဆိုင်ပါ လာဘ်တိုက်
(၂၁၅၄) အိမ်နီးချင်း မြင်းပြင်းကတ်လျှင် မြင်းဝယ်စီးနိုင်၊
(၂၁၅၅) အိမ်နီးချင်းခွေးပုံကို ဖျာင်စား၍ ဝက်မွေးသည်။
(၂၁၅၆) အိမ်နီးချင်း ရှိသေအောင် ဟင်းခွက်ကမ်း
(၂၁၅၇) အိမ်နီးချင်းကောင်းမှလင်ကောင်းရ
(၂၁၅၈) အိမ်ထောင်သက်မွေး ခြနှယ်မေးသား
(၂၁၅၉) အိမ်ခြေတစ်ရာ ပြည်စိုးအစိတ်
(၂၁၆၀) အိုက်တာနှင့် ရေတွင်းထဲကျတာ အတော်ပဲ
(၂၁၆၁) အိုင်ကောင်းလျှင် စမ်းစိမ့်သည်။ (စမ်းယိုသည်)





(၂၁၆၂) အိုင်မည်တိုင်းကြာမပေါက်၊ ပေါက်တဲ့ကြာလည်း ကြာခွထောက်။ အိမ်မည် တိုင်းလည်း ဧည့် မရောက်၊ ရောက်တဲ့ဧည့် လည်းဧည့် ပြောက်သောက်။
(၂၁၆၃) အိုင်တွေ့လို့မှမလူး ကျွဲရူး
(၂၁၆၄) အိုင်တွေ့တိုင်းခြေဆေး
(၂၁၆၅) အိုင်ကောင်းလျှင် ဗျိုင်းကျသည်။
(၂၁၆၆) အိုးလေ့မှာ မိကျောင်းတက်သလို
(၂၁၆၇) အိုးရွဲ့ကို စလောင်းရွဲ့နှင့်ဖုံးရသည်။
(၂၁၆၈) အိုးတန်ဆန်ခတ်။ (အိုးနှင့်ဆန် တန်ရုံရှိစေ)
(၂၁၆၉) အိုးတော်လုပ် ဖုတ်ရင်းက မကျက်။ (---ကွဲ)
(၂၁၇၀) အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ။
(၂၁၇၁) အိုးကောင်းမှ ရေလုံသည်။
(၂၁၇၂) အိုးကောင်းရေစိမ့်သည်။
(၂၁၇၃) အိုးကွဲမှာကြာမြင့်စွာ ရေမတည်
(၂၁၇၄) အိုးကွဲချိပ်ဖာ လေ့ကွဲစီး
(၂၁၇၅) အိုးကမပူ စလောင်းကပူ။ (အိုးကမပူ ဖုံးခွက်ပူ)

## မြန်မာစကားလုံး စကားကြီးဆယ်မျိုးပြောနည်း

### ရေကူးညာတင်ပြောနည်း

ရေကူးညာတင်ပြောနည်း စကားမျိုးကား မြစ်တစ်ဖက်မှ အလိုရှိသော ဆိပ်ကမ်းသို့သွားလိုလျှင် အညာကတင်ကူးမှ လိုရာဆိပ်ကမ်းမှာ တင်သကဲ့သို့ ထို့အတူ စကားမှာလည်း အလိုရှိသည့် အရာ၌တင်အောင် အထက်က တင်ကူး၍ ပြောဆိုခြင်း သည် ရေကူးညာတင်နည်းမည်၏။

### ကောက်ပင်ရိတ်လှီးပြောနည်း

ကောက်ပင်ရိတ်လှီးပြောနည်း စကားမျိုးကား ကောက်ပင်ကို လက်တစ်ဖက် နှင့် ကြပ်ကြပ်ဆုပ်ပြီးလျှင် အရင်းက တံစဉ်ဖြင့်ဖြတ်၍ လက်တွင်းသို့ ဝင်သမျှ စပါး ကို ရှဉ်သုံးဆောင်ရသကဲ့သို့၊ သူ့စကားကို ဖမ်းမိအောင် ပြောဆိုပြီးလျှင် အရင်းက ဖြတ်၍ ပိုင်အောင်ပြောသောစကားမျိုးသည် ကောက်ပင်ရိတ်လှီးပြောသော စကားမျိုး မည်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးဖောင်ဆန်ပြောနည်း

ရေစီးဖောင်ဆန်ပြောနည်း စကားမျိုးကား ဖောင်ကြီးသည် အညာသို့ ဆန်သောကာလ လိုဖွယ်ဆန္ဒရှိသမျှကို ဖောင်ကြီးတွင်တင်၍ ဖြည်းညင်းသာယာစွာ ဆန်သွားလျှင် လိုရာအရပ်သို့ ရောက်ခဲ့၏။ ရောက်လျှင် လိုအင်ကိစ္စသုံးဆောင်ရ၍ ချမ်းသာကို ရသကဲ့သို့၊ ထို့အတူ စကားမှာလည်း ခြေသိမ်းခေါင်းပိုက် ဥပမာ ဥပမေယျနှင့်ဆိုက်အောင် ပြောသောစကားသည် ရေစီးဖောင်ဆန်စကားမည်၏။

အိုးတန်ဆန်ခတ်ပြောနည်း

အိုးတန်ဆန်ခတ်ပြောနည်း စကားမျိုးကား အိုးနှင့် ဆန်သည် တန်အောင်ချက် လျှင် ကောင်းမွန်စွာ နူးနူးနပ်နပ် သုံးဆောင်ရသကဲ့သို့ လိုအပ်သော စကားမျိုးသည် အိုးတန်ဆန်ခတ်ပြောသော စကားမျိုးမည်၏။

ဆီပွတ်ကျည်မွေ့ပြောနည်း

ဆီပွတ်ကျည်မွေ့ပြောနည်း စကားမျိုးကား ဆီကိုပွတ်စေသည်ကာလ အထပ် ထပ်ပွတ်လျှင် ဆီထွက်၍ သုံးဆောင်ရသကဲ့သို့ အလိုရှိသော စကားမျိုးကို အထပ် ထပ်ပြောခြင်းသည် ဆီပွတ်ကျည်မွေ့ပြောနည်း စကားမျိုးမည်၏။

ဆင်ငှေ့ရန်ရှောင်ပြောနည်း

ဆင်ငှေ့ရန်ရှောင်ပြောနည်း စကားမျိုးကား ဆင်ငှေ့မည်ဟုလိုက်လျှင် ဆင်သည် အားကြီးလှသောကြောင့် ရပ်ခံလျက်နေလျှင် ဘေးရောက်မည်ဖြစ်၍ မရပ်မခံဝံ့ တိမ်း ရှောင်လွဲသွေ လွတ်ရာနေလျှင် ချမ်းသာရသကဲ့သို့ ကိုယ့်သို့ရောက်မည့် စကားဖြစ် လျှင် ရှောင်လွှဲ၍ ပြောဆိုခြင်းသည် ဆင်ငှေ့ရန်ရှောင်ပြောနည်း စကားမျိုးမည်၏။

တောင်သူယာခုတ်ပြောနည်း

တောင်သူယာခုတ်ပြောနည်း စကားမျိုးကား တောင်သူတို့သည် ယာခုတ်လျှင် တောချုံသစ်ပင်တို့ကို စင်ကြယ်အောင် တီထွင်ပြီး၍ နောက်မှ သစ်ပင်ကြီးကို ဖြိ၍ လှဲဘိသကဲ့သို့ စကားငယ်များကို အရင်ပြော၍ နောက်မှ စကားကြီးများကို ဖြိ၍ပြော သောစကားသည် တောင်သူယာခုတ်ပြောနည်း စကားမျိုးမည်၏။





ကြက်ဆုတ်ခွပ်ပစ်ပြောနည်း

ကြက်ဆုတ်ခွပ်ပစ်ပြောနည်း စကားမျိုးကား ကြက်တို့သဘောသည် ခွပ်သော ကာလ နောက်သို့ဆုတ်ဟန်ပြု၍ ခွပ်သောအခါမှသာ စီး၍ခွပ်သကဲ့သို့ စကားမှာလည်း သူ့အလိုသို့ လိုက်တန်လျှင်လိုက်၍ စီးသောအခါမှ စီး၍ပြောသော စကားမျိုးသည် ကြက်ဆုတ်ခွပ်ပစ်ပြောနည်း စကားမျိုးမည်၏။

ရေစစ်ကရား ရေသွားသောသွင်ပြောနည်း

ရေစစ်ကရား ရေသွားသောသွင်ပြောနည်း စကားမျိုးကား ရေစစ်သောကရားကို ရေတွင်နှစ်၍ ရေပြည့် လျှင် အပေါက်ကို လက်နှင့်ပိတ်၍ယူကာ ရေမထွက်နိုင်သကဲ့သို့ သူ့စကားကို ပိတ်မိအောင် ပြောသောစကားသည် ရေစစ်ကရားပြောနည်း စကားမျိုးမည်၏။

ခက်တင်မောင်းနင်းပြောနည်း

ခက်တင်မောင်းနင်း ပြောနည်းစကားမျိုးကား သူ၏ စကားကို ဟုတ်၏လည်း မဆို မတင်မကျ ပြောသောစကားသည် ခက်တင်မောင်းနင်းပြောနည်း စကားမျိုးမည်၏။

စကားကြီးဆယ်မျိုးပြောနည်း ပြီး၏။

* * *

## မြန်မာစကားပုံ စကားခြောက်ဆယ်

လစ်ဟင်းရာသည်

မင်းမရှိသောပြည်၊ အမှုမရှိသောတရား၊ စကားမတတ်သော ရှေ့နေ၊ မပြေပြစ်သော သံတမန်၊ ကျမ်းဂန်မတတ်သော ရဟန်း၊ တိုင်တန်းသူမရှိသော ကြွေးရှင် ယောကျ်ားကဲ့သို့ အမှားမှားအယွင်းယွင်း လစ်ဟင်းရာသည်။

ပြင်လွင်စကား

အဘမရှိ အမိမဲ့သား၊ လင်မရှိသည့် မိန်းမ၊ မယားမဲ့သည့် ယောကျ်ား၊ အရှင် မဲ့သည့် /ကျွန်၊ တံခွန်မဲ့သည့် ရထားကဲ့သို့ စီးပွားမတွင် ပြင်လွင်စကားသာဖြစ်ရာသည်။



www.burmeseclassic.com

www.burmeseclassic.com



### ပရမ်းပတာရှိရာသည်

အဘရှိ အမိမဲ့သား၊ ချွန်းဖျားမအုပ်သော ဆင်၊ မျှဉ်းမတင်သော လှေ၊ တက်မမရှိသော လှေ၊ ရှေ့နေခုံမဟုတ်သော တရား၊ အနားစုတ်ပြတ်သော ယပ်ပုဆိုး၊ ဇက်ကြိုးမရှိသော မြင်း၊ ကန်သင်းမရှိသော လယ်၊ ကြိမ်နွယ်လျှော်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာရှိရာသည်။

### ဘောက်လွဲရာသည်

ဖွဲပုံ၌နက်သော သံတင်း၊ မြင်းကျောက်ကုန်း၌ တင်သောဖရုံသီး၊ သူကြီးမအုပ်သော ငယ်သား၊ အထိန်းမထားသော ချည်ခင်ကဲ့သို့ အရှင်မမြဲ ဘောက်လွဲရာသည်။

### ပေါ့ရာသည်

ဆားမရှိသောဟင်း၊ အရင်းမရှိသောကုန်၊ အမှုန်အနည်များသောရေ၊ လူလေပေါ်သောရွာ၊ သဒ္ဓါတရားမရှိသောသူ၊ အလှူပေးလျက် သီလပျက်သောအမျိုး၊ ဗိုင်စိုးပါငြား တရားမတတ်သော သူကြီးကဲ့သို့ ဟူးရိုးဟူးရား စကားမလေး ဂွမ်းမွေး ပမာ ပေါ့ရာသည်။

### အရာမထင်လွှင်စကား

ယုန်တောင်ပြေးခွေးမြောက်ကိုလိုက်၊ ပိုက်ထမ်းသူကားအရှေ့၊ ငှေ့ခြောက်သူကား အနောက်ဆိုသကဲ့သို့ ခုံယူတခြား တရားတထွေ ဆင်ခြင်လိမ့်သည် အမှုသည် ပြောင်းပြန်ရှိဟန်ဆိုမိသည်။

ပန်းကိုအမွှင့်၊ လူကိုအကျင့်၊ ရှင်ကိုအတင့်၊ သွားမည်ဆိုလျှင်အသင့်၊ ပညာကိုအချင့်၊ လူကိုအမျိုး၊ မြင်းကိုဇက်ကြိုး၊ ရေကိုအရိုး၊ လှေကိုတိုးဝါး၊ ပျော့ရာမှာ ဖယောင်း၊ မာရာမှာ သံချောင်း၊ ထက်ရာမှာရေစောင်း၊ နံရာမှာထနောင်း၊ ပေါ့ရာမှာ ဘူးတောင်း၊ တိုးရာမှာ ဓားမပြောင်း၊ ကြောင်သွား၍ ဆီးနင်းမကြေ၊ ခွေးဟောင်၍ တောင်ပို့မပြေ၊ လေလာ၍ ကျောက်တိုင်မရွေ့၊ ဆီးစေ့နှင့်ပစ်၍ မြင်းမိုရ်တော့ မယိမ်းမယိုင်သကဲ့သို့ ဖြစ်ချေသည်။

* * *





လေးပါးသော အမျိုးသားတို့၌ ပြောလစ်းဆိုလမ်းများတွင် အခွင့်ကောင်းကို ထောက်မျှော်၍ ပြောဆိုသွန်သင်ရမည့် ဥပမာစကားပုံများကား

မာတန်သော အရေးတွင် သံချောင်း၊ ပျော့တန်သော အရေးတွင် ဖယောင်း၊ မြင့်တန်သော အရေးတွင် နေ,လ၊ နိမ့်တန်သော အရေးတွင် ကြက်မ၊ ရေရှိုးကို ကျင်လည်သော် ရေတိမ်ရေနက်ကို သိလွယ်၏။ မင်း၌ခယမ်း၌ မင်းရိပ်မင်းခြည်ကို သိခက်သည်။ ချီးမွမ်းလွန်သော် မချေင်။ အပြစ်တင်လွန်သော် မကျိုးမနွံ။ သစ်ပင်ကြီးပိသော် ဘေးရောက်၏။ စာသူငယ် ပြောင်ကို မလေး။ မြေခွေး ကျားကိုမဝံ့။ အဝင်လွန်သော် အထွက်ခက်၏။ အချစ်လွန်သော် အတင့်ရဲ၏။ ကြက်ကန်း အစာကောက်သည်ကား ကျောက်သလဲစ ဂိ၏။ ထက်မြက်လွန်သောဆင်မြင်းသည် ခလုတ်ကန်သင်းထိမိ၏။ သဒ္ဓါလွန်သော် အပေးအကမ်းကျွံသည်။ ပညာလွန်သော် အပေးအကမ်းဆွံ့သည်။ သမာဓိလွန်သော် အမှုမတွင်။ ဝီရိယလွန်သော် အပြစ်မမြင်။ ကျွန်လိမ္မာကို အလိုလိုက်သော် ခန့်ညားသည်။ ကျွန်မိုက်ကို အလိုလိုက်သော် စော်ကားသည်။

မြင်ပါများသော် ငယ်၏။ နမ်းပါများသော် ပြယ်ပယ်။ ယုံကား ယုံ၏ အမှုမကုန်၊ အမှုကား ကုန်၏မယုံ။ ဝရမိန်လက်နက် မိုးကြိုးစက်ကားတစ်ချက်သာ သေစေနိုင်သည်၊ အရှင်စိုးမင်း မျက်သော်ကား ဆွေခုနစ်ဆက်ကြေသည်။ မစွမ်းသန်သည့် ဝန် ညည်း ကလွန်၊ စွမ်းသန်သောသူနှင့်ပြိုင်မှုကား မခံနိုင်။ လိမ္မာမှ စကားတတ်သည်။ ပညာရှိမှ ခွင့်သိသည်။ စားခြင်း၌ လက်တစ်ဆစ်၊ ဆိုခြင်း၌ မူကိုးနစ်၊ သစ်ပင်တက်သော် လေပြင်းလူကိုသိသည်။ ချစ်သော် မခြားမနား၊ မုန်းသော် ကစဉ့် ကလျား။ ကြောင်လက်သည်းသည်ကား အခါမဲ့ကို ဖုက်သည်၊ အရေးရှိမှ ထွက်၏။ လူလိမ္မာကား အခါမဲ့ကို ဖုက်၏၊ အရာရောက်မှ ထွက်၏။

သား,မရှိသေက ကျွန်,မရှိသေက ဗိုလ်ခြေမခိုင်းနိုင်။ ကျွဲနွားရှိင်းသော် ကြိုး ကိုင်လည်၏။ ကျေးကျွန်ရိုင်းသော် အမှုကျယ်၏။ ကျွန်မိုက်ကို အရောဝင်သော် အရှင်ကို အရိုအသေတန်သည်၊ ကျွန်လိမ္မာကို အရောဝင်သော် အရှင်ကို ကျိုးနွံသည်၊ မြွေအစွယ်ကား ဒဏ်ချက်ငယ်သည်ဟူ၍ မလေးသော် အသက်သေဆုံး၏။ မင်းမျိုး မင်းနွယ်ကို ငယ်သည်ဟူ၍ မလေးသော် ပျက်စီးပြုန်းတီး၏။ တံငါကို အိမ်ဖက်ပြုသော် အိပ်ပျက်၏။ လူမိုက်အယူကို နှစ်သက်သော် အမှုထွက်၏။ လူလိုမှ နတ်လိုသည်၊ နတ်လိုမှ စီးပွားများသည်။ ယာယီအိမ်ကို မခိုင်စေနှင့်၊ အထိန်းကို မပိုစေနှင့်၊ မယားကို မနိုင်စေနှင့်။ ဆင်အစွယ်ကား ဒဏ်ချက်ကြီး၏၊ အနီးမခန့်ငြား မြွေအစွယ်ကား စဉ်းငယ်ထိသော် အသက်သေသည်။ ကျွန်မိုက်ကို အရောဝင်သော် အရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အကျိုးယုတ်သည်။ ဝက်သားကင်နှင့် အရှင်ရှာသည်။ အရေးကောင်းကို ဒိန်းဒေါင်း ဖျက်သည်။ အနာမဲ့ကို ဆေးကုလွန်သော် ခာတ်ပျက်သည်။ အခါမဲ့ကို တန်ဆာလွန်သော် အမြင်ခက်သည်။ ဈေးစပါးကို မျိုးပြု၍ အကျိုးမရှိ။ လူမိုက်ကို အစဉ်သုံးသော် အကျိုးအပြစ်ကို မသိ။ ဆရာကိုလွန်သော် ရှုံးသည်။ မြင်းကိုလွန်သော် မှုံးသည်။ ကျားချင်းကိုက်ရာမှာ သမင်ကူမှားသည်။ မြွေနေသောတွင်းကို ခွေးအနံ့ရှူများသည်။ အမှိုက်ကိုမွှေသော် မြွေတွေ့သည်။ ဆရာကောင်းသော် တစ်သက်၊ အနေကောင်းသော် တစ်ချက်၊ လူမိုက်ကိုစေသော် ရန်တွေ့သည်။ အရှင်စိုးမင်းမျက်သော် တစ်နေ့ချင်း ဆုတ်ပျက်သည်။ လူသတင်းကို လူချင်းဆောင်သည်၊ ပန်းသတင်းကို လေညှင်းဆောင်သည်။

သားမကောင်းသော် အမိအဘ အ...ျိုးယုတ်သည်။ ကျွန်မကောင်းသော် အရှင်သတင်းပုပ်သည်။ ရေတိမ်ရေနက်ကို သိလိုသော် ကြာရိုးကြာစွယ်ကို မြင်သဖြင့် သိလွယ်၏။ ဆိပ်ကမ်းတည်းဖွယ် မကောင်းသည်ကို လှေသားတို့ပြောသည်။ မယား မကောင်းသည်ကို ကျွန်ပြောသည်၊ တရားသူကြီးမကောင်းသည်ကို အမှုသည်တို့ ပြောသည်၊ ပြည်ရွာကွပ်မကောင်းသည်ကို ရွာသားတို့ ပြောသည်။ ရဟန်းက မင်းကျင့်ကျင့်သော် သီလညစ်သည်။ မင်းက ရဟန်းကျင့်,ကျင့်သော် စီးပွားလစ်သည်။ ခလုတ်ထိမှ အမိတသည်၊ အလုပ်ရှိမှ သတိရသည်။ သားရေပေါ်တွင် အိပ်သောခွေး၊ ၄က်ပျောပင်ရိပ်တွင် နိုသောကျွဲ၊ ညောင်ပင်ရိပ်တွင်နေသော ဆင်ကဲ့သို့ အရိပ်ကို ဖျက်ဆီးသည်။

တောမျောက်ကို သန်လျက်ပေး၍ အိမ်ရာစောင့်ထည့် မှားသည်။ ရွှေမရှိသော ဘုရားကို လူမရိုသေ။ အဝတ်တန်ဆာညစ်သော မင်းတို့သည် ကျက်သရေမရှိ။ အဆွေခင်ပွန်းနည်းသော သူတို့သည် အကြံမရှိ။ ယောက်ျားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော် မခံနိုင်။ တစ်ယောက်အားနှင့် ယူသော်မရ တစ်သောင်းအားနှင့် ယူသော်ရ၏။ လာမည့် ဘေးကို အဝေးကမြင်မှ အသက်ရှည်သည်။ မဖော်ခင်က ချောက်နှင့်သည်၊ မဆိုခင်က ကြောက်နှင့်သည်၊ မမေးခင်က ထောက်နှင့်သည်၊ မငေါက်ခင်က နိုနှင့်သည်။ နီးသော် တကျက်ကျက်၊ ဝေးသော် တသက်သက်။

လူမိုက် နိဗ္ဗာန်ကိုကြောက် မှားသည်၊ ကြောင်ရှေ့တွင် ကြွက်မြူးစား မှားသည်၊ ကျောက်ဖျာမှာ ဝက်တူးစားမှားသည်၊ နွားသငယ် ကျားကိုအမိမှတ်၍ကပ် မှားသည်။

သူ့သားကို ချစ်မှားသော် မုန့်ကုန်သည်၊ သူ့မယားကို ချစ်မှားသော် ကွမ်း ကုန်သည်။ အပ်သွားရာကို ပေါက်ဆိန်မဝင်၊ ပေါက်ဆိန်ရာမှာ အပ်သွားမရောက်။ မိကျောင်းမင်းကို ရေကူးသင်သည်၊ တံငါကို ပိုက်ထိုးသင်သည်၊ မုဆိုးကို သားထိုး





သင်သည်။ မြေဖြူကို ထုံးပြု၍ ကွမ်းနှင့်စားသော် ကွမ်းရေမလှ၊ တောခပ်ပျာကို ရွှေ နေရာမှာသုံးသော် အရောင်မလှ။ လူမလိမ္မာကို အရာအကြံသည်။ ဆံချည်နှင့် လည်ပင်း ပြတ်သည်။ ပျားရည်နှင့် ဝမ်းချသည်။ လက်ကိုဖက်၍ ပတောက်ကို နိုက်သည်။ သူနိုးကို တိုက်စိုးထည့် သည်။ တောသစ်သီးကိုလိုသော် တောအုတ်ခဲနှင့် ပစ်သည်။ တောဟင်းရွက်ကိုလိုသော် တောသစ်ခက်နှင့်ချူသည်။ တောစပါးကိုလို သော် အိမ်စပါးနှင့် ရင်းသည်။ လှေမျောလျှင် လှေချင်းလိုက်သည်။ တောကြက်ကို ခါတိမ်ညင်နှင့်တည်မှ ရသည်။

ဆင်ချည်သောကြိုးနှင့် ကြည်ချည်သော်မမြဲ ကြည်ချည်သောကြိုးနှင့် ဆင် ချည်သော် မခံနိုင်။ အားမရှိဘဲ ဆားလျက်သော် ရင်ဆာသည်။ အနှောင့်နှက်သော် သွားနာသည်။ မယားရုက်ကို ဝိပါက်ပါသည်။ ပညာရှိသည်ဟူ၍လည်း ကိုယ်တည်း မကြံရာ။ မနာလိုသော် မဆိုနှင့်၊ ...ဝင်လိုသော် မမျိုနှင့်။ ကျီစားသန် ရန်ဖြစ်သည်။ အလိုကြီးအရနည်းသည်။ အရနည်းက လက်ချည်းရှိသည်။

မြန်မာစကားငယ်မှတ်စုစကားပုံပြီး၏။

* * *

မော်ဝီဆရာသိန်း၏ စကားပုံများ
(ပေါရာဏဒီပနီ ဒုတိယတွဲမှ ထုတ်နုတ်ဖော်ပြပါသည်။)

* မင်းမရှိသောပြည်၊ အမှုသည်မရှိသော တရား၊
စကားမတတ်သော ရှေ့နေ၊ မပြေပြစ်သော တမန်၊
ကျမ်းဂန်မတတ်သော ရဟန်း၊
ဆိုင်ခံသက်သေမရှိသော ကြွေးရှင်ယောက်ျားကဲ့သို့
အမှုလစ်ဟင်းရာသည်
မိဘမရှိသောသား၊ မယားမရှိသော လင်၊
အရှင်မရှိသော ကျွန်၊ တံခွန်မရှိသော ရထားကဲ့သို့
စီးပွားမမြင် မထင်မပေါ်၊ မကျော်မစောရာသော
စကားသော်လည်းကောင်း ဖြစ်ရာသည်။

* ဖွဲ့ပုံ၌နှက်သော သံတင်း၊
မြင်းကျောက်ကုန်း၌တင်သော ဖရုံသီး၊



www.burmeseclassic.com

www.burmeseclassic.com



သူကြီးမအုပ်သော ငယ်သား၊
အထိန်းမထားသော ချည်ခင်ကဲ့သို့
ဖောက်လွဲရာသော သဘောရှိသည်။

* မိဘမအုပ်သော သား,
ချွန်းမအုပ်သော ဆင်,
မျဉ်းမတင်သော လွှ,
ရှေ့နေခုံမအုပ်သော တရား,
အနားစုတ်ပြတ်သော ယပ်ပုဆိုး,
ဇက်ကြိုးမကိုင်သော မြင်း,
ကန်သင်းမရှိသော လယ်,
ကြိမ်နွယ်လျှော်စပြတ်သော ကြမ်းကဲ့သို့
ပရမ်းပတာရှိရာသည်။

* ဆားမခတ်သော ဟင်း,
အရင်းမရှိသော ကုန်,
အမှုန်အနည်များသော ရေ,
လူလေပေါသော ရွာ,
သဒ္ဒါမရှိမူ၍ အလှူမပေးသော အမျိုး,
ပိုင်စိုးပိုင်ငြား တရားမတတ်သော သူကြီးကဲ့သို့
ဟူရီးဟူးရား စကားမလေး
ဂွမ်းမွေးပမာ ပေါ့သည်သာဖြစ်ရာသည်။

* ပန်းကိုအပွင့်, လူကိုအကျင့်, လျှာကိုအတင့်
ညာကိုအချင့်, သွားမည်ကိုအသင့်။

* လူကိုအမျိုး, မြင်းကိုဇက်ကြိုး, လှေကိုထိုးဝါး

* ပျော့ရာမှာဖယောင်း၊ မာရာမှာသံချောင်း။

* တုံးရာမှာ ဓားမ,ပေါင်း၊ ထက်ရာမှာ ရေစောင်း
ရှံ့ရာမှာ ထနောင်း၊ ပေါ့ရာမှာ ဖူးတောင်း။

* ကြောင်သွား၍ ဆီးနှင်းမကြွေ၊
လေလာ၍ ကျောက်တိုင်မရွေ့၊
ခွေးဟောင်၍ တောင်ပို့မရွေ့၊





ဆီးစေ့နှင့်ပစ်၍ မြင့်မိုရ်တောင်မယိမ်းယိုင်နိုင်
ဆိုဘိသကဲ့သို့ ဖြစ်ရာသည်။

* သမားနှင့်ဝေးသော သူနာ,
ဆရာနှင့်ဝေးသော တပည့် ,
မကြည့် ဘဲလွှားသော ယောက်ျား,
ခရီးမှားသော သူအို,
ထိုးဝါးတိုသော လှေစီး,
ဆီမီးမထွန်းသော တိုက်,
ညည့် မိုက်သောအခါသကဲ့သို့
ရောင့်ရီးရောင်ရမ်း အရူးအစမ်းများရာသည်။

* ငယ်တတ်မှ ကြီးသည်၊ ဝယ်တတ်မှ ပြီးသည်၊
ရှယ်တတ်မှ နီးသည်၊ သယ်တတ်မှ စီးသည်၊
ကွယ်တတ်မှ ဆီးသည်၊
ကြွယ်တတ်မှ ပြီးသည်ဆိုသကဲ့သို့
သတိပညာ ထားရာသည်။

* အချစ်တတ်မှ အကျိုးရှိသည်၊
အဆစ်တတ်မှ အဖိုးသိသည်၊
အထားတတ်မှ အကျိုးမြောက်သည်၊
အသွားတတ်မှ ခရီးရောက်သည်၊
အချစ်မတတ် ရှောင်ကြဉ်သည်၊
အရစ်မတတ်လျှင် ချောင်သည်၊
အထစ်မတတ်လျှင် စောင်းသည်ဆိုသကဲ့သို့
အကျိုးရောက်,မရောက် ဆင်ခြင်ရာသည်။

* သားနှင့်ပေါင်းရသည် အငယ်သာ၊
သမီးနှင့်ပေါင်းရသည် အရွယ်သာ၊
ကျွန်နှင့်ပေါင်းရသည် အရာမရခင်သာ၊
တပည့် နှင့်ပေါင်းရသည် အရာမရခင်သာ။

* နွားကိုချစ်လျှင် မကျွာကျောင်း၍ ခြံသွင်း၊
သားကိုချစ်လျှင် ဆရာကောင်းထံ အပ်နှင်း။



www.burmeseclassic.com

www.burmeseclassic.com



* အမိုးပင်ရှိသော်လည်း အကာမရှိက လူမခိုမနေ၊
အရိုးပင်ရှိသော်လည်း အရာမရှိက လူမရှိသေ။
အပင်ကြီးသော်လည်း မသီးမပွင့်က လူမရောက်၊
အရှင်ပင်နီးသော်လည်း မချီးမမြှင့်က လူမကြောက်။

* မသိဘဲကို မစမ်းရာ၊ မရှိဘဲကို မကမ်းရာ၊
မထိဘဲကို မလှမ်းရာ၊ မမိဘဲကို မဖမ်းရာ။
အစွမ်းပင်ရှိသော်လည်း သတိဖြစ်ခဲ့သည်။
အကန်းပင်ဖြစ်သော်လည်း အချည်ဖြစ်ခဲ့သည်။
အကျွမ်းပင်ဖြစ်သော်လည်း အသိဖြစ်ခဲ့သည်။
အလှမ်းပင်ဖြစ်သော်လည်း ကတိဖြစ်ခဲ့သည်။

* ခွေးလိမ္မာလျှင် ဖက်ကိုသာ ဆုပ်သည်၊
ဆင်စီးလိမ္မာလျှင် ချွန်းကိုသာ အုပ်သည်၊
လူလိမ္မာလျှင် ခနကိုသာ ချုပ်သည်။

* ဥစ္စာရှိသူတို့မှာ မျက်စိကို မချွတ်စေရာ၊
ပညာရှိသူတို့မှာ အချစ်ကို မပြတ်စေရာ၊
သစ္စာရှိသူတို့မှာ သတိကို မလွှတ်စေရာ။

* အရာကောင်းလျှင် တစ်သက်၊
အနေကောင်းလျှင် တစ်သက်၊
အနံ့ကောင်းလျှင် တစ်လက်၊
အလာကောင်းလျှင် တစ်ရက်၊
အပင်ကောင်းလျှင် တစ်ရွက်၊
အပွင့်ကောင်းလျှင် တစ်ခက်၊
ပညာကောင်းလျှင် ပဒေသာ။

* မေတ္တာကောင်းလျှင် ရန်မကွာ၊
သဒ္ဓါကောင်းလျှင် နောက်သို့ပါ။

* အထောက်မမှီသောရေ၌ မရဲရာ၊
အကြောက်ညီသော ပြည်ရွာ၌ မတည်းရာ။

* အဖိုးမသိသမျှကို မဝယ်ရာ၊





အမျိုးမရှိသမျှကို မကျယ်ရာ၊
အရိုးမရှိသမျှကို မရွယ်ရာ၊
အဆိုးမရှိသမျှကို မကယ်ရာ၊
အတိုးမရှိသမျှကို မလှယ်ရာ၊
အစိုးမရှိသမျှကို မငယ်ရာ။

* ယောက်ျားပင် ကောင်းသော်လည်း
မကွာမသွားစေနှင့်။
ဖောက်ကားပင် ကောင်းသော်လည်း
အကြာမထားစေနှင့်။
ကောက်သားပင် ကောင်းသော်လည်း
စာ မစားစေနှင့်။

* သားမြေးမရှိသော မိန်းမ၊
တပည့် မရှိသော ဆရာမ၊
နောက်လိုက်မပါသော သခင်၊
ခက်ရွက်မမြင်သော သစ်ပင်၊
ဥမပေါက်သော ကျေးငှက်ကဲ့သို့၊
မလေးမစား အများလူမိုက်
မရှိမသေ ပြုသည်သာဖြစ်ရာသည်။

* မိဘတို့စကားကို မနာ၊
ဆရာတို့စကားကို မမှတ်၊
ကြီးမြတ်သောလူတို့စကားကို မရှု၊
ရှင်လူတို့စကားကို မလိုက်၊
သူမိုက်တို့စကားကို အဟုတ်၊
သူယုတ်တို့စကားကို ရှိသေ၊
လူလေတို့စကားကို နားဝင်၊
အဆွေခင်ပွန်းတို့စကားကို ပယ်ပစ်၊
မချစ်သောသူတို့စကားကို နှစ်သက်၊
ချော်ပြက်သောသူတို့စကားကို သဘောကျသည်မှာ
ဆင်းရဲခြင်းသာဖြစ်လေရာသည်။



www.burmeseclassic.com

www.burmeseclassic.com



* အထဲပျင်းသောသူတို့သည် အပေါ်သ ာယာသည်။
ပျင်းကဲ့သို့ အပေါ်ချိုသောသူသည် အထဲခါးတတ်သည်။

* စကားလုံးများလျှင် အကြားကတ်သည်၊
စပါးလုံးများလျှင် အစားကတ်သည်။

* အထဲရွှံ့ပမာ, အပေါ်ကျိုးအာသီး၊
ထံနီး ပျူငှာ, ဝေးသောအခါ မေ့လျော့။

* ဝန်ပေါ့လျှင် မပေး, ဝန်လေးလျှင် မမြင်၊
ထွန်လျှင်ကား မလိုက်, စိုက်သောအခါ မပါ၊
ရိတ်သောအခါ သယ်ပိုးသောသူတို့သည်
နှလုံးကောက်ကွေ့။

* တစ်နေ့ကား ငွေ, တစ်နေ့ရွှေဆိုသကဲ့သို့ ဖြစ်ရာသည်။
မှတ်လျှင်ကားမရ၊ ဝလျှင်ကား တောင်းရမ်း။
ချမ်းသာသောအခါ ညီကူ၊ ပူသောအခါ ပယ်ပစ်၊
ငယ်သောအခါ မနီး၊ ကြီးသောအခါ ကပ်ခို၊
လိုသောအခါ မရောက်၊
ကောင်းလျှင်ကား စံ၊ ဆိုးမခံသော သူတို့သည် အသုံးအစွဲ
မထားအပ်ရာသည်။

* ကျုပ်ပင်ကျုပ်သော်လည်း
အစသတ်မသေလျှင် ပြေတတ်သည်။
ကပ်ပင်ကပ်သော်လည်း
အရတတ်မနေလျှင် လေတတ်သည်။
အပ်ပင်အပ်သော်လည်း
အရတတ်မလေလျှင် ထွေတတ်သည်။

* ကြီး၏ ထုံးမရ, နီး၏ ဆုံးမရ,
ပြီး၏ ပုံမရ ဆိုသကဲ့သို့
အရာမထင်၍ အကျိုးမမြင် ဖြစ်ရာသည်။

* ရေလာသည်းလျှင် ခန္တွဲ မဆင်နှင့်၊
သေချာမမြဲလျှင် မဆွဲ မငင်နှင့်၊





မြေမှာစွဲလျှင် အထဲမထွင်နှင့်၊
ရောက်စွဲလျှင် မရဲမရှင်နှင့်၊
ထုံးစံရှိသည်များကို သတိပညာ ထားရာသည်။

* သစ်ကိုနိုင်လိုလျှင် နဖား။
နွားကိုနိုင်လိုလျှင် နှာကွင်း။
ပွဲကိုနိုင်လိုလျှင် သိုင်းရိုက်၊
လူမိုက်ကိုနိုင်လိုလျှင် နှလုံးမြတ်၊
သူတတ်ကိုနိုင်လိုလျှင် နှိမ့်ချ၊
မိဘကိုနိုင်လိုလျှင် နားသွင်း။
ဆရာကိုနိုင်လိုလျှင် ဝပ်စင်း။

* နှုတ်ချိုလျှင် လူချစ်သည်၊ လက်တိုလျှင် လူမြစ်သည်။

* လက်ကြီးမှ လူလာသည်၊ နှုတ်ကြီးမှ လူသာသည်၊
မိုးမယိုမှ လူနိုသည်၊ သစ်ရိပ်သာမှ လူလာသည်။

* မှီခိုလောက်မှ လူရောက်သည်၊
မေတ္တာရောက်မှ လူထောက်သည်၊
ရှိသေလောက်မှ လူကြောက်သည်၊
ရေမနောက်မှ လူသောက်သည်၊
လိုချင်လောက်မှ လူကောက်သည် ဆိုသကဲ့သို့
အခွင့်မျိုးကို သတိပညာ ထားရာသည်။

* မနှင်ဘဲလည်း သွား၏ မထားဘဲလည်း နေ၏။
မစေဘဲလည်း အောင်၏၊
မချည်ဘဲလည်း မြဲသေချာ၏၊
မရှာဘဲလည်း ရ၏၊ မထားဘဲလည်း ပြည့် စုံ၏၊
မယုံသော်လည်း ဖြောင့်မတ်၏၊
မတတ်သော်လည်း အကျိုးရှိ၏၊
မဆိုသော်လည်း ကောင်း၏၊
မပေါင်းသော်လည်း အဖက်အစပ်ပြု၏၊
အတူနေသော်လည်း နှလုံးတထွေရှိ၏၊



www.burmeseclassic.com

www.burmeseclassic.com



* သတိမပြုသော်လည်း မထောင်းတာ၊
သတိကိုမကွာသော်လည်း ယိုယွင်းတတ်၏၊
ဆိုသောစကားမျိုးကို အမြဲမှတ်ရာသည်။

* ကိုယ်ထဲ၌သွေးကား ရန်သူ၊
လူနှင့်ဝေးကွာသောတောမှ ဆေးကား
အဆွေခင်ပွန်း။

* 'ကျွမ်း၏' ဟူသော်လည်း အထဲမလိုလျှင် ပြင်ကခွာ၊
'လာ၏' ပင်ဆိုသော်လည်း အချောင်း၊
ရောင်းပင်ရောင်းသော်လည်း ဈေးတို၊
စိုပင်စိုသော်လည်း မလန်း၊
သိမ်းပင်သိမ်းသော်လည်း လက်မကြည့် ရှု၊
ပြုပင်ပြုသော်လည်း လက်ဖျား၊
ထားပင်ထားသော်လည်း မလုံ၊
ခြုံပင်ခြုံသော်လည်း မမိ၊
ရှိပင်ရှိသော်လည်း အနည်းငယ်၊
ကျယ်ပင်ကျယ်သော်လည်း စောင်မနက်၊
တက်ပင်တက်သော်လည်း မမြင့်၊
ဆင့်ပင်ဆင့်သော်လည်း မတင်နိုင်ဆိုသကဲ့သို့၊
အရိပ်အခြည်နားလည်စွာသိအပ်သည်။

* လောကတွင် တင့်တယ်သည်မှာ ဆွေမျိုး၊
မြို့တွင် တင့်တယ်သည်မှာ ကျုံးရိုး၊
မင်းတို့မှာ တင့်တယ်သည် အုပ်စိုး၊
ဆင်းရဲသားတို့မှာ တင့်တယ်သည် ရွှေအိုး၊
ပုဏ္ဏားတို့မှာ တင့်တယ်သည် ပုဆိုး၊
မိန်းမတို့မှာ တင့်တယ်သည် ခါးကြိုး၊
ရဟန်းတို့မှာ တင့်တယ်သည် မေတ္တာမိုး ဆိုသကဲ့သို့
ခပ်သိမ်းသောအမှုမျိုးကို မှတ်သားအပ်ကုန်သည်။

* ချစ်မှသုံးသည်၊ ရစ်မှထုံးသည်၊
နှစ်မှဆုံးသည်၊ ညစ်မှမုန်းသည်၊





ကျစ်မှလုံးသည်ဆိုသကဲ့သို့
ထုံးစံစကားဟောင်းများကို မှတ်သားရာသည်။

* အပြစ်မနိုင်လျှင် မမြဲရာ၊
အချစ်မပြိုင်လျှင် မရဲရာ၊
အဆစ်မနိုင်လျှင် မဆွဲရာ၊
အသစ်မပိုင်လျှင် မတွဲရာ။

* တတ်ပင်တတ်သော်လည်း မှတ်မိခဲ့သည်။
ဖြတ်ပင်ဖြတ်သော်လည်း ပြတ်ခဲ့သည်။
ဆွတ်ပင်ဆွတ်သော်လည်း ရခဲ့သည်။
ချပင်ချသော်လည်း ကျခဲ့သည်။
ညှပ်ပင်ညှပ်သော်လည်း ကပ်ခဲ့သည်။
ကပ်ပင်ကပ်သော်လည်း စပ်ခဲ့သည်၊
နှပ်ပင်နှပ်သော်လည်း နပ်ခဲ့သည်။

* တောင်တတ်မှ ပြီးသည်။
မြှောင်တတ်မှ နီးသည်။
ပေါင်တတ်မှ ကြီးသည်။
နှလုံးကောင်းမှ အပေါင်းပျော်သည်။
အဆုံးကောင်းမှ အရောင်းပေါ်သည်။
အသုံးကောင်းမှ အကြောင်းတော်သည်။

* သာမှကြာချေသည်၊ များမှ ပါချေသည်။

* ပေးမှတောင်းလျှင် ရချေသည်။
မေးမှချောင်းလျှင် ရချေသည်။

* အခဲကြီးငယ်ကို ချိန်ခွင်မှာ သိရသည်။
အရှဲကြီးသည်ကို စစ်ခင်းမှာ သိရသည်။
ဥစ္စာကြီးငယ်ကို ထွက်ဝင်မှာ သိရသည်။
အချိုအခါးကို လျှာဖျားမှာ သိရသည်။

* တောစဉ်ကို သိရသည့် မုဆိုးသား။
ရေစဉ်ကိုသိရသည့် တံငါသား။



www.burmeseclassic.com

www.burmeseclassic.com



* ဆိုမှပြီးသည်။ သီးမှမှည့် သည်။
ချည်မှမြဲသည်။ ဆွဲမှပါသည်။
ရှာမှရသည်။ ရှုမှပြတ်သည်။
တတ်မှနိုင်သည်။ ပိုင်မှချုပ်သည်။
အုပ်မှလုံသည်။ ယုံမှနှင်းသည်။
ပင်းမှကျပ်သည်။ ထပ်မှထူသည်။
ဖြူမှစင်သည်။ ရှင်မှလန်းသည်။
တန်းမှဖြောင့်သည်။ စောင့်မှဆောင်သည်။
အောင်မှလျှော့သည်။ ပေါ့မှပါသည်။
သွားမှရောက်သည်။ ကြောက်မှပြေသည်။
ဝေးမှလွတ်သည်။ ဆွတ်မှစိုသည်။
ပျိုမှနုသည်။ ခုမှမြင့်သည်။
တင့်မှတော်သည်။ ကျော်မှကြားသည်။
ရှားမှမွတ်သည်။ ညှက်မှထွေးသည်။
ရေးမှထင်သည်။ ကြင်မှချစ်သည်။
သစ်မှသန့်သည်။ ဆန့်မှရှည်သည်။
ကြည်မှရွှင်သည်။ မြင်မှသိသည်။
ထိမှတွေ့သည်။ ရွှေ့မှကွာသည်။
ချာမှလည်သည်။ စည်မှများသည်။
စားမှဝသည်။ မျှမှညီသည်။
ချီမှမြောက်သည်။ ထောက်မှခိုင်သည်။

* လေလာကောင်းခိုက်ကို ရွက်တိုက်သော လှေသူကြီးသည် ဆိပ်ခရီးသင့်၍ ဆိုက်ခွင့်ရောက်သော်လည်း လေကိုထောက်၍ လှေနောက်ပါသည် ဆိုသကဲ့သို့။

* အရှင်နှင့်မကင်းသော ကျွန်၊
တံခွန်နှင့်မကင်းသော ကျီ၊
ကြေးနီမကင်းသော ငွေ၊
မီး၊ ရေနှင့်မကင်းသော ထမင်းအိုး၊
ချည်ကြိုးနှင့်မကင်းသော ကြက်ကောင်း၊
ဆည်မြောင်းနှင့်မကင်းသော လယ်ဆိုသကဲ့သို့။





* လိုက်လျှင်လိုက်ပါတော့ မှီပါစေ၊
စိုက်လျှင်စိုက်ပါတော့ ညီပါစေ၊
ကြိုက်လျှင်ကြိုက်ပါတော့ ချစ်ပါစေ၊
ဆိုက်လျှင်ဆိုက်ပါတော့ ဆီရာနေ။

* ဘားမျိုးကောင်း၏။
သစ်မချောသောကြောင့် နှမြောလျက် အသုံးခက်သည်။
နွားမျိုးကောင်း၏။
အပြစ်မချောသောကြောင့် နှမြောလျက် အသုံးခက်သည်။

* မဟုတ်ဘဲလျက် မလွဲဘူး ထင်ရော့သည်။
မဆုတ်ဘဲလျက် မရဲဘူး ထင်ရော့သည်။

* မှတ်သားစီစစ် အပြစ်ကိုမမြင်သော သူကြီး၊
အဆီးအတားမရှိသော လယ်ယာဥယျာဉ်၊
အစဉ်မသိသော မြေတိုင်၊
မနိုင်သော အပြောင်၊
ဟန်ဆောင်ထားသော ပညာရှိ၊
ကတိလေးပါးမတတ်သော ခုံ၊
အစုံအစမ်းကို မသိသော ရှေ့နေ၊
စေ့ရေကြောင်းခြင်းကို မမှန်ကန်သော အမှုသည်၊
ဖာတ်မတည်သော ပုဏ္ဏား၊
စီးပွားကို မမြင်သော သူမိုက်၊
တိုက်ရိုက်ကိုမသိသော ခွေး၊
အတွေးအတောမရှိသော စစ်သူကြီး
ခရီးမသွားတတ်သော အမတ်၊
အတတ်ကိုမလိုချင် သွန်သင်၍ နားမလည်သော တပည့်၊ အလှည့်၊
အလာ ကို မသိသော ကုန်သည်၊ မင်းထံခစား မင်းစိတ်ထားကို
နားမလည်သော သူငယ်။

* သူ့ကျေးဇူးကို မထောက်၊ မျောက်ကျေးဇူးကို မချေ၊
မြွေကျေးဇူးကို မလေး။

* အရေးကို မဖြစ်၊ အဆစ်ကို မသိ၊



www.burmeseclassic.com

www.burmeseclassic.com



ကတိကိုလွဲလျက်၊ အတွက်ကို နားမလည်၊
တတ်ရည်မရှိသော စာရေး။

* လူပြေးလမ်းကို မမျှော်၊ ရှင်ပျော်ခြင်းနှင့် မဆက်ဆံ၊
လိမ်းကျံခြင်းမရှိသော ပြည့်တန်ဆာမ။

* အနာကို မဆေးကြော
ဗိန္ဓောကို နားမလည်သောဆေးသမား။
ကျားသေကို ရှင်အောင်ပြုတတ်သော ဇော်ဂျီ။
အမှီမရသော ဆွေမျိုး။
ရေရိုးကိုမသိသော လှေသူကြီး။
အဆီးအဆို့မြို့မတည်သော နိုင်ငံ၊
အကြံကြီးလွန်းသော မင်း။
တင်းလွန်းသော ကြိုး။
အမျိုးမစောင့်သော ယောကျ်ား။
ထွန်ရေးထွန်သား နားမလည်သော လယ်လုပ်သူကြီးကဲ့သို့
အကျိုးမရောက် ဖြစ်ရာသည့် အကြောင်းကို နှလုံးပိုက်ရမည်။

* ဘုရားကောင်းလျက် ညောင်ပင်ဖျက်၊
မြစ်မရေနက် သောင်ပြင်ဖျက်၊
မင်းကောင်းပေလျက် မင်းမြှောင်ဖျက်၊
လက်ဆုံစားသည့် မယားကောင်းလျက် အမြှောင်ဖျက်၊
လက်ဆက်ဒကူ လှေမှူးနိုင်လျက် ဒီပိုးဖျက်၊
ကလျာဖြူလှ ဣတ္ထိယ ရူပကောင်းလျက် ဆံထုံးဖျက်၊
ဓမ္မသတ်တရား ရှိပါငြားလည်း တိမ်းပါးငဲ့ကွက် လက်ဆောင်ဖျက်၊
သီလငါးပါး ကျင့်ကိုးကားလည်း တိုးပွားရမှုက် လောဘဖျက်၊
မြောင်းကောင်းတင်မှ ရေရှည်သွင်း ပျိုးခင်းကောင်းလျက် မြေတောင်ဖျက်၊
သုခမိန်ဟု ကျော်ရှိန်နှံ့ဘိ ပညာရှိလျက် ဒေါသဖျက်၊ ဖြူထွားစဉ်လျက် အစားဖျက်၊
ရူပလက္ခဏာ မိကလျာ လှပါပေလျက် ကျောက်ဆိုးဖျက်၊
အရွယ်ရောက်လျက် မိဘဖျက်၊
ဂွမ်းပိုင်းကောင်းလျက် ပုဆိုးဖျက်၊
လက်သင့်လှော်ကား လှော်ပါငြားလည်း လှေသားယောက်ယက် အပဲ့ဖျက်၊





ရူပကလျာ လှတို့ပါလျက် မူလဖျက်၊
သူကောင်းသားလည်း မူထားကောင်းလျက် လူပေါင်းဖျက်၊
ဘောဇဉ်ရသာ ကောင်းချင်ပါလျက် ဆားငန်ဖျက်၊
မြို့ရွာကောင်းလျက် အရက်ဆိုင်နှင့် ဘိန်းဆိုင်ဖျက်။

* သူတထူးသည် ကျေးဖူးထဲနက် ပြုမည်ခက်၊
တင်ပေဖူးသည့် ကျေးဇူးရှိလျက် ဆပ်မည်ခက်၊
မယားရှိလျက် အလှည့်ခက်၊
ဧည့် သည်ညည့်နက် အအိပ်ခက်၊
ပြစ်ခွာမဲ့လျက် အပြန်ခက်၊
ပေးပါပြီးလျက် အယူခက်၊
ရန်သူရှိလျက် အနေခက်၊
ချောင်းရေလျှံတက် အကူးခက်၊
ရင်ဆိုင်တွေ့လျက် အပြေးခက်၊
သံချိုသံဖျက် စကားခက်၊
သင်အံလှေ့ကျက် အသားခက်၊
ကန့်ကူကျောက်ထွက် အရေးခက်၊
ကြောက်လန့်ပြေးတက် အဆင်းခက်၊
သန္ဓေပြည့် နက် ဆေးကုခက်၊
ခရီးသွားရှုံ့ဖွက် အသွားခက်၊
တံတားကျိုးပျက် အလျှောက်ခက်၊
ရေအိမ်ဟောင်းပျက် အပြင်ခက်၊
ကျွဲနွားသင်းပျက် အကွပ်ခက်၊
သက်ကယ်ဟောင်းလျက် အဖျက်ခက်၊
သဲဖြူပြင်ထက် အနင်းခက်၊
သူငယ်ယောက်ယက် အဆိုခက်၊
လှေငယ်ယောက်ယက် အစီးခက်၊
သားမြေးဆိုးလျက် အစွန့်ခက်၊
မြတ်သုံးပါးကို ပုံထားရည်လျက် အဆုံးခက်၊
ဆူးငြောင့်တွင်းကျယ် ကျိုးကွင်းပြည့် နက် အထိုင်ခက်၊
အသားမည်းနက် အဆင်ခက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသတင်းကို သားချင်းရှိလျက် အပြောခက်၊
ကွဲပြားအယူ မိစ္ဆာလူကို သုံးလူရှင်လျက် အဟောခက်၊
မဒိပ်တတ်လျှင် ညဥ့်သာနက် ထုံးဟောင်းကြားလျက် မှတ်မည်ခက်၊
စိတ်ရှင်ကြည်လျက် ချစ်စုံမက် မိဘရှိလျက် အပြောခက်၊
ကြိုက်လှသော်အား သူ့မယား လင်သားရှိလျက် အလှည့်ခက်၊
လာခဲ့ခေါ်လျက် အငြင်းခက်၊
အပျိုချောလျက် အပြောခက်၊
အမိအဖ ယောက္ခမကို တုပပြိုင်လျက် အဆိုခက်၊
လေ့ငယ်လောက်လက် အကူးခက်၊
ဆီးသောင်ပိတ်လျက် လှေသွားခ[illegible]
လှိုင်းလေကြီးလျက် အသွားခက်၊
မြစ်ဝဲကြီးချက် ဖောင်သတ်ခက်၊
မရှိလျှင်ထက် မသိခက်၊
မသူတော်နှင့် ပေါင်းမိလျှင် အကျင့်ခက်၊
ကိုယ့်စိတ်မလိုက် မိန်းမမိုက်နှင့် ချစ်ကြိုက်မိလျက် အကွာခက်၊
သမီးရည်းစား လှည့်စကား အောင့်ထားအတွက် လေလည်ခက်၊
တရားနာလျက် ဝတ်မပျက် ဝမ်းပင်နာလျက် အထခက်၊
သွားကြားရိုးညှပ်၊ မျက်စပ်မှိုက်ဝင်၊ ဆံတစ်ပင်တင်း
ချစ်ခြင်းမယားဟူ၍လည်းကောင်း အခက်မျိုးကို မှတ်သားအပ်ကုန်သည်။

* လူအဖြစ်ကို စစ်စစ်မလွဲ ရမည်ခဲ၊
ရပါသော်လည်း အင်္ဂါပြည့် ဝ ပုရိသဟု မုချမလွဲဖြစ်မည်ခဲ၊
ပုရိသစင်ဖြစ်လျှင်ကာစား မြတ်တရားကို တိုးပွားနက်နဲ သိမည်ခဲ၊
တော်ငြားပါလည်း စကားရှေ့နောက် မျှော်ထောက်စိတ်ထဲ တတ်မည်ခဲ၊
ကတိလေးပါး ထိုတရားကို စွန့်စားရှောင်လွဲ ကြဉ်မည်ခဲ၊
မိစ္ဆာသူများ အပါယ်လား တရားမစွဲ ကျွတ်မည်ခဲ၊
ဘုရင်မင်းက မှူးမတ်စသည် ပြည်မလူများ မတရားက ရိုင်းကားမြို့ထဲ သာမည်ခဲ၊
ဝေဘူတောင်ဖျား ပတ္တမြားကို စွန့်ထားနွံပေါ် နှစ်တုံသော်လည်း တေဇော လွန်ကဲ ညစ်မည်ခဲ၊
ပညာအထူ ကျေးဇူးရှိမှု ထိုသသူအား ခေါင်းပါးဆင်းရဲသားရှိမည်ခဲ။





* စကားတတ်၏၊ အပြောအဆို မချိုသာ။
ဥစ္စာပစ္စည်းများ၏၊ အပေးအကမ်းမရှိ။
အမိုကားရှိ၏၊ မကြိုးပမ်း။
ခွဲခြမ်းစိတ်ဖြာခြင်းရှိ၏၊ ဆိုသော်လည်း စကားမတည်။
အရည်ကား ရှိ၏၊ အရာမရောက်။
အလျှောက်ကား ပြေပြစ်၏၊ ဆိုသင့်ဆိုလမ်းကို မသိ။
မိမိကိုယ် ကောင်း၏၊ အပေါင်းမိတ်ဆွေ မပြည့်စုံ။
ဂုဏ်သတင်းကား ရှိ၏၊ အသိပညာ နည်းသည်။
ပစ္စည်းကုံလုံ၏၊ အကာအရံမရှိ။
ဆိုမိလျှင် မြဲ၏၊ ခွဲခွဲခြမ်းခြမ်း မဆိုလို။
နှုတ်ချို၏၊ ကိုယ်မပါ။
စကားချို၏၊ ဥစ္စာကြောင့် လူမယဉ်။
ပညာရှိ၏၊ အသိနည်းသည်တ်။
ဆိုင်းတွဆင်ခြင်၏၊ တိုင်ပင်နှိုင်းယှဉ်ခြင်းကို မပြု။
အစုအရုံးများ၏၊ စိတ်ထားမညီညွတ်။
လာဘ်သဝ်ပကာများ၏၊ အသိမ်းအထား မကျစ်လျစ်။
ချစ်ဖွယ်ပြောတတ်၏၊ သဘောသကန်မဖြောင့်မတ်။
စကားချောင်၏၊ အကြံအစည်မရှိ။
မိမိကောင်း၏၊ မယားကြောင့် လူမယဉ်။
သူတော်စကားကို နာ၏၊ တည်ကြည်စွာ မကျင့်နိုင်။
ပိုင်ကားပိုင်၏၊ အထ မမြောက်။
တတ်ကားတတ်၏၊ အခွင့်မရ။
အဆင်းလှ၏၊ စာဂတန်သည်။
အကြံအစည် ဆိုင်တည်၏၊ အရင်းပညာမရှိ။
အပြောအဆို တည့်၏၊ လူရိုသေအောင် မကျင့်နိုင်။

* တစ်နိုင်ငံလုံး၏ မှီခိုရာသည် အစိုးရ။
ကျွန်ရင်းတို့၏ မှီခိုရာသည် သခင်။
ပူပင်သောသူတို့၏ မှီခိုရာသည် သစ်ရိပ်ထူ။
ပရိဒေဝ မီးပူသောသူတို့၏ မှီခိုရာသည် ဓမ္မရေအမြိုက်ဆေး။
လယ်လုပ်သောသူတို့၏ မှီခိုရာသည် ရေမိုး။



www.burmeseclassic.com

www.burmeseclassic.com



အနာဆိုးသောသူတို့၏ မှီခိုရာသည် ဆေးကောင်း။
ရေကြောင်းကို ကျက်စားတတ်သောသူတို့၏ မှီခိုရာသည် သင်္ဘောဆိပ်။
စာသင်သောသူတို့၏ မှီခိုရာသည် ကျမ်းဂန်တတ်။
မွတ်ဝတ်သောသူတို့၏ မှီခိုရာသည် သူဌေး။
ပေးကမ်းတတ်သော သူတို့၏ မှီခိုရာသည် ဥစ္စာ။
လိမ္မာသောသူတို့၏ မှီခိုရာသည် ပညာရှိ။
မျက်စိမမြင်သော သူတို့၏ မှီခိုရာသည် လက်စွဲတောင်ဝှေး။
သူဆင်းရဲတို့၏ မှီခိုရာသည် အတတ်မျိုး။
ကူးတို့လှေတို့၏ မှီခိုရာသည် တက်,ထိုးဝါး။
ကျွဲ,နွားတို့၏ မှီခိုရာသည် ရေ,မြက်။
မထက်သောဓားတို့၏ မှီခိုရာသည် ရေ,ကျောက်။
မတောက်သောမီးတို့၏ မှီခိုရာသည် လေနှင့်အမှိုက်။
သူမိုက်တို့၏ မှီခိုရာသည် တရားယုတ်။
သူယုတ်တို့၏ မှီခိုရာသည် လူဆိုး။
သူခိုးတို့၏ မှီခိုရာသည် လက်နက် ဓား,လှံ။
မိန်းမတို့၏ မှီခိုရာသည် လင်။
ကြွေးတင်သော သူတို့၏ မှီခိုရာသည် လျှိုးပန်း။
ဘုန်းမရှိသော သူတို့၏ မှီခိုရာသည် ကပ်။
မခံနိုင်သော သူတို့၏ မှီခိုရာသည် သောင်းကျန်း။
ပင်ပန်းသော သူတို့၏ မှီခိုရာသည် ဂုဏ်မာန်။
ရန်မူတတ်သော သူတို့၏ မှီခိုရာသည် အပြစ်ရှာ။
မေတ္တာရှိသော သူတို့၏ မှီခိုရာသည် အမျက်နည်း။
ချုပ်တည်းသော သူတို့၏ မှီခိုရာသည် ကတိ။
ပညာရှိသော သူတို့၏ မှီခိုရာသည် သတိ။
စစ်ကိုထွက်လျက် လက်နက်မပါသော သူရဲကောင်း။
ကျွဲ,နွားမပါဘဲ လယ်ထွန်သွားသော တောင်သူ။
ဆေးအိတ်မယူဘဲ သူနာကုသွားသော ဆေးသမား။
သပိတ်ကိုထားခဲ့၍ ဆွမ်းခံသွားသော ရှင်ယောင်။
လှေတက်မဆောင်ဘဲ မြစ်ကူးမည်သွားသော ကူးတို့။
သစ်ခုတ်မည်သွားလျက် ဓားမေ့ရစ်သောယောကျ်ား။
သမင်ရှာသွားလျက် မြှားမေ့ရစ်သော မုဆိုး။





ရေရှိးမှာ ငါးကိုလိုက်ရှာလျက် ပိုက်ကွန်မပါသော တံငါ။
"ရေးသားမည်" လာလျက် ဆေးစုတ်မပါသော ပန်းချီဆရာ။
စကားတတ်ချင်သော်လည်း ဝမ်းတွင်းပညာမရှိသော လူမိုက်။
လမ်းရိုးကိုမလိုက် စိတ်ကြိုက်သွားသော လူသေ။
ကြေးငွေမရှိဘဲ ဆင်းရဲမေ့သော လူဝါ။
ဓမ္မသတ်မတတ်ဘဲ တရားစီရင်ချင်သော လူဟန်။
ကျမ်းဂန်မတတ်ဘဲ ဝိနည်းမိုရ်ချင်သော သဃ်ရာဇာ။
ပါရမီမဖြည့်ဘဲ ဘုရားဆုကိုတောင်းသော လူပျင်း။
ရေမှာ လက်ကြား။
လူမှာ ကပြား။
ဆင်မှာ အောင်းမသား။
ငါးမှာ ငါးဖယ်၊
ကုလားမှာ တလယ်။

* သူ့ရှေ့သွားရမည်လည်း ကြောက်၊
သူ့နောက်လိုက်ရမည်လည်း စိတ်မရဲ၊
လက်ဝဲလက်ယာ နံဘေးမြှောင်၍ လိုက်တတ်သောသူ။
သူ့အဆိုလည်း မခံချင်၊
အပြစ်တင်ကင်းအောင်လည်း မပြု၊
လောကမှုမှာလည်း မကျွမ်းကျင်၊
ဓမ္မကံမှုမှာလည်း မမွေ့သိမ်၊
ပန်းထိမ်မှုမှာလည်း မကျွမ်းကျင်၊
လုလင်မှုမှာလည်း အချည်းနှီး၊
လူကြီးမှုမှာလည်း အ၊
လိမ္မာမှုမှာလည်း လားလားဝေး၊
ယောကျ်ားမှုမှာလည်း သတိမပြု၊
အနုမှာလည်း မလှမ်း၊
အကြမ်းမှာလည်း မတွင်၊
အဋ္ဌာရသ သိပ္ပမှီဝဲ ဆိုဆွဲမရသော သူတို့သည်
လက်ပံတုံး, ငှက်ပျောတုံးကဲ့သို့
အသုံးမကျ အနှစ်မရှိ အဟောတိသာ။



www.burmeseclassic.com

www.burmeseclassic.com



* မြစ်ကြီးမြစ်ငယ် မဆိုသာ၊
ရေစီးကိုသိ လိမ္မာသည်သာ ပဓာန၊
အနာကြီးအနာငယ် မဆိုသာ၊
သမားလိမ္မာသည်နှင့် ဆေးကောင်းသည်သာ ပဓာန။
မြွေကြီးမြွေငယ်ဟု မဆိုသာ၊
အဆိပ်ပါသည်နှင့် ကိုက်သည့်ကိုသာ ပဓာန။

* ပညာရှိလျှင် ကျမ်းဂန်စကား ပြော၏။
မေတ္တာရှိရိုးမှန်လျှင် မြင်လျှင်မထား ပြော၏။
သစ္စာရှိရိုးမှန်လျှင် ဖောက်ပြန်မမှား ပြော၏။

* ပိုက်ကွန်နှင့်မကွာလျှင် တံငါ ကေန်ဖြစ်ရမည်။
လေးမြားလက်နက် ထက်ကြပ်မခွာလျှင်
ဝမ်းစာအားကို ချိုကိုတိုးသည့် မုဆိုးကေန်မှတ်ရမည်။
တရားဖောက်ပြန် အမျက်ထန်၍ ရန်မာန်ထူလျှင်
လူဆိုးကေန်မှတ်ရမည်။
ကျောက်ကန်ငွေလျက် မငြိမ်သက်ဘဲ ခြပျက်ငုပ်လျှိုး ခုန်လွှားတိုးက၊
နွားဆိုး ကေန်မှတ်ရမည်။
ကျွန်ကိုရိုးရိုး မ,ချိုပိုး၊
သခင်ဆိုး ကေန်မှတ်ရမည်။
မြစ်လယ်ရေရိုး ပွက်မတိုး၊
ရေရိုးကေန်မှတ်ရမည်။
မမြင်ပုန်းအောင်း လူကိုချောင်း၊
မိချောင်း ကေန်မှတ်ရမည်။
ဘုန်းလက်ရှိဏာ အင်္ဂါစုံပေါင်း ဆောင်တိုင်းကောင်း
ရှုရားဖြူလောင်း ကေန်မှတ်ရမည်။

* ငါးကိုတု၍ ခရုလည်လျှင် အိုင်ကျယ်သည်။

* ဆင်ကိုမကြောက်လျှင် ဖိနပ်ဖြစ်တတ်သည်။

* တံငါရှေ့မှာ ပုစွန် လက်မ, မထောင်ရာ။

* မြွေအနားမှာ ဖားခုန်၍ မလာရာ။





* ကျားရဲရာ ကြမ္မာမရှိးသာ။
သူခိုးရှိရာ ဝန်ထုပ်ဝန်ပိုးနှင့်မလာရာ။

* ကြောင်အနားကို ကြွက်တွား၍ မလာရာ။

* မြွေပေါက်တွင်းကို အရှူးမှားသော ခွေးကဲ့သို့။

* ဝါးမှာချောပ၏၊ အဆစ်ခေါ်သောကြောင့် လူမသုံး။
ပြောသည့် စကား တတ်ပေငြား၏၊ ဝါကားသောကြောင့် လူမသုံး။
စကားချောင်း အကျင့်တန် ပေါ့လျှံသောကြောင့် လူမသုံး။
သူဟောင်းဆိုရာ အဖြာဖြာ ပညာရှိထုံး လူမသုံး။
အဆင်းလှပေ၏၊ စာဂတန် ပေါ့လျှံသောကြောင့် လူတို့မုန်း။

* တရားဆိုသော် ရဲလေစွ၊
စကားဆိုသော် မြဲလေစွ။
တရားဆိုသော် တွေးပါလေ၊
စကားဆိုသော် ဖြည်းပါစေ၊

* တရားဆိုသော် မဆန်နှင့်၊
စကားဆိုသော် မချွန်နှင့်။

* တရားဆန်လျှင် ရှုံးတတ်သည်၊
စကားချွန်လျှင် မုန်းတတ်သည်။

* တရားကျေမှ ဆစ်ပြေသည်။
စကားပြေမှ ချစ်ချေသည်။

* တရားဆိုသော် ရှုံးမှာစေ၊
စကားဆိုသော် ထုံးရှာဖွေ။

* ရှုံးသာမှာ စီရင်သည်၊
ထုံးရှာမှ ပီပြင်သည်။

* ရှုံးရှိမှလည်း ညှိနိုင်သည်။
ထုံးရှိမှလည်း ကောက်ပိုင်သည်။

* တရားလိုသော် ရှုံးမှာကပ်၊
စကားဆိုသော် ထုံးကိုမှတ်။



www.burmeseclassic.com

www.burmeseclassic.com



* ရှုံးမကပ်သော် မပြတ်ပေ၊
ထုံးမမှတ်သော် မတတ်ချေ။

* ရှုံးကိုကပ်လျှင် တရားဆင့်၍ ကောက်ပါမည်၊
ထုံးကိုမှတ်လျှင် စကားဝင်၍ လျှောက်သာမည်။

* တရားကိုလည်း မလိုနှင့်၊
စကားကိုလည်း မတိုနှင့်။

* တရားလိုက ကြေတတ်သည်၊
စကားတိုက သေတတ်သည်။

* သူမှတ်သားက ဖျက်တော့မည်၊
လူတတ်ငြားက ခက်တော့မည်။

* သူမှတ်ကို မငြင်းနှင့်၊
လူတတ်ကို မတင်းနှင့်။

* ငြင်းလိုကလည်း မှတ်မှသာ၊
တင်းလိုကလည်း ဖတ်မှသာ။

* မတတ်ဘဲကို အလွဲငြင်းက ရှုံးတတ်စ
မတတ်ဘဲကို အလွဲဆိုက ဆုံးတတ်စွ။

* တရားဆိုလျှင် မတင်းအပ်၊
စကားဆိုလျှင် မငြင်းအပ်။

* အငြင်းဆိုလျှင် ပတုနှင့်၊
အတင်းဆိုလျှင် မပြုနှင့်။

* သူမိုက်သား ရမ်းကားသည်၊
သူကောင်းသားကား ရှောင်ရှားသည်။

* စင်ကောင်းမှ ဘူးသီးသည်၊
အရှင်ကောင်းမှ ကျွန်ကြီးသည်။

* စောစောညဉ့်က နှီးဝှံမှ၊
ဗူးပင်ခြံစ ပျိုးဝှံမှ။





* မပိုင်ဘဲကို မရောင်းနှင့်၊
မနိုင်ဘဲကို မမောင်းနှင့်။

* မင်းကြဲကြဲ ခွေးသေသေ။

* အကြံကြီးသော် ပျက်စီး၏၊
အလိုကြီးသော် အရနည်း၏။

* အရေးရှိက အရာရောက်၏၊
အရာရောက်က ကောင်းမြောက်၏။

* အကြံထက်က ကောင်းမြတ်၏။

* ပညာရှိက ထီးဆောင်းရ၏။

* ကံချိုးပင့်က မြင့်မြတ်၏။

* ကံလျှင်ကောင်းက ထီးဆောင်းရ၏။

* ငရဲလွတ်မှ လူမိန်းမ။

* သတ္တဝါကို ချမ်းသာပေးမှ ပညာရှိ။

* ကဝိဖြစ်အောင် ချစ်ဖွယ်ဆို။

* ဘုန်းရှိသူကို စကားချို။

* ကိုယ်ကိုချစ်က လွန်စောင့်စည်း။

* အဖော်များလိုက လောဘနည်း။

* ပစ္စည်းရှိအောင် လုံ့လထူ။

* နတ်,လူချစ်အောင် မျက်ချေးပေး။

* ယဉ်စေလိုမူ အချိုကြွေး။

* အစားကိုအားကြီး အနီးတွင်ဝင်
ကြော့ကွင်းမမြင်သော သမင်, သားငါးတို့ထုံးကိုမှတ်။

* မြင်အပ်ရာရာကို မလိုချင်ကြလွန်နှင့်။

* ရသင့်မှလည်းယူ၊ ရွှေငွေဟူ၍ မမက်မောနှင့်။



www.burmeseclassic.com

www.burmeseclassic.com



* လောဘကို ရုပ်၊ ဒေါသကို ချုပ်၊
ဖုံးအုပ်တတ်စွ၊ ပဋိသနှင့်
မောဟဝေးကာ၊ ရှင်းရှင်းသာ၍
ရွှေကြာသုံးပွင့်
တင့်တယ်စွာသော ယောက်ျားမြတ်ကဲ့သို့ပန်။
* ဘေးရန်လွတ်အောင် သံချုပ်ဝတ်။
* လုံ့လကိုလည်း မချစ်စေနှင့်၊
အဝတ်ကိုလည်း မညစ်စေနှင့်။
* သတိကိုလည်း မြဲမြဲချုပ်
လုံးစုံအခွင့် သင့်လိမ့်မည်။
ရွှေတောင်နတ်လမ်း ပွင့်လိမ့်မည်။
* ပညာရှိကို ပေါင်း၊ သမားကောင်းကို ဖက်။
* သူပျက်ကို ခွာ၊ ဆရာကို ကပ်။
* အရပ်ကိုမျှ၊ လုံ့လအပင်။
* ဆင်ခြင်အဖျက်၊ ရန်ဖက်ကိုမျှော်။
* သူတော်ကို ချစ်၊ ခင်ပွန်းပျက်ကို ရှောင်။
* သူလှောင်ကို ရှေး၊ ဆင့်ငွေကိုချဉ်း။
* ကြံစည်မပြတ်၊ အတတ်ရုံကာ။
* ပညာကိုရှေ့၊ ဥစ္စာကိုနောက်။
* အလျောက်ပေးကမ်း ချီးမွမ်းတတ်သည့်။
အရည်ကိုရှု ပေးမှုအရာကို သိလှစေ။
* မပေးဘဲကို မလိုနှင့်။
* မမေးဘဲကို မဆိုနှင့်။
* မခေါ်ဘဲကို မသွားနှင့်။
မမြိန်ဘဲကို မစားနှင့်။





* မမှည့် ဘဲကို မဆွတ်လင့်။
မတင့်ဘဲကို မဝတ်လင့်။
* တိတ်တိတ်နေသော် ထောင်တန်၏။
* လူလိုက နတ်လိုကာ၊
လူကြိုက်က နတ်ကြိုက်တာ။
* မပေါ့မလေး မနေးမလျင် ရွှေချိန်ခွင်သို့။
* မတင်းလျော့ လေ့ဖောင်ဖော့သို့။
ခပ်လျော့ပညာ တံငါလုလင် မျှားကြိုးငင်သို့။
* ပညာရှိမှ ခွင့်သိသည်။
* လိမ္မာမှ စကားတတ်သည်။
* သူ့ကျေးဇူးကိုသိမှ စည်းစိမ်တည်ရာသည်။
* လာမည့် ဘေးကို အဝေးကမြင်မှ အသက်ရှည်ရာသည်။
* သူမကောင်းကို ခွာ၊ သူတော်ကောင်းကိုရှာ။
သူတော်ဆုံးမရာ၊ သူနည်း မကျင့်ရာ၊
သူထက်စောင့်စည်းပါ၊ သူချစ် ရှစ်ချပ်ကြာ။
* သုံးပါးသောအပြီးအစီးကို လိုသောသူသည်
လမိုးတားလေ ကြီးပွားလေ။
* စကားဆိုတွေ့ သူလိုစေ
* ပေးကမ်းများစေ နှံ့စပ်စေ။
* ခေတ္တသုံးခွင်း ကောက်စိုက်ခင်းကို အပြင်းစိတ်ထွေ လျင်လှစေ။
* မြက်မြက်ထက်သည့် သန်လျက်ဓားကို နံပါးအမြဲ မြှောင်နိုင်စေ။
* အရွယ်သုံးပါး မှတ်သားအတိ ရှိလှစေ။
* ကာယမုန်ယို တဖျင်းစို
ပညာချွန်းဖြင့် တမ်းတမ်းချိတ်တွေ မြလှစေ။
* လွှတ်နေမကျ အနာဝဟု အဝသုံးဖြာ ထိုအနာကို



www.burmeseclassic.com

www.burmeseclassic.com



ပညာဆေးသမား အပါးကြပ်ကြပ် ယှဉ်နိုင်စေ။

* အိမ်ရှေ့နတ်ကို မပြတ်နေ့တိုင်း ရှိသေစေ။

* အများမုန်းလို မုန်းပါစေ၊
အစိုးရအရှင်သခင်ကိုသာ ကြောက်ချစ်စေ။

* လမ်းကြီးပမာ ဆိုတုံ့ရာအံ့။
ဝမ်းတစ်ခုကို လိုမူပြင်းစွာ မစားရာ။
နေခါသူ့နောက်၊ ဆိုသော် သူ့အောက်၊ စားသော်အတန်၊ ပေးသော်
အလွန်၊ စကားမွန်ကို မှတ်ကုန်မင်း။
ဤလျှင်စင်စစ် ပစ္စုပ္ပန်တွင် သူကြီးချစ်၏။

* အကြံနက်လှ အိမ်နေဝဝ လုံ့လ နေ့တိုင်းယှဉ်။
အကြံမရှိ ပျင်းရိအဖြစ် အမှုညစ်ကို ပစ်ဘိစွန့်စားကြဉ်။

* ညှို့ သော်ညှို့တွား ဝါဂွမ်းလား ညှို့ ထွားညှ ' စွာမြော်။
မညှို့ မပျင်း မိန့်တက်ခြင်းကား လိုရင်းပြီးစီးရော်။

* နှလုံးရဲခက်စေ၊ စကားထက်မြက်စေ။

* အပေါ်ပျားရည်ခွဲ၊ အထဲ သံကောက်စွဲ။
အပေါ်ပစ်သည့် မြား၊ အထဲချွန်းအလား။

* လောဘဟူသည် ဆင်ရိုင်းစွ၊
ပညာဟူသည် ချွန်းထောက်မ၊
သစ္စာဟူသည် ချွန်းရှည်မြ၊
သတိဟူသည် လွန်ကြိုးစ။
ဒိဋ္ဌိဟူသည် တွင်းတွင်ချ သည်လျှင်နိဗ္ဗိန္ဒ။

* ချေ့သမြွေဟောက် ပြင်းဆိပ်တောက်
ပညာဆေးဖြင့် ဖလှာက်။

* မောဟဟူသည် မှောင်အမိုက် အတိုက်နက်စွာလွန်၊
ပညာဟူသည် ဆီမီးထွန်း။

* ပရိယတ်နှင့် ပဋိပတ်လည်း မပြတ်နှလုံးရှိစွ။
သပိတ်တစ်လုံး ခေါင်းရင်းအုံးသည် မြလှစွ။

ယဉ်မျိုးစာအုပ်တိုက်



မစားရနှင့် စားမရဟူ ထိုအယူလည်း ဖြောင့်ဖြူးစွ။
နတ်ရွာနိဗ္ဗာန် ခရီးညွှန်သည် တည့် မတ်စွ၊
ဖို့လည်းမပါ လက်ာမစပ် ပညတ်, ပရမတ်
အမြတ်မေတ္တာစာ ဖတ်ကုန် တစ်နေ့သုံးခါ ရစိမ့်သား၊
စည်းစိမ်ချမ်းသာ သက်တော် အလွန်ရှည်စိမ့်ငှာ။

* ဂုဏ်ရှာလိုသော် အမှီကောင်းကိုရှာ။

* ကိုယ်အနာလည်း ကင်းလှစေ။

* မပျင်းဝီရိယ အားထုတ်ကြ။

* မာနဟူသည် မာန်ကင်းထွတ်ကိုချ။

* ပုညရှေးလည်း ကူစေ၊
သုံးတွေ့စရိုက်မှု ရစ်သမျှကိုဆင်ခြင်လေ။

* ပညာလိုသော် ပညာရှိကိုယှဉ် မေးစဉ်နေ့ ညမပြတ်။

* အဖတ်အအံ အကြံအရေး ရှေးရှေးပုံကိုဆောင်၊

* ရှူးချင်ပြု၍ ကပ်၊ သွပ်ချင်ပြု၍ ချောင်း။

* သူ၏ မယား သူ၏ သားကို မတပ်ရာ။

* လူမင်းစည်းစိမ် နတ်မင်းစည်းစိမ် ရိပ်ငြိမ်သုံးဆင့်
မြော်တင့်လိုသော် ကိုယ်ကိုနှိမ့်ချ ဒါနဆယ်ပါး။

* သူတော်ကောင်းမဟုတ် သူယုတ်ကို ဝေးစွရှောင်။
သူယုတ်ကိုမရှောင်လျှင် နောင်လည်းဆုံးရှုံး။
ခုပျက်ပြုန်း၍ လုံးလုံးကြီးမြုပ်တတ်သည်။
ဇာတသတ်မင်းသားအပေါင်းများသောကြောင့်
လားရသည်မလွဲ ငရဲမှာခံရ။

* စိဋ္ဌမန မိန်းမဖျင်းလည်း တိတ္ထိနှင့်ပေါင်းသင်း၍
ဆင်းရဲစွာဘိ အဝီစိထုတ်ချောက်
ချုံးချုံးကြီးရောက်လေသည်။

* ဒုက္ခိပစ် သုကိုချစ်။
ဒုက္ခိမပစ်လျှင် နစ်တတ်သည်။

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူကိုမချစ်လျှင် လစ်တတ်သည်။
ဒုကိုချစ်က အပြစ်များသည်။
သုကိုချစ်က အနှစ်ပါးသည်။
ဒုကိုလည်း မချစ်ရာ၊ သုကိုလည်း မပစ်ရာ။

* ကွင်းထိုက်သူကို ကွင်း။ ရှောင်သူထိုက်သူကို ရှောင်၊
ပေါင်းထိုက်သူကို ပေါင်း။

* ကံတော်၍ ဟန်လျော်ချိမ့်မည်။

* ကံရှိမှ ထင်ပေါ်သည်။
ဉာဏ်ရှိမှ မြင့်မြော်သည်။

* ကံမရှိက မထင်ပေါ်၊ ဉာဏ်မရှိက မမြင့်မြော်။
မထင်ပေါ်လျှင် ငုပ်တတ်သည်။
မမြင့်မြော်လျှင် ယုတ်တတ်သည်။
မငုပ်အောင်, မယုတ်အောင်
ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းရမည်။

* မနိုင်ဘဲ မတက်နှင့်၊ မပိုင်ဘဲ မဖက်နှင့်။
မနိုင်ဘဲတက်က ကျတတ်သည်။
မပိုင်ဘဲဖက်က ပတတ်သည်။
နိုင်မနိုင် ပိုင်မပိုင်ကို တွေးဆ၍ သိသင့်သည်။

* ပြာပုံကို မလှူနှင့် အာရုံကို မကျူးနှင့်။
ပြာပုံလှူက ယားတတ်သည်။
အာရုံကျူးက မှားတတ်သည်။
အာရုံကို ပြာပုံမှတ်၍ ရှောင်ရမည်။

* မအိုဘဲနှင့်ကျသည်၊ မပျိုဘဲနှင့် လှသည်။
မလိုဘဲနှင့် ရသည်၊ မပြိုဘဲနှင့် ဝသည်။
အိုမှသာ ကျသည်မဟုတ်ပါ။
ပျိုမှသာ လှသည်မဟုတ်ပါ။
လိုမှသာ ရသည်မဟုတ်ပါ။
ပြိုမှသာ ဝသည်မဟုတ်ပါ။





* လောဘကြီးသူ စကားပို။
ဒေါသကြီးသူ စကားတို။
မောဟကြီးသူ စကားအို။
ကောကြီးသူ စကားယို။
မာနကြီးသူ စကားမို။

* မမေးဘဲ မဆိုနှင့်။
မအေးဘဲ မမျိုနှင့်။
မမေးဆိုသော် ကြောင်တတ်သည်။
မအေးဘဲမျိုသော် လောင်တတ်သည်။

* မခေါ်ဘဲ မသွားနှင့်။
မတော်ဘဲ မစားနှင့်။
မခေါ်ဘဲသွားက လေတတ်သည်။
မတော်ဘဲစားက သေတတ်သည်။

* တရားကိုလည်း မလွန်စေနှင့်။
စကားကိုလည်း မကျွံစေနှင့်။
စကားလွန်က ပျက်တတ်သည်။
စကားကျွံက ရှက်တတ်သည်။
အလွန်နှင့်အကျွံကို ဉာဏ်ချွန်၍ ဆင်ခြင်ရမည်။

* ကြင်တတ်မှ ရသည်။
ဆင်တတ်မှ လှသည်။
မကြင်တတ်က မရချေ။
မဆင်တတ်က မလှချေ။

* ဆူးကိုလည်း မနင်းနှင့်။
ဗူးကိုလည်း မသွင်းနှင့်။
ဆူးကိုနင်းက စူးတတ်သည်။
ဘူးကိုသွင်းက ရှူးတတ်သည်။

* တံတားဆို မှောင်ခိုမလျှောက်နှင့်။
စကားဆို တောင်လို မမောက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်။
စကားဆို တောင်လိုမောက် ငြိုးတတ်သည်။

* ပါးစပ်က 'ဘုရား-ဘုရား' လက်က ကိုးရိုးကားယား။
ရသာလျှင် ယူမည်လို့ တကျားကျား။

* ဘယ်တခြား ညာတခြား ယောက်ျားမိန်းမ အရေးကြုံလျှင် မယုံကြည်နှင့်။

* ယောက်ဖ ယောက်ဖနှင့် ပတောက်တွင်ပါသမျှ အောက်က အတင်းနိုက်
သကဲ့သို့လည်းကောင်း။
လူမိုက်ဆိုရမည် ခက်တောင်း။
လူကောင်းဆိုရမည် အလင်္ကာ။
မျက်စိအောက်တွင် ချစ်ခင်ဖွယ်၊
မျက်နှာကွယ်လျှင် အကျိုးမဲ့၊

* ကုန်းမတိုက်လျှင် ကြားမသမာ၊
အကြိုက်ကျလျှင် စိတ်ကြည်သာ။

* ပညာပေးမှ အခွင့်ကုန်။
မယုံလျှင် သူမထောက်၊ ယုံပြန်လျှင် သူကောက်။

* ပရမတ်ကို ကြပ်ကြပ်ကြည့် ၊
ပါရမီကို ကြပ်ကြပ်ဖြည့် ၊
ချိန်ခွင်ကြီးကို မတ်မတ်တည့် ။

* အနုမှာ ဝါဂွမ်း၊ အကြမ်းမှာ လွှသွား၊
အကျားမှာ ဘဲတောင်၊ အမှောင်မှာ တိမ်နက်၊
အထက်မှာ စိန်ကျောက်၊ အကောက်မှာ ဝက်ပါ၊
အိုးမှာမီး အကြီးတွင် မြင်းမိုရ်တောင်၊
အရောင်တွင် နေလုံး၊ အမြန်တွင် နက္ခတ်၊
ငှက်တွင်လည်း မဟာရဋ္ဌ၊ နတ်တွင်လည်း သရဖူ၊
လူတွင်လည်း စကြာဝတေး၊
အအေးတွင် သီတာ၊ အမွှေးတွင် နံ့သာ၊
အကြီးတွင် တဏှာ၊ အပူတွင် ကိလေသာ၊
အအေးတွင် မေတ္တာ၊ အမွှေးမှာ မြတ်သီလ၊





အကြမ်းတွင် စိတ်ဒေါသ၊ အနုတွင် အကောစမြတ်ခန္တီ၊
အမြင့်မှာ နိဗ္ဗာန်၊ အလုပ်မှာ ပညာဉာဏ်၊
နတ်တွင် သိကြား၊ လူတွင် ဘုရား။

* စည်းစိမ်ကိုလိုမူ ဒါန၊
ချမ်းသာကိုလိုမူ သီလ၊
နိဗ္ဗာန်ကိုလိုမူ အနတ္တ။

* ဓမ္မကိုလည်း မယွင်းစေနှင့်။
လောကကိုလည်း မဖျင်းစေနှင့်။

* ဒါနနှင့် စည်းစိမ်ကို တပ်၊
သီလနှင့်စည်းစိမ်ကို သတ်၊
ဘာဝနာနှင့် သံသရာကို ပြတ်အောင်ဖြတ်။

* အညှီမင်း၍ ပျော်ရွှင်မြူး။
ကာမကျူးလျှင် မွဲတတ်သည်။
သေရည်ကျူးလျှင် ဆဲတတ်သည်။

* * *

## ဖိုးသူတော်ဦးနု စကားပုံများ

* ခရီးကိုလည်း အပြင်းမသွားနှင့်၊
မီးကိုလည်း အကြွင်းမထားနှင့်။
ခရီးကိုအပြင်းသွားက မှားတတ်သည်။
မီးကိုအကြွင်းထားက ပွားတတ်သည်။

* ဂေါဏမံသံကိုလည်း မစားနှင့်၊
ကောခြေရုံလည်း မပွားနှင့်။
ဂေါဏမံသံကိုစားက ဘီလူးသဖွယ် ဖြစ်ပေသည်။
ကောခြေရုံပွားက အထိကရအပါယ် နစ်ချေသည်။
(ဂေါဏမံသံ= အမဲသား၊ ကောဓ= အမျက်)

* စကားစကား ပြောဖန်များက စကားထဲက ဇာတိပြ၍ မာနတံခွန်



www.burmeseclassic.com

www.burmeseclassic.com



ထူတတ်သည်။

တရားတရား ဟောဖန်များက တရားထဲက ပါဠိရ၍ ဒါနအလွန် ထူတတ်သည်။

* ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်။
ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်သည်။
အနာရောဂါကို ကြီးပွားက ဒုက္ခရောက်တတ်သည်။

* ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်၊
ဝင်တိုင်းလည်း သိပ်၍မမျိုနှင့်။
ထင်တိုင်းနှိပ်၍ဆိုက ရန်စွယ်ပွားတတ်သည်။
ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

* ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရုပ်လှတာကို ပယ်ရမည်။
ဗုဒ္ဓဆာယာကို တွယ်မှ အေးမြရာသည်။
ရုပ်လှတာကို ပယ်မှ အေးမြရာသည်။

* မတော်တာကို အမြည်းမစားနှင့်၊
အဖော်မပါလျှင် ခရီးမသွားနှင့်။

* မတော်တာကို မြည်းစားက
ဘေးရလို့ ရောဂါပွားတတ်သည်။
အဖော်မပါဘဲ ခရီးသွားက
အရေးမလှသမို့ သောကများတတ်သည်။

* မတော်ဘဲ မဝယ်နှင့်၊ မခေါ်ဘဲ မလည်နှင့်။
မတော်ဘဲ ဝယ်လေက အသပြာဆုံးတတ်သည်။
မခေါ်ဘဲလည်ချေက မကြာခဏ မုန်းတတ်သည်။

* မြူသလိုလိုနှင့် ကလေးကိုမစနှင့်၊
လူကိုယုံသဖြင့် အကြွေးကိုမချနှင့်။
မြူသလိုလိုပုံနှင့် ကလေးကိုစက
ကလေးအမိုက်မို့ ဆဲတတ်သည်။
လူကိုယုံသဖြင့် အကြွေးချက
အရေးမစိုက်သမို့ မွဲတတ်သည်။





* သူဌေးလို ကြွယ်သော်လည်း မာန်စွယ်မထနှင့်။
မြွေပွေးကိုယ်သော်လည်း အလမ္ပာယ်မပြနှင့်။
သူဌေးလိုကြွယ်သည်ဟု မာန်စွယ်ထက
အရှိအသေနည်း၍ မုန်းတတ်သည်။
မြွေပွေးကို ယ်သည်ဟု အလမ္ပာယ်ပြက
ထိုမြွေခဲလို့ သေဆုံးတတ်သည်။

* သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်။
သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်။
ရေကြည်ကိုနှောက်က အနည်မှုန်တို့ ထတတ်သည်။

* အမျိုးမြတ်မှ အရိုးကို ကြံရာသည်။
တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

* အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊
တန်ခိုးနုတ်သူ ထမင်းဝလျှင် မကျီစားနှင့်။
အမျိုးယုတ်သူ အဆင်းလှက စာဂတန်တတ်သည်။
တန်ခိုးနုတ်သူ ထမင်းဝက မာနထန်တတ်သည်။

* အယုတ်တရားကို အလိုမရှိနှင့်။
မဟုတ်ဟာရားကို မဆိုဘိနှင့်။
အယုတ်တရားကို အလိုရှိက
ဘဂဝါ၏ စကားကို ပယ်ရာကျချေသည်။
မဟုတ်စကားကို ဆိုဘိက
သမာဓိတရားတို့ ကွယ်ကာပလေသည်။
(ဘဂဝါ= ဗုဒ္ဓရှင်ဘုရား၊ သမာဓိ= ဖြောင့်မတ်တည်ကြည်ခြင်း)

* အဟုတ်အမှန်လည်း သိမှ၊ အလုပ်အကြံလည်း ရှိမှ။
အဟုတ်အမှန်သိက သံသရာဘေး ပ၍ အနေကျမည်။
အလုပ်အကြံရှိက ဆန်ရှာရေး လှ၍ အခြေတည်ကြမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ခဲစု စကားပုံများ

* ကတိလေးပါး ထိုတရားကို စွန့်စားရှောင်လွှဲ ကျင့်မည်ခဲ။

* ပညာလွန်ကျူး ဂုဏ်အထူးနှင့် ကျေးဇူးရှိမှု ထိုသသူအား ခေါင်းပါးဆင်းရဲ ရှိမည်ခဲ။

* မိစ္ဆာယူမှား အပါယ်လားသော် တရားမစွဲ ကျွတ်မည်ခဲ။

* လူ့အဖြစ်ကို စင်စစ်မလွဲ ရမည်ခဲ။
ရလှည့် ပါလည်း အင်္ဂါပြည့် ဝ ပုရိသဟု မုချမလွဲ ရမည်ခဲ။
ပုရိသစစ် ဖြစ်လင့်ကစား မြတ်တရားကို တိုးပွားနက်နဲ သိမည်ခဲ။
သိငြားသော်လည်း ပျက်ချော်မလွဲ တော်မည်ခဲ။
တော်ငြားပါလည်း ရှေ့နောက်စိတ်ထဲ တတ်မည်ခဲ။

* ဝေဘူတောင်ဖျား ပတ္တမြားကို စွန့်ထားညွန့်ပေါ် နှစ်တုံ့သော်လည်း တေဇေ ညွှန့်ထဲ နစ်မည်ခဲ။

* အရှင်မင်းက မှူးမတ်စသည့် ပြည်မလူများ မတရားက တိုင်းကားပြည့်ထဲ စည်မည်ခဲ။

## မမြဲစု စကားပုံများ

ငါတကားဟု၊ ကြိမ်းဝါးမောင်းမဲ၊ မှတ်မမြဲ။
ပုထုဇဉ်လူ၊ မောဟထူ၊ အယူစွဲစွဲ မှတ်မမြဲ။
ရူပလက္ခဏာ၊ ကိုယ်ခန္ဓာ၊ များစွာဖောက်လွဲ တည်မမြဲ။
လောကီဥစ္စာ၊ ရတနာ၊ များစွာသိမ်းဆဲ နေမမြဲ။
သူမြတ်တို့အား၊ ချစ်သနား၊ ခိုးစားမြှောက်ကဲ၊ ရာမမြဲ။
သစ်ကိုင်းသစ်မြိုင်၊ ကမ်းမနိုင်၊ ပြိုယိုင်ရေထဲ တည်မမြဲ။

## ပေါက္ကံမောင်ချို စကားပုံ

* တရားတတ်၏ မဖြောင့်၊





စကားတတ်၏ မစောင့်။

* တရားတတ်သော် ဖြောင့်ခဲ၏။
စကားတတ်သော် စောင့်ခဲ၏။

* တတ်သိလိမ္မာ ပညာရှိသည် မှန်စေ၊
ရေးကြီးခွင်ကျယ်ရှိက လွတ်မြောက်နိုင်ခဲသည်။

* ချစ်သည်ခင်သည် ကျင်လည်ကျွမ်းသည် မှန်စေ၊
အမှုရှိက ထောက်ပံ့ကူညီသူ ရခဲသည်။

* ဥစ္စာရတနာ ကုံထံကြွယ်ဝ ပြည့် စုံသည်မှန်စေ၊
လှူဒါန်းပေးကမ်း စွန့်ကြဲခဲသည်။

* ဒါန၊ သီလ အကျိုးအပြစ်ကို အသိအမြင် အသင်အကြား ရှိသည်မှန်စေ၊
ကျင့်ဆောင်နိုင်ခဲသည်။

* အဝတ်ပစ္စာ၊ အသုံးအဆောင်၊ အဆောင်အဦ၊ ပြုစုကျွေးမွေး ပေးကမ်း
စားသောက်ရသည်မှန်စေ၊
သူ့ကျေးဇူးကို သိခဲသည်။

* နေ့ညမပြတ် အဖန်တလဲလဲ စည်းကမ်းမပြတ် သွားလာသည်မှန်စေ၊
မင်းစိတ်မင်းရိုပ်ကို သိခဲသည်။

• ကောင်းရာလားစု၊ ကောင်းမှုဟူသည် မဖြစ်ရာ။

* ပညာရှိများ၊ ချစ်သနားလည်း၊ တရားဟောခါ မဖုံးလား။

* မိဘမသင်၊ ပွဲတွင်မတည်၊ ကုန်စည်မသွား၊ လူ့ငနွား၊
မယားချင့်ကို မမုန်းလား။

* မိုးမရွာခင်၊ သစ်ငုတ်ဝါးရင်း၊
တြင်းတြင်းအောင်နုတ်။
မိုးတည်းရွာမူ၊ သစ်စေ့မျိုးရင်း၊
တွင်းကျင်းဝင်အောင် မြှုပ်။
မြှုပ်၍အပင်၊ ပေါက်တုံ့ကျင်သော်၊ ကျွဲ့ဆင့်နွားများ၊
မဝင်ငြားအောင်၊ အတား စောင်ရန်းလုပ်။

* မင်းစေလုပ်ငြား၊ လျှင်ဖြတ်စားသည်၊ ယောကျ်ားလူလေ



www.burmeseclassic.com

www.burmeseclassic.com



လူပွေကို၊ ရှာနေလူများ မမုန်းလား။

* ရေမရသော်၊ တွင်းဝအထဲ၊ မြေနဲ့တိုင်အောင်တူး။

* ရင်ဝယ်ဖြစ်ငြား၊ မွေးသည့် သားတို့၊ မသွားနေ့တိုင်း။
ကျောင်းကန်ရှိုင်းသော်၊ နေ့တိုင်း နားယဉ်ထုတ်။
နားယဉ်ထုတ်လျက်၊ ဆိုနိုင်ခက်သော်၊
လက်နှင့် ပျင်းပိုးထုတ်။

* လက်မှုနှုတ်မှု၊ စုစုအတတ်၊ အရပ်ရပ်ကို၊ မှတ်လေလူများ။
အမျိုးသားတို့၊ မှတ်သားနိုင်က၊ ချမ်းသာရလိမ့်၊ ဆုံးမပေရာ၊ လူလိမ္မာတို့၊
နည်းနာစကား၊ ကြားဖန်များက၊ ကြီးပွားပညာ၊ ထင်ရှားရာသည်၊
လူ့ရှာကျော်ကျော် ထဲထဲတည်း။

* သမီးကညာ၊ အရွယ်ရောက်လာ၊ အခါမလင့်ပါစေနှင့်။
အခါလင့်က၊ အသင့်မရ၊ ယူသောလူနှင့် ညားတတ်စွ။

* ကိုယ်တွင်ရောဂါ၊ စွဲကပ်လာ၊ အနာမရင့်ပါစေနှင့်။
အနာရင့်က၊ သက်နှင့်တမျှ ရှိတတ်စွ။

* သားငါးရဲရာ၊ သွားလာ အတင့်မရဲနှင့်။

* ကိုယ်နှင့်ခန္ဓာ၊ ကင်းလွတ်ကွာ၊ မကြာခဏ ပျက်တတ်စွ။

* မြစ်ကြီးဂင်္ဂါ၊ ကူးသောအခါ၊ ဝန်ပါ မလေးပါစေနှင့်။
ဝန်လေးပါက၊ လှေလေးပေါက်လျက်၊ မြစ်လယ်ချက်ဝယ်၊ ရက်ရက်ခလာ
နစ်တတ်စွ။

* သလိပ်လည်းခြေ၊ သွေးလေမကောင်း၊ အနာထောင်းသော်၊ စာဟောင်း
ဒေါသထုတ် ဓမ်းကိုနုတ်။

* သဗ္ဗပညာ အမြဲမှတ်လော့၊ တတ်သိစေလို့၊ ပြည့်ဝွန်းဆိုအံ့။
ကိုယ်တွင်ရောဂါ၊ အနာရှိလျက်၊ ရက်ရက်ယက၊ မကုသသော်၊ နိုင်းဆချင့်
သား မဆုံးလား။

* သားလည်းမသိ၊ သမီးလည်း မရ၊ အိုရွယ်ကျသော်၊ ဒုက္ခချင့်မှာ မဖုံးလား။

* သန်လျက်ဖြစ်ငြား၊ မသွေးထားသော်၊ ချင့်အားလိုခါ မတုံးလား။

* ဥစ္စာနည်းရှား၊ ကြွေးမြီများသော်၊ ကုန်ထားလယ်ယာလုပ်။





## ကျီးသဲလေးထပ်ဆရာတော် စကားပုံများ

* ကွန်ပြောင်မထား၊ မယားမနေ၊ ယောကျ်ားလေလည်း၊ ရှာနေလူများ မမုန်း
လား။

* ငယ်ကပျော်လွန်း၊ ကျမ်းဂန်တခြား၊ မသင်ငြားသော်၊
မင်းပါးစိုးခွင်၊ မဝင်နိုင်ဘဲ၊ ဆင်းရဲပန်တောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေး
သည်၊ လူရေးလူစ မတုံးလား။

* ဗီဇကပင်၊ ဖြစ်လင့်ကစား၊ မခေါ်ငြားသော်၊ သွား၍လွတ်အောင် မကုနှင့်။
နတ်သမီးပင်၊ ဖြစ်လင့်ကစား၊ သူ့မြောက်သားကို၊ ဖျောင်းဖြားပြောဆိုမလုနှင့်၊
သူဌေးသားပင်၊ ဖြစ်လင့်ကစား၊ မင်းဝတ်စားကို မတုနှင့်။

* တောင်ငုံမြင်လျှင်၊ ပြေးချင်ခုန်လွှား၊ ကျွန်ငွေးချင့်အားချင့်ကို မဖြုန်းလား။

* ဓမ္မသတ်တရား၊ မသင်ကြားသော်၊ စကားဆိုခါ မရှုံးလား။

* နံနက်ညဦး ခါ၊ သေစာ့စောင်းသင်၊ သီချင်းတလိုက်၊ ကြက်တိုက်အန်ခတ်၊
လည်ပတ်သားများ၊ ထိုယောကျ်ားကား၊ ဥစ္စာများကို မချစ်ရာ။
ကျောင်းကန်မတည်း၊ လူထဲမလာ၊ တောမှာပျော်လိုက်၊ ခွေးကိုက်လေ့လား၊
ချက်စားပြုတ်ကင်း၊ လူဖျင်းကား၊ သူ့အသက်ကို မချစ်ရာ။

* ရာထူးကြီးကို သိမ်းပိုက်ရသည် မှန်စေ၊
ကိုယ်ဖို့မြေခြမ်း စုံစမ်းထောက်မျှော်ခဲ့သည်။

* သူ့အသက် သူ့ဥစ္စာ သူ့အိမ်ရာကို ကြည်ပါ၏ဆိုစေ၊
အခွင့်သာလျှင် ရှောင်နိုင်ခဲ့သည်။

* တည့် တည့် မှန်ကန် တရားသဖြင့် ကျင့်ပါ၏ဆိုစေ၊
သစ္စာမှန်ခဲ့သည်။

* ပညာရှိသော်လည်း သတိရခဲ့သည်။

* ပညာကိုလိုသော် မပျင်းနှင့်။
ဥစ္စာကိုလိုသော် မငြင်းနှင့်။
ဘေးကိုရှောင်လိုသော် ရန်သူ့ဘောင်သို့ မချဉ်းနှင့်။

* အပျင်းကြီးသော် အဖော်မရ။



www.burmeseclassic.com

www.burmeseclassic.com



အစားကြီးသော် သူ့နောက်ကျ၏။

* အသွားလျှင်သော် အရင်ရောက်၏။

ခရီးလျှင်သော် ကြံတိုင်းမြောက်၏။

* အစားပုပ်သော် အလုပ်ကြာ၏။

အသားချုပ်သော် နေ့ရက်ကွာ၏။

* အရာမရှိဘဲလျက် ပလွှားသည်။

ဥစ္စာမရှိဘဲလျက် ထောင်လွှားသည်။

ပညာမရှိဘဲလျက် ဝါကြွားသည်။

ညီညွတ်သည်မရှိဘဲလျက် စွန့်စားသည်။

ခရီးမဟုတ်ဘဲလျက် လာသွားသည်။

အမှုအခင်းမရှိဘဲလျက် ကြွေးမြီများသည်။

* သူ့မယားကိုချစ်သော် ကွမ်းကုန်သည်။

သူ့သားကိုချစ်သော် ပန်းကုန်သည်။

* မယားကိုချစ်သော် သူတစ်ပါးနှင့်ယှံသည်။

သားကိုချစ်သော် ပညာဖုံသည်။ (ပညာပုံသည်)

အမတ်ကိုချစ်သော် ကိုယ်လုံသည်။

ဥစ္စာကိုချစ်သော် ပြည့် စုံသည်။

ပညာကိုချစ်သော် အတတ်မျိုးစုံသည်။

ကျွန်ကိုချစ်သော် အလုံးပုံသည်။

* ပညာရှာခြင်း၌ ကောမုဆိုးသည် သားရှိရာအရပ်ဝယ် ပျံဝဲကျိုးနွံဘိ သကဲ့သို့။

* ပါဏာတိပါတ စသည်၌ တစ်ယောက်တည်းသော သားကို အမိစောင့်ရှောက် သကဲ့သို့ ကြဉ်ရှောင်ကုန်ရာသည်။

* မမြင်ရာသည် ဆေးသမား။

မကြားရာသည် တရားသူကြီး။

မနိုးနှောရာသည် မင်းလုလင်။

မတိုင်ပင်ရာသည် ရှေ့နေရှေ့ရပ်။

မစေအပ်ရာသည် မိန်းမလျှာ။





မလာမသွားရာသည် နတ်စင်။

မထင်မပေါ်ရာသည် လွှသမား။

ကရားမစောင့်ရာသည် သူ့မြီးစား။

မသိထားရာသည် ကျောင်းဥစ္စာ။

မပါမဝင်ရာသည် ခိုက်ရန်ပွဲ။

မဆွဲမငင်ရာသည် ရဟန်းပုဏ္ဏား။

မပွားမစီး မကြီးရာသည် ရောဂါ။

* မအိပ်မနေ အသက်ရှည်၊

မေးဖန်များ စကားရ၊

သွားပါများ ခရီးရောက်။

အချည်မနိုင် အစည်ကိုင်၊

အမည်မပိုင် ခန္ဓာယိုင်။

* သက်ရှိတုန်းက တစ်မျိုးထင်သည်။

* မေတ္တာရှိက အလွန်လှ။

* ဥစ္စာမှာ ဉာဏ်၊ အသက်မှာ ကံ။

* မုသာဝါဒ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၌ မြေကိုလက်ခတ်မလွဲ အမြဲကျရောက်အံ့သကဲ့သို့။

* မင်းကိုချစ်စေသော် လက်ဆောင်။

ရန်ကိုအောင်စေလိုသော် မေတ္တာ။

ဆရာကိုချစ်စေလိုသော် ချဉ်းကပ်။

အရပ်ကိုချစ်စေလိုသော် ပျူဉ်ဝပ်။

ဖြောင့်မတ်စေလိုသော် တော်မှန်။

အကြံကိုလိုသော် နှီးနှော။

ရောပြွမ်းယှက်တင်လိုသော် မေးမြန်း။

စုံစမ်းလိုသော် ဆိုင်းလင့်။

အခွင့်ကိုလိုသော် ချိုသာ။

ရာကြီးထူးကြီးကိုလိုသော် စောင့်ထိန်း။

သိမ်းပိုက်စေလိုသော် သည်းခံ။



www.burmeseclassic.com

www.burmeseclassic.com



* ရတနာ ၃ ပါးကို ကြည်ညိုရှိသေ လေးမြတ်ခြင်း၌ လည်ဝယ်တပ်ထားသော အဖိုးအနဂ္ဃထိုက်သော ပုလဲကုံး ရတနာကဲ့သို့။

* လျှာဒါန်းပေးကမ်းခြင်း၌ ရေပြည့် အိုးကို မှောက်သွန်ဘိသကဲ့သို့။
ဝီရိယရှိခြင်း၌ တောမျှောက်သည် မြေမျှက်မည် အထင်နှင့် မြေပြင်ကို တစ်ညဉ့် သုံးခါ အိပ်ရာမှထ၍ စမ်းဘိသကဲ့သို့။

* သူတစ်ပါးဥစ္စာ တပ်မက်ခြင်း၌ လေကစွန့်ပစ်သော တံတွေးပေါက်ကဲ့သို့။

* သူရာမေရယာသည်၌ အဆိပ်ဖြစ်သောရေကဲ့သို့။

\- သူ့မယားကို ယဉ်ပါးခြင်း၌ လူသတ်ယောက်ျားသည် လက်ဝယ်၌ ထားသော ဓားရှိသကဲ့သို့။

* သစ္စာမှန်မှ လူသမ္မာ။
ပညာရှိမှ လူဆရာ။
ဥစ္စာရှိမှ မိန်ရာ။
အရံအကာရှိမှ ပြည့် စုံရာ။
လုံ့ခြုံမှ လူလိမ္မာ။

* သဒ္ဓါလွန်သော် ရာဂ,
ပညာလွန်သော် စာဂ,
ဥစ္စာလွန်သော် မာန,
ဝီရိယလွန်သော် ဥဒ္ဓစ္စ,
ချမ်းသာလွန်သော် ဣဏ,
အစားလွန်သော် ဘယ,
အအိပ်လွန်သော် မောဟ,
အဝမ္ပားစွာလွန်သော် ဇီဝိတ။

* အကြံကောင်းမှ တစ်ချက်။
အနေကောင်းလျှင် ကစ်သက်။
အပွင့်ကောင်းလျှင် တစ်ခက်။
အဆက်ကောင်းလျှင် တစ်နွယ်။

* အမူရှိမှ အမိကို တသည်။
အပေးရှိမှ အဖော်ရသည်။





အရေးရှိမှ အကျော်ရသည်။

* အသုံးကြီးသော် မပြီးစီး။
စကားလုံးကြီးသော် အချည်းအနှီး။
အကြံကြီးသော် ပြီးမြောက်သည်။
ဝီရိယရှိသော် ခံစားရသည်။
ဉာဏ်ရှိသော် အမှန်အကန်ကို သိမြင်ရသည်။
သင်ကြားသော် တတ်မြောက်သည်။
မထင်ရှားသော် နောက်လိုက်ရသည်။
ငါးတစ်ကောင်ပုပ်သော် တစ်လှေလုံး ပုပ်သည်။
တစ်ယောက်မကောင်းသော် အားလုံးအများပျက်စီးသည်။
တစ်ယောက်ကောင်းသော် အပေါင်းချမ်းသာသည်။
အတည်ရှိသော် အတည်ရသည်။
တရားသိသော် အများကိုပြင်နိုင်သည်။
အမှန်ရှိသော် အတိအလင်းကို သိရသည်။

* ဥစ္စာရှာခြင်း၌ အာယုကပ်ပတ်လုံး စားသုံးနေရမည်ကဲ့သို့။

* ဝယ်တတ်မှ မြတ်သည်။

* လာဘ်ရှိမှ ပေးနိုင်သည်။

* အထိန်းအသိမ်းရှိမှ ဥစ္စာပြန့်ပွားသည်။

* စကားငြိမ်သက်မှ အချက်နည်းပါးသည်။

* အစည်းအရုံးရှိမှ အမြတ်အစွန်းမြင်သည်။

* အသွင်အပြင်ရှိမှ လူရှိသေသည်။

* အနေအထိုင် ကျစ်လျစ်မှ ချစ်ခင်သနားသည်။

* စွန့်စားမှ ဥစ္စာရသည်။

* ချစ်ခင်မှ မြှောက်စားသည်။

* စည်ပင်မှ သုံးလောက်သည်။

* ကြောက်ရွံ့မှ အမှုပြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



* အကြီးအအုပ်ရှိမှ ငြိမ်သက်သည်။
* အခက်အလက် ပြန့်ပွားမှ အလိုရှိတိုင်းရသည်။
* အဆိုအပြောပြေပြစ်မှ ချစ်ဖွယ်ရှိသည်။
* အညစ်အကြေးကင်းမှ သန့်ရှင်းသည်။
* အတွင်းဥစ္စာရှိမှ အပဆောင်နိုင်သည်။
* အကောင်အထည်ရှိမှ ဝပြောသည်။
* အရောက်အလာရှိမှ အကျွမ်းဝင်သည်။
* အရှင်လေးမြတ်မှ ခံ့ညားသည်။
* အရေးအသားရှိမှ တင့်တယ်သည်။
* အကျင့်ကောင်းမှ သူမြတ်ချစ်သည်။
* အကျစ်အလျစ်ရှိမှ ဥစ္စာတည်သည်။
* အမျိုးအမည်သိမှ ပေါင်းရာသည်။
* လာမည့် ဘေးကို အဝေးကရှောင်မှ ကင်းငြိမ်းရာသည်။
* အရံအကာရှိမှ လုံခြုံသည်။
* ယုံကြည်မှ အခါအခွင့် ကောင်းသည်။
* ဆိုရေးဆိုဆစ်ကို သိပါမှ စကားတတ်သည်။
* အကျဉ်းအကျပ်သိမှ အလေ့အကျင့်ကို သိသာသည်။
* ပညာရှိက မာနကြီးသည်။
* ဥစ္စာရှိက မောက်မာသည်။
* ပညာရှိက သတိဖြစ်ခဲသည်။
* ဥစ္စာရှိက သတိဖြစ်လွယ်သည်။
* အမျိုးမှန်လျှင် ဉာဏ်ရင့်သည်။
* တန်ခိုးသန်လျှင် အကြံဖြင့်သည်။





* အခြေကား၍ စကားများသည်။
အနေမှား၍ မတရားအားကြီးသည်။
* ဥစ္စာမရှိ ကတိမတည်။
* ထုံးစံရှိက သိလွယ်သည်။
* အသွားအလာရှိမှ အကျွမ်းဝင်သည်။
* ယုံကြည်မှ အခွင့်ရသည်။
* ကြောက်ရွံ့မှ ပြီးမြောက်သည်။
* ပြေပြစ်မှ ချစ်ဖွယ်ရှိသည်။
* လိမ္မာမှ ချောင်သည်။
* အပေါင်းကောင်းမှ အကြောင်းမှုသည်။
* အသွားရှိမှ အလာရှိမည်။
* မျိုးကောင်းမှ အကြောင်းလှသည်။
* မိဘကောင်းမှ မနှောင်းရသည်။
* လင်သားကောင်းမှ အရှည်စံရသည်။
* ဆွေကောင်းလျှင် တစ်စလယ်၊
မျိုးကောင်းလျှင် တစ်ယောက်မ။
* မိဘကောင်းလျှင် အရှိန်ခံ၊
လင်ကောင်းရမှသာ စံရသည်။
* ဥစ္စာဟူသည် မျက်လှည့် မျိုး၊
ပညာဟူသည် မြတ်ရွှေအိုး။
* အကျိုးလိုသော်လည်း အပြစ်မြင်မှ အကျော်သတင်းရှိ၏။
* မြဲစွဲမှ အရောင်ရှိသည်။
* ပြုစုမှ အမှုကားကုန်၏။
* ယုံကြည်မှ ပုံတည်၏။



www.burmeseclassic.com

www.burmeseclassic.com



* လူရှိသေအောင် ကျင့်ကြံမှ အခွင့်ကိုပေး၏။
* အခွင့်ပေး၏၊ ဆိုရေးဆိုစစ်ကို မသိ။
* မိမိကား သိမ်းထား၏၊ မယားကြောင့် မပျော်။
* လှော်ကားလှော်၏၊ လှေကားမပြေး။
* ဆိုရေးဆိုစစ်ကို သိ၏၊ အခွဲအခြမ်း မရှိ။
* 'အဂတိသို့မလိုက်ပါ'ဟု ဆို၏၊ နှုတ်ပေးသွန်သင်ပြုသည်။
* အမှုအခင်း မရှိဟု ဆို၏၊ အခေါ်အချ များသည်။
* မယားကို မနိုင်စေနှင့်။
ကျေးကျွန်ကို မယိုင်စေနှင့်။
သစ်ပင်ကို မချိုင်စေနှင့်။
လျှို့ဝှက်သောစကားကို မလှိုင်စေနှင့်။
ရန်သူကို မဆိုင်စေနှင့်။
မင်းကို မပြိုင်လေနှင့်။
* ပိုင်ကားပိုင်၏၊ အခွင့်အရာကို မသိ။
* ဥစ္စာရှိလျှက် မပေးလှူ။
* လူအရည်ကား ကောင်း၏၊ မစောင့်ထိန်း။
* ငြိမ်းကားငြိမ်း၏၊ ကုသိုလ်မဖြစ်။
* အစစ်အမေး တတ်၏၊ ဓမ္မသတ်ကို မကျွမ်း။
* ဆိုလမ်းဆိုစစ်ကို သိ၏၊ မျက်နှာမရှိ။
* မျက်နှာရှိသော်လည်း ပညာမရှိက လောဘနိုင်ငံသို့ လိုက်တတ်သည်။
* မရိုက်မီက ငိုနှင့်သည်။
မပြောမီက ဆိုနှင့်သည်။
မလာမီက ကြိုနှင့်သည်။
မစားမီက မြိုနှင့်သည်။
မချေးမီက လိုနှင့်သည်။





* မြင်းကားမလှုပ် ခုံတိုင်လှုပ်။
အိုးကားမပူ ဖုံးခွက်ပူ။
* အယူမတတ် မဖြောင့်မတ်။
* စကားတတ်၏၊ ပါဠိကား မပြု၊ အနက်ပြေ၏။

တောင်ဖီလာဆရာတော်၏ စကားပုံများ
ခက်စုစကားပုံများ

* ကွဲပြားဆယူ နာကင်းသူ သုံးလူရှင်လျက်(မြတ်စွာဘုရား)အဟောခက်။
* ကြောက်လန့်ပြေးတက် အဆင်းခက်။
* ကန့်ကူကျောက်ထွက် အရေးခက်။
* ခရီးညွန့်ထက် အသွားခက်။
* ချောင်းရေလျှံတက် အကူးခက်။
* ဆိုးသည့် သတင်း သားချင်းရှိလျက် အပြောခက်။
* ဆူးခြောင့်တွင်းကျင်း၊ ကျိုးတွင်းပြည့် နက် အဝင်ခက်။
* တံတားကျိုးပျက် အလျှောက်ခက်။
* တင်ပေဖူးသည့် ကျေးဖူးရှိလျက် အဆပ်ခက်။
* ထွေးပြန်ပြီးလျက် အမျိုခက်။
* ပက်ပက်လှေပျက် အတိုက်ခက်။
* ပစ်ခွာခဲ့လျက် အပြန်ခက်။
* ပေးပါပြီးလျက် အယူခက်။
* မယားရှိလျက် အလှည့်ခက်။
* မျဉ်းတံကောက်လျက် အသားခက်။
* မြတ်သည့် သုံးပါး (ဘုရား၊ တရား၊ သံဃာရတနာ ၃ ပါး) မှန်းထားပြီးလျက် အသုံးခက်။



www.burmeseclassic.com

www.burmeseclassic.com



* ရင်ဆိုင်တွေ့လျက် အပြေးခက်။
* ရေအိုင်ပြိုပျက် အပြင်ခက်။
* လာခဲ့ခေါ်လျက် အနှင်ခက်။
* သံသာချိုမြွက် စကားခက်။
* သားမြေးဆိုးလျက် အစွန့်ခက်။
* သန္တေပြည့် နှက် ဆေးကုခက်။
* အသားမည်းနက် အဆင်ခက်။
* ညေသည်ညည့်နက် အအိပ်ခက်။

## ဖျက်စု စကားပုံ များ

* စေတီမုန်ထား မြတ်ဘုရား တည်ထားကောင်းလျက် ညောင်ပင်ဖျက်သည်။
* ဆီမီးတန်ဆောင် ဝင်းပြောင်ပေလျက် လေဆိုးဖျက်သည်။
* တိုက်နှင့်ကျိုကြ ထုပ်လျောက်စသည့် နိုင်လှပေလျက် ပေါင်းကွပ်ဖျက် သည်။
* ခမ္မသတ်တရား ရှိပါငြားလည်း တိမ်းပါးငဲ့ကွက် လက်ဆောင်ဖျက်သည်။
* ပြည်ရွာတိုင်းကား စည်ပင်ငြားလည်း အသွားကောင်းလျက် လှေပဲ့ဖျက် သည်။
* ဘောဇဉ်ငါးမျိုး ပျားအရသာ ကောင်းပါပေလျက် ဆားငန်ဖျက်သည်။
* မင်းမှုကောင်းပါလျက် မင်းမြှောင်ဖျက်သည်။
* မောင်းသွင်းခုနင်း ရေလျှင်သွင်း ပျိုးခင်းကောင်းလျက် မြောင်တောင် ဖျက်သည်။
* မြစ်မရေနက် လောင်ပြင်ဖျက်သည်။
* ရဟန်းတရား ကျင့်ပါငြားလျက် အစားဖျက်သည်။
* လက်ဆုံစား မယားကောင်းလျက် အပြောင်ဖျက်သည်။





* လက်ဘီးကြမ်းပြင် ဆင်ဝင်ကောင်းလျက် ဝဲလင်းဖျက်သည်။
* သီလ ၅ ပါး ကျင့်သူအားကို စီးပွားရမွက် လောဘဖျက်သည်။
* သုခမိန်ဟု ကျော်ရှိန်နှံ့သိ ပညာရှိလျက် ကြီးဘိအမျက်ဒေါသဖျက်သည်။
* သူတော်ကောင်းဖြစ်ငြား မူထားကောင်းလျက် အပေါင်းဖျက်သည်။
* ဣတ္ထိယမူ ရှုပကောင်းလျက် ဆံထုံးဖျက်သည်။
* ဣတ္ထိယမူ ရှုပလက္ခဏာကောင်းပါပေလျက် ရောဂါနှိပ်စက် အနာဖျက်သည်။

## ကျည်းကန်ရှင်ကြီး စကားပုံ

* ကတိကိုလည်း မြဲလှစေ၊ သတိကိုလည်း စွဲနိုင်စေ။
* ကံနှိုးဆော်မှ ထင်ပေါ်သည်
ဉာဏ်နှိုးဆော်မှ မြင်မြော်သည်
* ကံပင်ရှိသော်လည်း ဝီရိယ ကူရသည်။
ဉာဏ်ပင်ရှိသော်လည်း သတိက မှူရသည်။
* ကံပင်ရှိသော်လည်း ဝီရိယချွတ်တတ်သည်။
ဉာဏ်ပင်ရှိသော်လည်း သတိက လွတ်တတ်သည်။
* ကံရှိမှ တတ်သည်။ ဉာဏ်ရှိမှ မြတ်သည်။
* ကံရှိမှ ဥစ္စာတင်သည်။
ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။
* ကံပင်ရှိသော်လည်း ဝီရိယ မပျင်းစေရာ။
ဉာဏ်ပင်ရှိသော်လည်း သတိက မကင်းစေရာ။
* ကံသာ ဥစ္စာခနဲ ဖြစ်ချေမည်၊
ဉာဏ်မှာ ဟုတ်ရာသမျှ ဖြစ်ချေသည်။
* ကျတိုင်းလည်း ကုန်း၍မကောက်နှင့်။
ရတိုင်းလည်း သုံး၍မဖျောက်နှင့်။
ကျတိုင်းကုန်းကောက်လျှင် လူရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတိုင်းသုံးဖျောက်လျှင် ဖြူလွယ်သည်။

* ကြော့ကြွမ်းလျှင် မုန်းတတ်သည်၊
သော့သွမ်းလျှင် ဆုံးတတ်သည်၊
ဟော့ရမ်းလျှင် ရှုံးတတ်သည်။
မကြော့မကြွမ်း နုရမည်၊
မသော့မသွမ်း ပြုရသည်။
မဟော့မရမ်း ရှုရသည်။

* ကျယ်လျှင်ကား ချဲ့၊ ပဲ့လျှင် ဖဲ့လော့၊
နွဲ့လျှင်ကား သပ်၊ ခိုင်လျှင် ထပ်ရှင့်၊
ကျပ်လျှင် သပ်ပင်း၊ ချောင်လျှင် ထွင်းလော့၊
ရှင်းလျှင် သုတ်သင်၊ လေးလျှင် တင်ရှင့်၊
စင်လျှင်ကား ဆေး၊ ထက်လျှင်ကား သွေးလော့။

* ချစ်နေကျရည်းစားမှ မုန်းသေးသည်။
ဖြစ်နေကျပုံတားမှ ရှုံးသေးသည်။
ချစ်သော်ကား သကာ၊ မုန်းသော်ကား တမာ။
ချိန်ရာသီ အသင်နည်း၍ သည်းစွာမထန်လျှင် ရှားတတ်သည်။
လိမ္မာပြီ အထင်သည်း၍ နည်းနာမခံလျှင် မှားတတ်သည်။

* ချဉ်သည်ထင်ကာမျှ မယစ်နှင့်၊
ယဉ်သည်မြင်ကာမျှ မချစ်နှင့်၊
အင်သည်ထင်ကာမျှ မပစ်နှင့်၊
ချဉ်တိုင်းလည်း သေရည်မဟုတ်၊
ယဉ်တိုင်းလည်း ပြေသည်မဟုတ်၊
အင်တိုင်းလည်း သွေးမည်မဟုတ်။

* ဂူပျက်ကိုလည်း မအောင်းနှင့်၊
လူပျက်ကိုလည်း မပေါင်းနှင့်၊
ဂူပျက်ကိုအောင်းလျှင် ပိတတ်သည်၊
လူပျက်ကိုပေါင်းလျှင် ငြိတတ်သည်။

* ငါးပိကိုမရှောင်လျှင် သွားနာကတတ်သည်၊
သတိကိုမဆောင်လျှင် မှားရာတတ်သည်။





ငါးပိကိုလည်း ရှောင်ရမည်၊
သတိကိုလည်း ဆောင်ရမည်။

* ငါးပိကို မျက်ချီးသွေး ရွှေရေးပန်းကန်သို့ကက်သည်။

* ငါးပိစား အကျိုးလွယ်သည်။
သတိထားမှ တိုးပွားကြွယ်သည်။

* စကားကြွမ်းလျှင် မုန်းတတ်သည်၊
တရားဆန်းလျှင် ရှုံးတတ်သည်။

* စကားဆိုထွေ သူလိုစေ၊ ပေးကမ်းများထွေ နှုံးစပ်စေ။

* စကားအပေါင်းကို အုပ်သည် ကတိ၊
တရားအပေါင်းကို ချုပ်သည် သတိ၊

* စစ်လျှင် ထွက်တတ်သည်၊
ချစ်လျှင် မက်တတ်သည်၊
ဖြစ်လျှင် ပျက်တတ်သည်။
(စစ်= စစ်စီခြစ်ကုတ်ခြင်း)

* စိတ်ကူးနေ့တိုင်းတွေး၊ စိတ်မကူး တစ်သက်မေ့။

* စိတ်ညီ သင့်ဖျူး၊ စိတ်မညီ ရှောက်ဆူး။
စိတ်တွေ့အားနာ၊ စိတ်မတွေ့ မလိမ္မာ။

* စိတ်မတူ မရောက်မပေါက်၊
စိတ်တူ အခေါက်ခေါက်။

* စိတ်ရှိ ကန့်ပလူ၊ စိတ်မရှိ ကြက်သွန်ဖြူ။

* စိတ်ရောက်ရွှေဖီ၊ စိတ်မရောက် မဲဖလီ။

* ဆိုရာဆိုခွင့် ဆိုချိန်လင့်၍ သင့်ရာကိုလည်း လျှောက်မိစေ။

* တစ်နေ့လုံးနမ်းလို့မှ လူစော်မနံ။

* တစ်ယောက် လိမ္မာလျှင် တစ်ရာချမ်းသာ၏။

* ထီးတင်ပွဲကိုလည်း မမီ၊ အဘွားကြီးကိုလည်း မတွေ့ရ။

* ထောက်ထောက်ထားထား စဉ်းစားဆင်ခြင်လေ့ရှိမှ အကျိုးရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်နှင့်တူသည်ဟု
* ကျောက်ဖြူကိုလည်း မနမ်းနှင့်
ကျွမ်းလျက်နှင့်မြူမည်ဟု
အောက်သူကိုလည်း မစမ်းနှင့်။
ကျောက်ဖြူကိုနမ်းလျှင် ဖုန်ကပ်သည်၊
အောက်သူကိုစမ်းလျှင် ကုန်တတ်သည်။

* ဇနခါ သူ့အောက်၊ ဆိုခါ သူ့နောက်၊ စားသောက်အတန်၊ သည်းခံခြင်းလည်း ကြီးစေ၊

* နှုတ်ကြီးလျှင် သူစွာမည်၊ လက်ကြီးလျှင် သူလာမည်။

* နှုတ်ချိုလျှင် သူချစ်သည်၊ လက်တိုလျှင် သူပစ်သည်။

* နှုတ်ထွက်က အချိုအသာ၊ စိတ်ဓာတ်က မလိုတမာ။
နှုတ်ထွက်က အသေအချာ၊
ဝမ်းထဲက လေပဓာ(ပေါ့ပေါ့ဆဆ)။

* ပုထိုးနီးဝေး မဆိုရာ၊ စေတနာသာ ပမာန။
အမျိုးနီးဝေး မဆိုရာ၊ မေတ္တာသာ ပမာန။

* ပွဲမင်းလည်း ငွေမှား၊ ဆေးသမားလည်း သားသေ၊
ဗေဒင်သမားလည်း နွားပျောက်၊ ထွင်းဆောက်သမားလည်းအထွင်းမကောင်း၊
စောင်းသမားလည်း တေးမပီ၊ ပန်းချီသမားလည်း ဟန်မရဆိုကြသည့်
စကားရပ်မှာ တွေ့တတ်ကြသည့် ဓမ္မတာပင်။

* ပုံခင်းက စကားများ၍ ငြိမည်၊
ခုံမင်းက တရားများ၍ ရှိရသည်။

* ပြောမှသာလျှင်သည် မှုဟုတ်ပါ၊
ကြာမှသာရမည် မဟုတ်ပါ။
မပြောဘဲနှင့်ပင် လုပ်ပါသည်။ မကြာဘဲနှင့်ပင် ရပါမည်။

* ပျော့ငြားလျက် တင်းလျှင် မခံနိုင်၊
လျော့ပါးလျက် ငြင်းလျှင် မကြံနိုင်။

* ပွက်ရာတွင် ညစ်ကြူးသည်၊





စွတ်ရာတွင် နစ်ဖူးသည်။

* ပတ္တမြား မြူတပ်မြင်သည်လို့ မစွန့်လေနှင့်၊
အလကား လူလျှပ်ထင်မည်လို့ မငွဲ့စေနှင့်၊
ပတ္တမြားစွန့်လျှင် ဆုံးတတ်သည်။
အလကားရွံ့လျှင် မုန်းတတ်သည်။

* ပြွန်တွင်းသစ်မှ လုံရာသည်၊
ကျွန်ရင်းဖြစ်မှ ယုံသာသည်။

* ဖြူယောင်နှင့် မည်းတတ်သည်၊
ဟုတ်ယောင်နှင့် လွဲတတ်သည်၊

* မတတ်သေးလျှင် စေ့စပ်သည်၊
အရပ်ဝေးလျှင် မေ့တတ်သည်။

* မတတ်သေးလျှင် သင်ရာသည်၊
အရပ်ဝေးလျှင် ကြင်နာသည်။

* မပေးလို မရှိ၊ မသွားလို မသိ။
မိုးကိုလင့်လျှင် မျိုးရင့်သည်။

* မိုးမျှားပင် ထန်သော်လည်း ကန်တိုင်းမပေါက်ပေ၊
ကြိုးစားပင် ကြံသော်လည်း ကြံတိုင်းမမြောက်ပေ။

* မက်လုလုနှင့် လင်းသည်။

* မျက်မှောင်မှာ ပျားလိုချို၊ မျက်ကွယ်မှာ ကနစို။

* မင်းပန်သည့် ပန်းနှင့်တူသောပန်းကိုလည်း မပန်ရာ၊
မင်းဆင်သော ဝတ်စားတန်ဆာကဲ့သို့လည်း မဆင်မဝတ်ရာ။

* မေတ္တာရောက် တဟီးဟီး၊ မေတ္တာမရောက် ညံ့စီစီ။

* ယူလိုသည့် စကားကိုပြောလျှင် သဘောတူ၍ လူပြုံးသည်၊
မယူလိုသည့် စကားကိုပြောလျှင် သဘောမတူ၍ လူမုန်းသည်၊
မယူမည့်, ယူမည်ကို သတိစွဲ၊
မတူမည့်, တူမည်ကို သိစမြဲ။

* ယစ်လိုလျှင် ပြုန်းတတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်လိုလျှင် မုန်းတတ်သည်။
(ယစ်=မူးယစ်သောက်စားခြင်း)

* ရွှေရိပ်ငွေရိပ် လေရိပ်ကျောက်ရိပ်ထက် လူရိပ်ကို သိနိုင်ခဲသည်။
အထဲနှင့်အပြင်ကို ဆင်ခြင်ထောက်ညှိ၍ သတိကို အဆွေခင်ပွန်းဖွဲ့မှ လူရိပ်ကို သိနိုင်သည်။

* ရှုန်းလျှင်မနိုင်၊ မုန်းလျှင်မပိုင်၊
မရှုန်းမှ နိုင်သည်၊ မမုန်းမှ ပိုင်မည်။

* လာမည့် ဘေးကို အဝေးကမြင်မှ အသက်ရှည်သည်။

* လာလိုအနီးကလေး၊ မလာလို ခရီးဝေး။

* လောဘကြီးသူ စကားချိုတတ်သည်၊
ဒေါသကြီးသူ စကားတိုတတ်သည်၊
မောဟကြီးသူ စကားယိုတတ်သည်။

* လင်းလိုတုန်းကို နားပဲ့သည်။

* လွှန်ကျူးမိလျှင် နောင်တ၊ ကျွန်ထူးရှိလျှင် ခေါင်က။

* ဝမ်းဘဲဟသာ မြောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့။
ဝမ်းထဲတင်းကာ ဟောင်းကိုပစ်၍ သစ်ကိုရှာ၊ နေရာများ၍ ကြားမစေ့။

* ငွေတတ်နွားကို ရှောင်ပြန်၊ ကန်တတ်သည့် နွားနှင့်ညား။

* သူစိမ်းသူကျက် ပေါင်းဖက်ယှဉ်ရာကိုလည်း သိစေ။

* သူ့ကိုအကျိုးလိုမှ ကိုယ့်မှာ အကျိုးရောက်သည်။

* သူ့ကျေးဇူးကို အထူးတစ်သက်လုံး သိ။

* သို့ဖျေးဖူးကို အထူးသိမှ စည်းစိမ်တည်သည်။
သေးမှလှသည် မဟုတ်ပါ၊ ဆေးမှသာရမည် မဟုတ်ပါ။
မသေးဘဲနှင့်ပင် လှပါသည်၊ မဝေးဘဲနှင့်ပင် ရပါသည်။

* သည်းခံဖြည်းညင်း မတင်းနှုတ်ချိုမှ လူဗိုလ်မေတ္တာလောင်းသည်။

* သွယ်တတ်မှ စီး၊ ရွယ်တတ်မှ နီး။

* အကျင့်နွမ်းက ဘုန်းတန်းပျောက်သည်၊

ယဉ်မျိုးစာအုပ်တိုက်



သစ္စာမမှန်က ရန်မာန်မြောက်သည်။

* အငြင်းသန်လျှင် ညအမိုက်၊
အရင်းနည်းလျှင် လွှတိုက်။

* အထင်နှင့် မဆီမဆိုင်ရှိတတ်သည်၊
အမြင်နှင့် မညီနိုင်ရှိတတ်သည်။

* အမိနှင့်သား လျှာနှင့်သွား များတတ်ကြသည်သာ။
လျှာနှင့်သွားမှ အဖျားထိ၍ ကွဲသေးသည်။
မာတာနှင့်သားမှာ စကားငြိ၍ လွဲသေးသည်။

* အရေးရှိခါ အရာကို မလွန်စေအပ်၊
အမေးရှိခါ ပညာကိုကပ်။

* အသွေးတတ်မှ ထူးမြတ်စွာတောက်သည်၊
အပြေးတတ်မှ ကူးခတ်ရာရောက်သည်၊
အတွေးတတ်မှ မှူးမတ်ရာရောက်သည်။

* အာဏာတည်လိုက သတိတရား စဉ်းစားဆင်ခြင်နိုင်စေ။

* အိုးချင်းထားလျှင် အိုးချင်းထိ၊
ကြိုးချင်းထားလျှင် ကြိုးချင်းငြိ။

ဦးအာစရ၏ စကားပုံများ
(ကျည်းကန်ရှင်နန္ဒမဇထံ ပြန်ပေးမေတ္တာစာမှ)

* ခွေးကျိုးကို ချည်၍ရိုက်သည်။

* ခြံစရာမရှိခိုက်ကို တိုး၍ချမ်းသည်။

* စိန္တေသိကိုမှ မကြံနိုင်ခင် ပုစ္ဆာကို မေးမြန်းသည်။
(စိန္တေသိ=ကြံစည်တွေးတောခြင်း၊ ပုစ္ဆာ=မေးခွန်း)

* တိုင်း၍ ရက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့် မှာ၍ထားသည်နှယ် အလားသင့်။
(ပက္ကလာ=ခေါင်းမှကျောအထိ လုံသော ခမောက်တစ်မျိုး)

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



* ဒေါင်းခြေရာမှာ စာသူငယ်လှမ်းလျှင် ပင်ပန်းသည်။

* ပုတ်ကို လေးနှင့်ပစ်သည်။

* မင်းမှာ လုပ်ချင်၏၊ တင်းကုပ်မှာ အချုပ်ခံဝံ့ မခံဝံ့။
ပဲဟင်းကို ရှုပ်ချင်၏၊ နှုတ်ခမ်းမွေးကို အနှုတ်ခံဝံ့ မခံဝံ့။
(ရှုပ်=တရှုပ်ရှုပ်အသံမြည်အောင် သောက်ခြင်း)
မှိုနှင့်မှျစ်ကို နှုတ်ချင်၏၊ ကျဉ်တုပ်ခံဝံ့ မခံဝံ့။

* သွားချေးထူရာတွင် ဗိန်းဥစားပြန်သည်။

* အတတ်ကောင်းကိုတတ်လျှင် စည်လိုလွယ်၍ တီးရသည်။

## စကားဖို-စကားမ၊ လုံးတူ၊ လုံးကွဲ စကားစုံတွဲများ

ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ သုံးစွဲနေကြသော စကားတို့တွင် စကားတစ်လုံးကိုပင် ထပ်တူနှစ်လုံးဆင့်၍ သုံးစွဲလျက်ရှိသော ‘စကားဖို စကားမ၊ လုံးတူ၊ လုံးကွဲ’ စကားစုံတွဲများ ရှိကြပေသည်။ စကားစုံတွဲဆိုသည်မှာ အစုံလိုက်, အတွဲလိုက် တွဲဖက်သုံးစွဲမှုလည်း အဓိပ္ပာယ်ပိုမိုလေးနက်လေသည်။

စကားဖို-စကားမ။ ။‘စကားဖို-စကားမ’ဟူသည် စကားစုံတွဲတစ်မျိုးဖြစ်ပြီ။ စကားဖိုဆိုသည်မှာ စကားပိုကိုခေါ်၍ အနက်မထင် အဓိပ္ပာယ်မဝင်သော စကားဖြစ်သည်။ ‘စကားမ’ဆိုသည်မှာ စကားရင်းကိုခေါ်၍ အနက်ထင်အဓိပ္ပာယ်ဝင်သော စကားဖြစ်သည်။ သို့သော် ဤသို့တွဲဖက်ခြင်းဖြင့် လေးနက်မှုရှိသည်။

(ဥပမာ- ခနီးခနဲ့၊ ဝိုင်တိဝိုင်တိုင်၊ ညစ်တီးညစ်ပတ်)

လုံးတူ။ ။‘လုံးတူ’ဟူသည် စကားစုံတွဲတစ်မျိုးဖြစ်ပြီး၊ အက္ခရာတူသောကြောင့် လုံးတူဟုခေါ်သည်။

(ဥပမာ-ချစ်ချစ်ခင်ခင်၊ စောစောစီးစီး၊ ပိပိပြားပြား)

လုံးကွဲ။ ။‘လုံးကွဲ’ဟူသည် စကားစုံတွဲတစ်မျိုးဖြစ်ပြီး လုံးတူကဲ့သို့ အက္ခရာတူ စကားလုံးများမဟုတ်ဘဲ အက္ခရာစကားလုံးကွဲသောကြောင့် လုံးကွဲဟုခေါ်သည်။

(ဥပမာ- ကစဉ့် ကလျား၊ ခါးခါးသီးသီး၊ ဖက်လဲတကင်း)

ဤသို့ ကွဲပြားခြားနားသော စကားစုံတွဲများကို အလွယ်တကူ လေ့လာသိရှိနိုင် ရန်အတွက် လက်လှမ်းမှီစုဆောင်းရသမျှတို့ကို အက္ခရာစဉ်အရ ဖော်ပြအပ်ပါသည်။





(က)

ကကခုန်ခုန်၊
ကချော်ကချွတ်၊
ကစဉ့် ကရဲ၊
ကစဉ့် ကလျား၊
ကတိကပါ၊
ကတိမ်းကပါး၊
ကတုံးကတိုက်၊
ကတောက်ကဆတ်၊
ကတိုက်ကရိုက်၊
ကဒေါကမျော၊
ကန္တဲ့ကလျှ၊
ကပိုကရို၊
ကပျာကရာ၊
ကပျက်ကချော်၊
ကပျစ်ကညစ်၊
ကပြောင်းကပြန်၊
ကဖျက်ယဲဖျက်၊
ကမကထ၊
ကမူးရှူးထိုး၊
ကမန်းကတန်း၊
ကယုကယင်၊
ကယောင်ကတမ်း၊
ကယောင်ချောက်ချား၊
ကရော်ကမယ်၊
ကိန်းကြီးခန်းကြီး၊
ကုန်ကုန်ခန်းခန်း၊
ကုန်းကုန်းကွကွ၊
ကုပ်ကုပ်ကျစ်ကျစ်၊
ကုံလုံကြွယ်ဝ၊
ကလီကမာ၊
ကလေကချေ၊
ကလေကဝ၊
ကလေးကလား၊
ကလန်ကဆန်၊
ကလန်ကလား၊
ကလိန်းကလက်၊
ကသိကအောက်၊
ကသုတ်ကသက်၊
ကာရံဝါကျ
ကုမ္မေကုမ္မာ၊
ကော်လုံးကပ်လုံး၊
ကံသေကံမ၊
ကိုယ်စီကိုယ်ငှ၊
ကိုယ်ထူကိုယ်ထ၊
ကိုယ်ရကိုယ်ယူ၊
ကိုယ်ရေးကိုယ်တာ၊
ကိုယ့်ဒူးကိုယ်ချွန်၊
ကိုယ့်နည်းကိုယ့်ဟန်၊
ကို့ရို့ကားယား၊
ကိုးလိုးကန့်လန့်၊
ကတ်ဖိုးကတ်ဖဲ့၊
ကတ်သီးကတ်သပ်၊
ကပ်ပါးယပ်ပါး၊
ကျုံ့ကျုံ့ယုံ့ယုံ့၊
ကြီးကျယ်ခမ်းနား
ကြီးကြီးကျယ်ကျယ်
ကြီးကြီးမားမား
ကြီးတောင့်ကြီးမား၊



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်စဉ်းလဲ၊
ကောင်းကောင်းကန်းကန်း၊
ကောင်းကောင်းမွန်မွန်၊
ကျကျနန၊
ကျားကျားယားယား၊
ကျူးကျူးကျော်ကျော်၊
ကျေကျေနပ်နပ်၊
ကျေကျေအေးအေး၊
ကျောထောက်နောက်ခံ၊
ကျော်မကောင်းကြားမကောင်း၊
ကျိုးကျိုးနွံနွံ၊
ကျင်ကျင်လည်လည်၊
ကျစ်ကျစ်လစ်လစ်၊
ကျဉ်းကျဉ်းကျပ်ကျပ်၊
ကျဉ်းကျဉ်းမြောင်းမြောင်း၊
ကျန်းကျန်းမာမာ၊
ကျပ်ကျပ်ခဲခဲ၊
ကျပ်ကျပ်တည်းတည်း၊
ကျယ်ကျယ်ပြန့်ပြန့်၊
ကျယ်ကျယ်လောင်လောင်၊
ကျယ်ကျယ်ဝန်းဝန်း၊

ကြေကြေညက်ညက်၊
ကြော့ကြော့မော့မော့၊
ကြဲကြဲဖန်ဖန်၊
ကြဲ့ကြဲ့နိုင်နိုင်၊
ကြိုးတိုးကြဲတဲ၊
ကြင်ကြင်နာနာ၊
ကြည်ကြည်ရွှင်ရွှင်၊
ကြမ်းကြမ်းတမ်းတမ်း၊
ကြောက်ကြောက်ရွံ့ရွံ့၊
ကြောင်ကြောင်ကျားကျား
ကြောင်တိကြောင်တောင်၊
ကွေးကွေးကောက်ကောက်၊
ကွဲကွဲပြားပြား၊
ကွဲပြားခြားနား၊
ကွက်ကွက်ကွင်းကွင်း၊
ကွယ်ကွယ်ဝှက်ဝှက်၊
ကျွတ်ကျွတ်လွတ်လွတ်၊
ကျွမ်းကျွမ်းကျင်ကျင်၊
ကြွကြွရွရွ၊
ကြွားကြွားဝါဝါ၊
ကြွပ်တိကြွပ်ဆတ်၊

(ခ)

ခခယယ၊
ခခယမ်းယမ်း၊
ခနဲ့တဲ့တဲ့၊
ခနော်ခနဲ့၊
ခါးခါးသီးသီး၊
ခုခုခံခံ၊
ခဲခဲယဉ်းယဉ်း၊

နိုင်နိုင်မာမာ၊
နိုင်နိုင်မြဲမြဲ၊
နိုင်နိုင်လုံလုံ၊
ချိုချိုနဲ့နဲ့၊
ချိုးမြှင့်မြောက်စား၊
ချေချေငံငံ၊
ချောချောမောမော၊





ခဲဘွယ်သောဇဉ်၊
ခဲယမ်းမီးကျောက်၊
ခဲရာခဲဆစ်၊
ခေါ်ခေါ်ပြောပြော၊
ခိုးကြောင်ခိုးဝှက်၊
ခိုးခိုးခွပ်ခွပ်၊
ခိုးထုပ်ခိုးထည်၊
ခိုးလိုးခုလု၊
ခက်ရာခက်ဆစ်၊
ခင်ခင်မင်မင်၊
ခန့်ခန့်ညားညား၊
ခမ်းခမ်းနားနား၊
ခမ်းနားကြီးကျယ်၊
ခုံခုံမင်မင်၊
ခေါက်တုံ့ခေါက်ပြန်၊
နိုင်နိုင်ခံ့ခံ့၊
ချမ်းချမ်းစီးစီး၊
ချမ်းချမ်းသာသာ၊
ချုံနွှယ်ပိတ်ပေါင်း၊
ချောက်တီးချောက်ချက်၊
ချောင်ကြိုချောင်ကြား၊
ချောင်ချောင်လည်လည်၊
ခြေခြေမြစ်မြစ်
ခြိုးခြိုးခြံခြံ၊
ခြစ်ခြစ်ကုပ်ကုပ်၊

ချောချောမော့မော့၊
ချောချောမွေ့မွေ့၊
ချောမောပြေပြစ်၊
ချိုချိုချဉ်ချဉ်၊
ချိုချိုပြုံးပြုံး၊
ချိုချိုသာသာ၊
ချို့ချို့ငဲ့ငဲ့၊
ချို့ချို့တဲ့တဲ့၊
ချိုးချိုးဖဲ့ဖဲ့၊
ချက်ကျလက်ကျ၊
ချက်ချက်ချာချာ၊
ချင့်ချင့်ချိန်ချိန်၊
ချဉ်းနင်းဝင်ရောက်၊
ချစ်ချစ်ခင်ခင်၊
ချဉ်ချဉ်တူးတူး၊
ချပ်ချပ်ရပ်ရပ်၊
ခြစ်ခြစ်ခြုတ်ခြုတ်၊
ခြိမ့်ခြိမ့်သဲသဲ၊
ချွေတိချွေယိုင်၊
ခွဲခွဲခြားခြား၊
ခွက်ထိုးခွက်လန်၊
ချွေချွေတာတာ၊
ချွေတာစုဆောင်း၊
ချွတ်ချွတ်ချော်ချော်၊
ချွံချွံရဲရဲ

(ဂ)

ဂယဏာနှ၊
ဂမန်းဂတန်း၊
ဂမူးရှူးထိုး
ဂလေဂချော

ဂလန်ဂလား၊
ဂုဏ်တုဂုဏ်ပြိုင်၊
ဂျိုးဂျိုးဂျိမ့်ဂျိမ့်၊
ဂျုံးဂျုံးဂျက်ဂျက်၊



www.burmeseclassic.com

www.burmeseclassic.com



(င)

ငပိငပက်၊
ငှတ်ငှတူ၊
ငေးတိငေးတေး၊
ငေးတိငေးမော၊
ငိုးတိုးငုတ်တုတ်၊
ငတ်မွတ်ခေါင်းပါး၊
ငန်းရေမန်းရေ၊
ငယ်ကျူးငယ်နာ၊
ငယ်စဉ်တောင်ကျေး၊
ငေါက်ငေါက်ငမ်းငမ်း၊
ငေါက်တိငေါက်ငမ်း၊
ငေါက်တိငေါက်ဆတ်၊
ငိုင်တိငိုင်တိုင်၊
ငှဲညှာထောက်ထား၊
ငေါ်ငေါ်တူးတူး၊
ငေါ်တော်ငေါက်တောက်၊
ငိုကြီးချက်မ၊
ငွားငွားစွင့်စွင့်၊
ငြူငြူစူစူ၊
ငြီးငြီးငြိမ့်ငြိမ့်၊
ငြီးသူရန်ဖက်၊
ငြိမ်ငြိမ်ဆိမ်ဆိမ်၊
ငြိမ်ငြိမ်သက်သက်၊
ငြိမ်ဝပ်ပိပြား၊
ငြိမ့်ငြောင်းသာယာ၊
ငြိမ်းငြိမ်းချမ်းချမ်း။

(စ)

စကားကြီးစကားကျယ်၊
စကားစမြည်၊
စကားဖိုစကားမ၊
စကောစကာ၊
စနစ်တကျ၊
စနောင့်စနင်း၊
စရိတ်စကာ၊
စလုံးစခု၊
စာချုပ်စာတမ်း၊
စာစီစာကုံး၊
စာရေးစာချီ၊
စာအုပ်စာတမ်း၊
စုလစ်မွန်းချွန်၊
စားကြွင်းစားကျန်၊
စားနပ်ရိက္ခာ၊
စားဝတ်နေရေး၊
စီစီစပ်စပ်၊
စီစီညာ ညက်၊
စိစစ်ရှာဖွေ၊
စိစပ်သေချာ၊
စီစီကျွက်ကျွက်၊
စီစီညံညံ၊
စီးပွားဥစ္စာ၊
စုစုစည်းစည်း၊
စုစုရုံရုံ၊
စည်ပင်သာယာ၊





စုလျားရစ်ပတ်၊
စူစူဆောင့်ဆောင့်၊
စူးစူးစိမ်းစိမ်း၊
စူးစူးဝါးဝါး၊
စူးစမ်းလေ့လာ၊
စေ့စေ့ငငေ၊
စေ့ငုသေချာ၊
စေ့စေ့စပ်စပ်၊
စေ့စပ်သေချာ၊
စေးစေးကပ်ကပ်၊
စေးတိစေးထန်း၊
စောစောစီးစီး၊
စော်စော်ကားကား၊
စိုစိုစွတ်စွတ်၊
စိုစိုထိုင်းထိုင်း၊
စိုစိုပြေပြေ၊
စိုးမိုးအုပ်ချုပ်၊
စိုးရိမ်ကြောင့်ကြ၊
စက်ဆုပ်ရွံ့ရှာ၊
စင်စင်ကြယ်ကြယ်၊
စစ်စစ်ပေါက်ပေါက်၊
စဉ်းစဉ်းစားစား၊
စည်စည်ကားကား၊
စုံစုံလင်လင်၊
စုံစမ်းစစ်ဆေး၊
စောက်တိစောက်ထိုး၊
စောက်ထိုးမိုးမျှော်၊
စောက်မှန်းကမ်းမှန်း၊
စောင်မကြည့် ရှု၊
စောင်းပါးရိပ်ခြည်၊
စွေစွေစောင်းစောင်း၊
စည်းစည်းလုံးလုံး၊
စည်းစိမ်ဥစ္စာ၊
စည်းမဲ့ကမ်းမဲ့၊
စည်းလုံးညီညာ၊
စည်းလွတ်ဝါးလွတ်၊
စနိုစနို့ရန့်ရန့်၊
စပ်ကူးမတ်ကူး၊
စပ်စပ်စုစု၊
စပ်စပ်ဖာဖာ၊
စပ်စပ်ယှက်ယှက်၊
စပ်မိစပ်ရာ၊
စိတ်ကူးစိတ်သန်း၊
စိတ်ဆိုးမာန်ဆိုး၊
စိတ်ဓာတ်ချောက်ချား၊
စိတ်နေစိတ်ထား၊
စိမ်ပြေနပြေ၊
စိမ်းစိမ်းကားကား၊
စိမ်းစိမ်းစိုစို၊
စိမ်းစိမ်းလန်းလန်း၊
စုတ်စုတ်နုပ်နုပ်၊
စုတ်စုတ်ပဲ့ပဲ့၊
စုတ်စုတ်ပြတ်ပြတ်၊
စုံစုံညီညီ၊
စွေတိစွေကန်း၊
စွဲစွဲမြဲမြဲ၊
စွဲစွဲလမ်းလမ်း၊
စွတ်စွတ်ရွှတ်ရွှတ်၊
စွပ်စွပ်စွဲစွဲ၊
စွန့်စွန့်စားစား၊
စွမ်းစွမ်းတမန်၊
စွမ်းရည်သတ္တိ၊



www.burmeseclassic.com

www.burmeseclassic.com



(ဆ)

ဆထက်ထမ်းပိုး၊
ဆာဆာလောင်လောင်၊
ဆီဥထောပတ်၊
ဆူဆူဆောင့်ဆောင့်၊
ဆူဆူညံညံ၊
ဆူဆူပူပူ၊
ဆူဆူဖြိုးဖြိုး၊
ဆူလွယ်နပ်လွယ်၊
ဆူးခြောင့်ခလုတ်၊
ဆဲဆဲဆိုဆို၊
ဆိုးဆိုးဝါးဝါး၊
ဆင်ခြေဆင်လတ်၊
ဆတ်ကော့လတ်ကော့၊
ဆန်ကွဲဆန်ညွှာ၊
ဆန်ကွဲဆန်ဖွဲ့၊
ဆန်းဆန်းစစ်စစ်၊
ဆန်းဆန်းပြားပြား၊
ဆိမ့်ဆိမ့်အိမ့်အိမ့်၊
ဆိုက်ဆိုက်မြိုက်မြိုက်၊
ဆိုင်းဆိုင်းငုံ့ငုံ့၊
ဆွေးဆွေးနွေးနွေး၊
ဆွဲဆွဲငင်ငင်၊

(ဇ-ဈ)

ဇကောဇက၊
ဇနောင့်ဇနင်း၊
ဇဝေဇဝါ၊
ဇိုးကနဲဇက်ကနဲ၊
ဇိုးဇိုးဇတ်ဇတ်၊
ဇောက်ထိုးဇောက်ထိုး၊
ဇွတ်တိုဇွတ်ထိုး၊
ဈေးတောင်းခေါင်းရွက်၊
ဈေးရောင်းဈေးဝယ်၊
ဈေးဝယ်ဈေးဆစ်၊
ဈေးသူဈေးသား၊
ဈေးသွား‌ဈေးလာ၊

(ည)

ညာတာပါတော၊
ညီညီညာညာ၊
ညီညီ
ညို့ညို့မှိုင်းမှိုင်း၊
ညစ်ညစ်ညမ်းညမ်း၊
ညစ်တီးညစ်ပတ်၊
ညည်းညည်းညူညူ၊
ညှာညှာတာတာ၊





ညို့ညို့ဆိုင်းဆိုင်း၊
ညက်ညက်ညောညော၊
ညင်ညင်သာသာ၊
ညင်းညင်းပျောင်းပျောင်း၊
ညှာတာထောက်ထား၊
ညှိုးညှိုးငယ်ငယ်၊
ညှင်းပန်းနှိပ်စက်၊
ညှပ်ပူးညှပ်ပိတ်၊

(တ)

တကဲ့တကယ်
တခါတရံ
တခါတလေ၊
တခမ်းတနား၊
တ၎ ဘစ၊
တစုတရုံး၊
တစိုးတစိ၊
တစေ့တစောင်း၊
တစည်းတပေါင်း၊
တစိတ်တခွဲ၊
တစိတ်တဝမ်း၊
တစိတ်တအိတ်၊
တစုံတစ်ရာ၊
တစွန်းတစ၊
တဆုပ်တခဲ၊
တဆုံးတဆ၊
တညိုတထွာ၊
တတပ်တအား၊
တနေ့တခြား၊
တပိုတပါး၊
တပင်တပန်း၊
တော်စွလျော်စွ၊
တော်တော်တန်တန်၊
တော်တည့် မှန်ကန်၊
တပုံတခေါင်း၊
တပေါက်တလမ်း၊
တပည့် တပန်း၊
တပိုင်းတစ၊
တပြားတချပ်၊
တပြေတရွာ၊
တပွဲတစ်လမ်း၊
တမေ့တမော၊
တမျှော်တခေါ်၊
တလုပ်တဆုပ်၊
တသားတသွေး၊
တသီးတခြား၊
တအုံ့တသြ၊
တီတီကျူကျူ၊
တီတီလင်းလင်း၊
ကီတီတာတာ၊
တူးတူးခါးခါး၊
တေတေပေပေ၊
တေ့တေ့ဆိုင်ဆိုင်၊
တောသူတောင်သား၊
တောသူတောသား၊
တိတ်တိတ်ဆိတ်ဆိတ်၊
တိမ်းပိုးတိမ်းပါး၊
တုန်တုန်ချည့် ချည့်၊



www.burmeseclassic.com

www.burmeseclassic.com



တံစိုးလက်ဆောင်၊
တိုတိုတုတ်တုတ်၊
တိုတိုတောင်းတောင်း၊
တိုလီမိုလီ၊
တို့ကဆိတ္တ်တို့ကနန်း၊
တိုးတူပေါင်ဖက်၊
တိုးတိုးတိတ်တိတ်၊
တုင့်တင့်တယ်တယ်၊
တင့်တောင့်တင့်တယ်၊
တင်းတင်းကျပ်ကျပ်၊
တင်းတင်းမာမာ၊
တစ်တစ်ရစ်ရစ်၊
တည်တည်ကြည်ကြည်၊
တည်တည်တန့်တန့်၊
တည့် တည့် မတ်မတ်၊
တတ်သိနားလည်၊
တန်းတူရည်တူ၊
တန်းတန်းမတ်မတ်၊
တပ်အပ်သေချာ၊
တုန်လှုပ်ချောက်ချား၊
တုပ်ကွရှိသေ၊
တုံးပေကတ်သတ်၊
တောက်တီးတောက်တဲ့၊
တောင်တောင်အီအီ၊
တောင့်တောင့်တင်းတင်း၊
တိုက်ကြီးတာကြီး၊
တိုက်တိုက်ဆိုင်ဆိုင်၊
တိုင်းချစ်ပြည်ချစ်၊
တိုင်းတိုင်းဆဆ၊
တွေဝေမိန်းမော၊
တွေးခေါ်မြော်မြင်၊
တွေးတွေးဆဆ၊
တွင်တွင်ကျယ်ကျယ်၊
တွဲ့တွဲ့နွဲ့နွဲ့၊
တွတ်တီးတွတ်တာ၊
တွန်းတွန်းတိုက်တိုက်၊
တွယ်တွယ်တာတာ၊
တိုက်တိုက်တွန်းတွန်း။

(ထ)

ထကြွလုံ့လ၊
ထကြွညီညာ၊
ထကြွကြွ၊
ထမြောက်အောင်မြင်၊
ထိကပါးရိကပါး၊
ထိထိမိမိ၊
ထိထိရောက်ရောက်၊
ထီးထီးမားမား၊
ထင်ယောင်ထင်မှား၊
ထင်းထင်းလင်းလင်း၊
ထစ်ထစ်ငေါ့ငေါ့၊
ထိတ်ထိတ်ပျာပျာ၊
ထိန့်ထိန့်ငြီးငြီး၊
ထိန်ထိန်လင်းလင်း၊
ထိန်ထိန်ဝင်းဝင်း၊
ထိန်းသိမ်းစောင့်ရှောက်၊





ထုသားပေသား၊
ထူထူထဲထဲ၊
ထူးထူးကဲကဲ၊
ထူးထူးခြားခြား၊
ထူးထူးချွန်ချွန်၊
ထူးထူးဆန်းဆန်း၊
ထူးထူးပြားပြား၊
ထူးထူးထွေထွေ၊
ထော်လော်ကန့်လန့်၊
ထိုရွေ့ထိုမျှ၊
ထိုးထိုးထောင်ထောင်၊
ထပ်ကြပ်မကွာ၊
ထက်ဝယ်ဖွဲ့ခွေ၊
ထင်ထင်ပေါ်ပေါ်၊
ထင်ထင်မြင်မြင်၊
ထင်ထင်ရှားရှား၊
ထုတ်ပြန်ကြေငြာ၊
ထုန်ထုန်ထိုင်းထိုင်း၊
ထုံးတမ်းစဉ်လာ၊
ထောက်ထောက်ခံခံ၊
ထောင်ထောင်မောင်းမောင်း၊
ထောင်းထောင်းကြေညက်၊
ထိုက်ထိုက်တန်တန်၊
ထိုင်းထိုင်းမှိုင်းမှိုင်း၊
ထွေထွေထူးထူး၊
ထွေရာလေးပါး၊
ထွေးထွေးနွေးနွေး၊
ထွေးရောယှက်တင်၊
ထွေလုံးရစ်ပတ်၊
ထွန်းထွန်းကားကား၊
ထွန်းထွန်းပေါက်ပေါက်၊
ထွက်ပြေးတိမ်းရှောင်၊

(ဒ - ဓ)

ဒယိမ်းဒယိုင်၊
ဒရောသောပါး၊
ဒူပေနာပေ၊
ဒူးတင်ပေါင်တင်၊
ဒူးတိုက်ဆွေးဒွေး၊
ဒေါကြီးမောကြီး၊
ဒိုးကနဲဒေါက်ကနဲ၊
ဒိုးဒိုးဒေါက်ဒေါက်၊
ဒဏ်ရာဒဏ်ချက်၊
ဒေါက်ဒေါက်ဒက်ဒက်၊
ဒေါင်ဒေါင်ဒင်ဒင်၊
ဓလေ့ထုံးစံ၊
ဓားမဦးချ၊
ဓာတ်တော်မွေတော်၊

(န)

နတီးနတာ၊
နမိနမျော၊
နမေနမော၊
နုနုငယ်ငယ်၊
နုနုထွတ်ထွတ်၊
နုနုနယ်နယ်၊



www.burmeseclassic.com

www.burmeseclassic.com



နမော်နမဲ့၊
နဝေတိမ်တောင်၊
နာကျင်ကိုက်ခဲ၊
နာဖျားမကျန်း၊
နားစွန်နားဖျား၊
နားနားနေနေ၊
နားပူနားဆာ၊
နားလှည့် ပါးလှည့် ၊
နီးနီးကပ်ကပ်၊
နီးနီးနားနား၊
နဲနဲပါးပါး၊
နံ့နံ့စော်စော်၊
နီးကြားထကြွ၊
နီးနီးကြားကြား၊
နီးနီးနန့်နန့်၊
နက်နဲခက်ခဲ၊
နက်နက်နဲနဲ၊
နင်ဘဲဆော၊
နင့်နင့်သီးသီး၊
နင်းနင်းနှိပ်နှိပ်၊
နစ်နစ်နာနာ၊
နည်းနာနယ၊
နံ့တိနံ့နဲ့၊
နံ့နံ့နဲ့နဲ့၊
နီးနီးရှိရှိ၊

နုနုဖပ်ဖပ်၊
နုနုယဉ်ယဉ်၊
နူးနူးနပ်နပ်၊
နေနေနားနား၊
နေပူကြဲကြဲ၊
နေဝင်ဖျိုးဖျ၊
နေဝင်ရိုးရီ၊
နေ့စေ့လစေ့၊
နေ့သင့်နံ့သင့်၊
နဲ့နဲ့နှောနှော၊
နောက်ဖေးနောက်ဖိ၊
နောက်တိနောက်တောက်၊
နောက်လာနောက်သား၊
နောင်လာနောက်သား၊
နိုင်ထက်စီးနင်း၊
နိုင်နိုင်နင်းနင်း၊
နှမြောတသ၊
နလုံးမွေ့လျော်၊
နီးနှောတိုင်ပင်၊
နွေးနွေးကွေးကွေး၊
နှံ့နှံ့စပ်စပ်၊
နှောင့်နှေးကြန့်ကြာ၊
နှိုက်နှိုက်ချွတ်ချွတ်၊
နှိုင်းနှိုင်းချိန်ချိန်၊
နွေးနွေးထွေးထွေး၊

(ပ)

ပကာသန၊
ပမာမခန့်၊
ပရမ်းပတာ၊

ပလောင်းပလဲ၊
ပါချီပါချွတ်၊
ပါးပါးချပ်ချပ်၊





ပရုတ်သုတ်ခ၊
ပရွန်းသုံးကား၊
ပလူးပလဲ၊
ပလုပ်ပလောင်း၊
ပလုံးပထွေး၊
ပီပီသသ၊
ပုပုကွကွ၊
ပုပုရွရွ၊
ပူစပ်ပူလောင်၊
ပူဇော်ပသ၊
ပူပူလောင်လောင်၊
ပူးပူးကပ်ကပ်၊
ပေတိပေကပ်၊
ပေပေကျံကျံ၊
ပေပေတေတေ၊
ပဲ့ပြင်ဆုံးမ၊
ပေါတီပေါချာ၊
ပေါပေါများများ၊
ပေါ့တီးပေါ့ဆ၊
ပေါ့ပေါ့ဆဆ၊
ပေါ့ပေါ့တန်တန်၊
ပေါ့ပေါ့ပါးပါး၊
ပေါ့ပေါ့လျော့လျော့၊
ပေါ်ပေါ်ထင်ထင်၊
ပေါ်ပေါ်လွင်လွင်၊
ပိုပိုမိုမို၊
ပိုသီပတ်သီ၊
ပက်ပက်စက်စက်၊
ပင်ပင်ပန်းပန်း၊
ပစ်စလက်ခ၊
ပစ်ပစ်ခါခါ၊

ပါးပါးနပ်နပ်၊
ပါးပါးလှပ်လှပ်၊
ပိပိပြားပြား၊
ပိပိရိရိ၊
ပိပိပြင်ပြင်၊
ပန်းကန်ခွက်ယောက်၊
ပယ်ပယ်နယ်နယ်၊
ပိန်ပိန်ပါးပါး၊
ပုန်ကန်ခြားနား၊
ပုန်းလျှိုးကွယ်လျှိုး၊
ပုံတိုပတ်စ၊
ပိုင်စိုးပိုင်နင်း၊
ပိုင်းခြားဝေဖန်၊
ပေါက်လွှတ်ပဲစား၊
ပျာတီပျာတာ၊
ပျာပျာသလဲ၊
ပျာရီးပျာရာ၊
ပျူပျူငှာငှာ၊
ပျော့ပျော့ပျောင်းပျောင်း၊
ပျော့ပျော့ပျောင်းပျောင်း၊
ပျော်ပျော်ရွှင်ရွှင်၊
ပျံ့ပျံ့မွှေးမွှေး၊
ပျံ့ပျံ့သင်းသင်း၊
ပျိုပျိုအိုအို၊
ပျင်းပျင်းရိရိ၊
ပျစ်ပျစ်ချွဲချွဲ၊
ပျစ်ပျစ်နှစ်နှစ်၊
ပြားပြားချပ်ချပ်၊
ပြီးပြီးပျောက်ပျောက်၊
ပြုံပြုံပြင်ပြင်၊
ပြုပြင်ပြောင်းလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပတ်ချာလည်ဝိုင်း၊
ပြုံးတူးပြောင်တောင်၊
ပြေပြေပြစ်ပြစ်၊
ပြေပြေလည်လည်၊
ပြောမိပြောရာ၊
ပြိုးပြိုးပြက်ပြက်၊
ပြက်ပြက်ထင်ထင်၊
ပြင်ပြင်ဆင်ဆင်၊
ပြင်းပြင်းထန်ထန်၊
ပြင်းပြင်းပြပြ၊
ပြည့် ပြည့် စုံစုံ၊
ပြည့် ပြည့် ဖြိုးဖြိုး၊
ပြည့် ပြည့် ဝဝ၊

ပြုံးတူးပြဲတဲ၊
ပြတ်ပြတ်သားသား၊
ပြန့်ပြန့်ရန့်ရန့်၊
ပြုံးပြုံးရွှင်ရွှင်၊
ပြောင်တိပြောင်စပ်၊
ပြောင်ပြောင်လက်လက်၊
ပြောင်ပြောင်ဝင်းဝင်း၊
ပွေပွေရှုပ်ရှုပ်၊
ပွေပွေလီလီ၊
ပွဲလမ်းသဘင်၊
ပွင့်ပွင့်လင်းလင်း၊
ပွတ်သီးပွတ်သပ်၊
ပွန်းပွန်းတီးတီး၊

(ဖ)

ဖရိုဖရဲ၊
ဖာဖာထေးထေး၊
ဖားဖားလျားလျား၊
ဖိဖိစီးစီး၊
ဖုဖုထစ်ထစ်၊
ဖူဖူလုံလုံ၊
ဖူးဖူးမျှော်မျှော်၊
ဖေးဖေးမမ၊
ဖောဖောသီသီ၊
ဖော်ဖော်ရွေရွေ၊
ဖျတ်ဖျတ်လတ်လတ်၊
ဖျောင်းဖျောင်းဖျဖျ၊
ဖြုဖတ်ဖြုရောက်၊

ဖို့ရို့ဖားရား၊
ဖက်လဲတကင်း၊
ဖုံးဖုံးဖိဖိ၊
ဖောက်လွှဲဖောက်ပြန်၊
ဖောင်းဖောင်းကြွကြွ၊
ဖိုင့်ဖိုင့်ဝဝ၊
ဖျိုးဖျိုးဖျတ်ဖျတ်၊
ဖျိုးဖျိုးဖြောက်ဖြောက်၊
ဖျက်လိုဖျက်ဆီး၊
ဖျစ်ဖျစ်ညစ်ညစ်၊
ဖြစ်ရိုးဖြစ်စဉ်၊
ဖြတ်စားလတ်စား၊
ဖြောင့်ဖြောင့်ဖြူးဖြူး၊





ဖြူဖြူစင်စင်၊
ဖြူဖြူဖွေးဖွေး၊
ဖြေးညှင်းသက်သာ၊
ဖြေးဖြေးဆေးဆေး၊
ဖြစ်ကတတ်ဆန်း၊
ဖြစ်တောင့်ဖြစ်ခဲ၊

ဖြောင့်ဖြောင့်မတ်မတ်၊
ဖြောင့်မတ်တည်ကြည်၊
ဖွဲ့ဖွဲ့နွဲ့နွဲ့၊
ဖွံ့ဖြိုးထွားကြိုင်း၊
ဖွံ့ဖွံ့ဖြိုးဖြိုး၊
ဖွယ်ဖွယ်ရာရာ၊

(ဗ–ဘ)

(ဗရမ်းဗတာ၊
ဗရုတ်ဗရက်၊
ဗရုန်းဗရင်း၊
ဗရုန်းသုံးကား၊
ဗရောက်ဗရက်၊
ဗလုံးဗထွေး၊
ဗလောင်းဗလဲ)*
ဗလာနတ္ထိ၊
ဗလွတ်ရွတ်တ၊

ဗူးလုံးနားမထွင်း၊
ဗန်းတိုဗန်ရှည်၊
ဗျာပေါင်ဗျာပါ၊
ဘာသာဘာဝ၊
ဘုစုခရု၊
ဘုမသိဘမသိ၊
ဘိုသီဘတ်သီ၊
ဘိုးဘေးဘီဘင်၊
ဘွင်းဘွင်းရှင်းရှင်း၊

*(မူရင်းပစောက်ရေးထုံးမှ 'ဗ–ဘ' တို့နှင့်လည်း ရေးထုံးပြုကြသည်။)

(မ)

မကောင်းမကန်း၊
မကွေ့မကွာ၊
မခေါ်မပြော၊
မခံမရပ်၊
မခိုမကပ်၊
မခို့တယို့၊
မခိုးမခန့်၊
မခက်မခဲ၊

မတူမတန်၊
မတော်တရော်၊
မတော်မတရား၊
မတန်တဆ၊
မတမ်းမတ၊
မတိမ်းမငဲ့၊
မတုန်မလှုပ်၊
မတောင့်မတင်း၊



www.burmeseclassic.com

www.burmeseclassic.com



မခင်မင်၊
မခန့်လေးစား၊
မခိုင်မခန့်၊
မချိတရိ၊
မချိတင်ကဲ၊
မချိမဆန့်၊
မချိသွားဖြဲ၊
မဆီမဆိုင်၊
မဆက်မစပ်၊
မဆန့်ရင်ကန်၊
မဆုတ်မနစ်၊
မညီမညာ၊
မငြိုမငြင်၊
မတားမမြစ်၊
မတိမကျ၊
မမိုတ်မသုန်၊
မယိမ်းမယိုင်၊
မယုံသင်္ကာ၊
မယောင်မလည်၊
မရမက၊
မရေမရာ၊
မရိုးမသား၊
မရောက်မလာ၊
မရှိမရှား၊
မလှုပ်မရှက်၊
မသာမယာ၊
မသိမသာ၊
မသေမချာ၊
မသိုးမသန့်၊
မသပ်မရပ်၊
မသိပ်မသည်း၊

ဟ၀တိုင်မတော၊
မတွေးမတော၊
မတွန့်မဆုတ်၊
မထိမဲ့မြင်၊
မထီလေးစား၊
မနာမဖျား၊
မနားမနေ၊
မနီးမဝေး၊
မနုမရင့်၊
မနေမနား၊
မနိုင်ရင်ကန်၊
မနှမ်းမနယ်၊
မပင်မပန်း၊
မပြုမပြင်၊
မဖြစ်ညစ်ကျယ်၊
မီးရှူးသန့်စင်၊
မုချကေန်၊
မူရာမာယာ၊
မှုးမှုးမိုက်မိုက်၊
မှုးယစ်သောက်စား၊
မေ့မေ့လျော့လျော့၊
မေးမေးမြန်းမြန်း၊
မေးမြန်းစုံစမ်း၊
မဲမဲပုပ်ပုပ်၊
မဲမဲမှောင်မှောင်၊
မဲမဲသဲသဲ၊
မဲ့မဲ့ရွဲ့ရွဲ့၊
မောမောပန်းပန်း၊
မော့တီးမော့တော့၊
မော်မော်ကြွားကြွား၊
မိုမိုမောက်မောက်၊





မဟားတရား၊
မဟုတ်တရုတ်၊
မဟုတ်တမ်းတရား၊
မဟုတ်မဟတ်၊
မအီမသာ၊
မအပ်မရာ၊
မအောင့်မအည်း၊
မာမာချာချာ၊
မားမားမတ်မတ်၊
မိမိရရ၊
မီးချိတ်မီးကပ်၊
မောက်မောက်ဖြိုးဖြိုး၊
မောက်မောက်မာမာ၊
မောင်းမဖိသံ၊
မိုက်မိုက်ကန်းကန်း၊
ပိုက်မိုက်ရိုင်းရိုင်း၊
မိုင်းမကူညီ၊
**များမကြာမီ၊**
မျှားမျှားစားစား၊
မျက်စိမျက်ဆန်၊
မျက်ရိပ်မျက်ကဲ၊
မျက်ဝါးထင်ထင်၊
မြူးမြူးကြွကြွ၊
မြဲမြဲစွဲစွဲ၊
မြဲမြဲမြံမြံ၊
မြော်မြင်ထောက်ထား၊
မြို့စွန်မြို့များ၊
မြို့မိမြို့ဖ၊
မြို့ရွာနယ်ပယ်၊
မြို့သူမြို့သား၊
မြိုးမြိုးမြက်မြက်၊

မိုးတိုးမတ်တတ်၊
မိုးလုံးပတ်လည်၊
မက်မက်မောမော၊
မင်းခမ်းမင်းနား၊
မင်းစေလုလင်၊
မင်းပြစ်စိုးဒဏ်၊
မင်းမြောက်တန်ဆာ၊
မည်ကာမတ်တ၊
မည်ရွေ့မည်မျှ၊
မည်သူမည်ဝါ၊
မည်သို့မည်ပုံ၊
မြိုင်မြိုင်ဆိုင်ဆိုင်၊
မွမွရွရွ၊
မွန်မွန်မြတ်မြတ်၊
မွန်မွန်ရည်ရည်၊
မှားမှားမှန်မှန်၊
မှိဝဲဆည်းကပ်၊
**မှေးမှေးမှိန်မှိန်၊**
မှတ်မှတ်သားသား၊
မှန်ကန်ကျနေ၊
မှန်မှန်ကန်ကန်၊
မှုန်တိမှုန်မွှား၊
မှုန်မှုန်မွှားမွှား၊
မှုန့်မှုန့်ညက်ညက်၊
မှောက်ချည်လှန်ချည်၊
မှောက်မှောက်မှားမှား၊
မှောက်ချည်လင်းချည်၊
မှောင်မှောင်မိုက်မိုက်၊
မှိုင်တိမှိုင်တိုင်၊
မှိုင်တိမှိုင်တိုင်၊
မှိုင်းမှိုင်းညို့ညို့၊



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ထင်ထင်၊
မြင့်မြင့်မားမား၊
မြည့်တွန်တောက်တီး၊
မြန်မြန်ဆန်ဆန်၊
မြန်မြန်ထက်ထက်၊
မြိန်မြိန်ယှက်ယှက်၊
မွေးမွေးကြူကြူ၊
မွေးမွေးကြိုင်ကြိုင်၊
မွတ်မွတ်ထွတ်ထွတ်၊
မျှမျှတတ၊
မှုန်းမှုန်းညှင်းညှင်း
မြှောက်ထိုးပင့်ကော်၊

(ယ)

ယနကင်း၊
ယီးတီးယားတား၊
ယီးတီးယောင်တောင်၊
ယုယပိုက်ထွေး၊
ယုယုယယ၊
ယူကျုံးမရ၊
ယော့ရည်းယော့ရဲ၊
ယော်ယမ်းမှန်းဆ၊
ယိုယွင်းပျက်စီး၊
ယက်ကန်ယက်ကန်၊
ယဉ်ယဉ်ကျေးကျေး၊
ယိမ်းယိမ်းယိုင်ယိုင်၊
ယုတ္တိယုတ္တာ၊
ယုတ်ယုတ်မာမာ၊
ယုံယုံကြည်ကြည်၊
ယောင်တိယောင်ကန်း
ယောင်တိယောင်ချာ၊
ယောင်ယောင်ကန်းကန်း၊
ယောင်ယောင်မှားမှား၊
ယောင်ယောင်ယမ်းယမ်း၊
ယိုင်တိယိုင်တိုင်၊
ယိုင်းပင်းကူညီ၊

(ရ)

ရရစားစား၊
ရတိန့်ပုရွေး၊
ရသေ့ရဟန်း၊
ရဟန်းသံဃာ၊
ရာထူးရာခံ၊
ရာရာစစ၊
ရာရာသသ၊
ရီးတီးယားတား၊
ရှုးရှူးပေါပေါ၊
ရေကုန်ရေခန်း၊
ရေစီးကမ်းပြို၊
ရေစုန်ရေဆန်၊
ရေရေလည်လည်၊
ရေလာမြောင်းပေး၊
ရေဝေကုန်းထန်း၊
ရဲစွမ်းသတ္တိ၊





ရှုးရှူးနှမ်းနှမ်း၊
ရဲရဲတင်းတင်း၊
ရဲရဲရင့်ရင့်၊
ရဲရဲဝံ့ဝံ့၊
ရောရီရောရော၊
ရောရောနှောနှော၊
ရော့တိရော့ရဲ၊
ရုံဖန်ရံခါ၊
ရိုရိုသေသေ၊
ရိုသေလေးစား၊
ရိုးကနဲရိပ်ကနဲ၊
ရိုးတိုးရိပ်တိတ်၊
ရိုးတိုးရွတ၊
ရိုးတွင်းခြင်ဆီ၊
ရိုးရာဓလေ့၊
ရိုးရိုးဖြောင့်ဖြောင့်၊
ရိုးရိုးသားသား၊
ရိုးရိုးအအ၊
ရက်ရက်စက်စက်၊
ရက်ရက်ရောရော၊
ရင်ထုမနာ၊
ရင်သပ်ရှုမော၊
ရင်သပ်အံ့သြ၊
ရင့်ရင့်ကျက်ကျက်၊
ရင့်ရင့်ရောရော၊
ရင့်ရင့်သီးသီး၊
ရင်းရင်းချာချာ၊
ရင်းရင်းနှီးနှီး၊
ရှု၍မငြီး၊
ရှုံးရှုံးရဲရဲ၊
ရဲဘော်ရဲဘက်၊
ရည်ရည်မွန်မွန်၊
ရပ်ဆွေရပ်မျိုး၊
ရပ်မိရပ်ဖ၊
ရပ်သစ်ရွာသစ်၊
ရမ်းရမ်းကားကား၊
ရယ်ရယ်မောမော၊
ရယ်ရွှမ်းပတ်ရွှမ်း၊
ရိပ်ဖမ်းသံဖမ်း၊
ရှုတ်ရှုတ်သဲသဲ၊
ရှုန်းရင်းကြမ်းတမ်း၊
ရှုန်းရင်းဆန်ခတ်၊
ရှုပ်ဆင်းသင်္ဘာန်၊
ရုံးပြင်ကနား၊
ရောင်းရေးဝယ်တာ၊
ရောင်းဝယ်ဖောက်ကား၊
ရှိုင်းရှိုင်းစိုင်းစိုင်း၊
ရှုရှုကြွပ်ကြွပ်၊
ရွာစွန်ရွာဖျား၊
ရွာနီးချုပ်စပ်၊
ရွှဲရွှဲစောင်းစောင်း၊
ရွံ့ရွံ့ရှာရှာ၊
ရွှက်တိရွှတ်ထိုး၊
ရှုပ်ရှုပ်ချုံချုံ၊
ရွယ်တူတန်းတူ၊
ရှာရှာဖွေဖွေ၊
ရှားရှားပါးပါး၊
ရှိခိုးကော်ရော်၊
ရှုပ်ရှုပ်ထွေးထွေး၊
ရှုပ်ရှုပ်ရှက်ရှက်၊



www.burmeseclassic.com

www.burmeseclassic.com



ရှေရှေဝေးဝေး၊
ရှေ့သွားနောက်လိုက်၊
ရှေးရှေးတုန်းက၊
ရှေးဦးမဆွ၊
ရှောရှောရှူရှူ၊
ရှော်တိရှော်တော်၊
ရှိုးတိုးရှန့်တန့်၊
ရှက်ကိုးရှက်ကန်း၊
ရှင်းရှင်းလင်းလင်း၊
ရှည်ရှည်မျောမျော၊
ရှည်ရှည်ဝေးဝေး၊
ရှပ်တီးရှပ်တပ်၊
ရှပ်တီးရှပ်ပြာ၊

ရှုံ့ရှုံ့တွတွ၊
ရှောက်ရှောက်သွားသွား၊
ရှောင်တိရှောင်မယ်၊
ရှိုက်ကြီးတငင်၊
ရွှင်ရွှင်ပျပျ၊
ရွှင်ရွှင်မြူးမြူး၊
ရွှင်ရွှင်လန်းလန်း၊
ရွှတ်တီးနောက်တောက်၊
ရွှတ်တီးရွှတ်တ၊
ရွှတ်ရွှတ်နောက်နောက်၊
ရွှတ်ရွှတ်နောက်နောက်၊
ရွှန်းရွှန်းစားစား၊
ရွှမ်းရွှမ်းဝေဝေ၊

(လ)

လစဉ်လတိုင်း၊
လဆန်းလဆုတ်၊
လာလာသမျှ၊
လားရာဂတိ၊
လားလားမျှမတော်၊
လီဆယ်ဉာဏ်များ၊
လုယက်တိုက်နှိုက်၊
လူရှုပ်လူပွေ၊
လူ[illegible]
လူလှောင်လူပြောင်၊
လူးလူးလွန့်လွန့်၊
လူရေးလိုမ့်လိုမ့်၊
လေ့လာပွားများ၊
လေ့လာလိုက်စား၊

လူကြီးလူကောင်း၊
လူစုလူဝေး၊
လူစွမ်းလူစ၊
လူနေအိမ်ခြေ၊
လူပေါ်လူဇော်၊
လူပျင်းလူတန်၊
လူရာသူရာ၊
လက်ငုတ်လက်ရင်း၊
လက်ပူးလက်ကြပ်၊
လက်ပန်းပေါက်ခတ်၊
လက်ရေးလက်သား၊
လက်သီးလက်မောင်း၊
လက်ဦးဆရာ၊
လင်ကိုယ်မယား၊





လေးဘက်လေးတန်၊
လေးလေးစားစား၊
လေးလေးနက်နက်၊
လေးလေးပင်ပင်၊
လဲလဲကွဲကွဲ၊
လဲလဲပြိုပြို၊
လဲ့လဲ့ယဲ့ယဲ့၊
လောကီလောကုတ်၊
လောကွတ်ပျူငှာ၊
လောလောဆယ်ဆယ်၊
လောလောလတ်လတ်၊
လော်လီဖောက်ပြား၊
လော်လော်မာမာ၊
လိုတိုးပိုလျှော့၊
လိုရမယ်ရ၊
လိုလိုချင်ချင်၊
လိုလိုမယ်မယ်၊
လိုလိုလားလား၊
လက်ခင်းခြေခင်း၊
လက်ငင်းချက်ချင်း၊
လုံလုံလောက်လောက်၊
လုံ့လကြိုးကုတ်၊
လုံးကြီးပေါက်လှ၊
လုံးလုံးလျားလျား၊
လုံးဝဥဿုံ၊
လောက်လောက်ငင၊
လောက်လောက်လားလား၊
လောင်မီးမိုးကြိုး၊
လောင်းတမ်းကစား၊
လိုက်နာကျင့်သုံး၊
လိုက်နာဆောင်ရွက်၊

လင်းလင်းထင်းထင်း၊
လည်လည်ပတ်ပတ်၊
လတ်လတ်ဆတ်ဆတ်၊
လာဘ်ပေးလာဘ်ယူ၊
လန့်လန့်ဖျတ်ဖျတ်၊
လန်းလန်းဆန်းဆန်း၊
လန်းလန်းလတ်လတ်၊
လန်းလန်းရှင်းရှင်း၊
လိပ်ခဲတင်းလင်း၊
လိပ်ခဲတစ်လစ်၊
လိမ္မာရေးခြား၊
လိမ်လည်ကောက်ကျစ်၊
လိမ်လည်ညာဝါး၊
လိမ်လည်လှည့် ဖျား၊
လိမ်လိမ်မာမာ၊
လိမ့်လိမ့်လဲ့လဲ့၊
လုပ်ငန်းကိုင်ငန်း၊
လုပ်လီလုပ်လဲ့၊
လုပ်လုပ်စားစား၊
လုံလုံခြုံခြုံ၊
လွန့်လွန့်လူးလူး၊
လွမ်းဆွတ်တသ၊
လွမ်းဖျားလွမ်းနာ၊
လှလှပပ၊
လှူဘွယ်တန်းဘွယ်၊
လှည့် ပတ်ဖြားယောင်း၊
လှန်လှောရှာဖွေ၊
လှန်လိုက်လှောလိုက်၊
လှုပ်လှုပ်ရွရွ၊
လှုံ့ဆော်တိုက်တွန်း၊
လှောင်ကာပြောင်ကာ၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံရှာဖွေ၊
လိုက်လိုက်လျောလျော၊
လိုက်လျောညီထွေ၊
လျော့တိလျော့ရဲ၊
လျော်ကန်သင့်မြတ်၊
လျင်မြန်ဖျတ်လတ်၊
လျင်လျင်မြန်မြန်၊
လွလွဖွေးဖွေး၊
လွေ့လွေ့ရမ်းရမ်း၊
လွင့်စင်ပျောက်၊
လွတ်လွတ်ကျွတ်ကျွတ်၊
လွတ်လွတ်လပ်လပ်၊
လွယ်လွယ်ကူကူ၊
လှိုက်လှိုက်လှဲလှဲ၊
လှိုင်းကြီးလှေအောက်၊
လျှာနှာခွာနှာ၊
လျှော့လျှော့ပေါ့ပေါ့၊
လျှော်တေသက်နိုး၊
လှုံ့လှုံ့ဖြိုးမောက်၊
လှို့လှို့ဝှက်ဝှက်၊
လှို့ဝှက်ပေါက်ကြား၊
လျှပ်စားဖြတ်စား၊
လျှပ်ပေါ်လော်လီ၊
လျှမ်းလျှမ်းထွန်းတောက်၊
လွှမ်းခြုံရစ်ပတ်၊
လွှမ်းမိုးချယ်လှယ်၊

(ဝ)

ဝပြောသာယာ၊
ဝဝတုတ်တုတ်၊
ဝဝဖြိုးဖြိုး၊
ဝဝလင်လင်၊
ဝါဝါကြွားကြွား၊
ဝါဝါဝင်းဝင်း၊
ဝါဝင်ဝါထွက်၊
ဝါစွာကမ္မာ၊
ဝူးဝူးဝါးဝါး၊
ဝေလီဝေလင်း၊
ဝေခဝစီစီ၊
ဝေဝေဆာဆာ၊
ဝေ့လီဝေ့လည်၊
ဝေ့လည်ကြောင်ပတ်၊
ဝေ့ဝေ့ဝိုက်ဝိုက်၊
ဝင့်ဝင့်ကြွားကြွား၊
ဝင့်ဝင့်ဝါဝါ၊
ဝင်းကနဲလက်ကနဲ၊
ဝင်းဝင်းပပ၊
ဝတ်ကျေတန်းကျေ၊
ဝတ်ကျေဝတ်ကုန်၊
ဝတ်စားဆင်ယင်၊
ဝတ်စားတန်ဆာ၊
ဝတ်လစ်စလစ်၊
ဝန်ခံကတိ၊
ဝန်စည်စလယ်၊
ဝန်ထုပ်ဝန်ပိုး၊
ဝပ်တွားခယ၊
ဝမ်းပန်းတသာ၊





ဝေးဝေးကွာကွာ၊
ဝေးဝေးလံလံ၊
ဝဲရိုက်ဝဲသွင်း၊
ဝုံဝုံစားစား၊
ဝိုးတိုးဝါးတား၊
ဝက်ဝက်ကွဲမျှ၊
ဝင်ငွေထွက်ငွေ၊
ဝမ်းဖောဝမ်းယောင်၊
ဝမ်းမြောက်ဝမ်းသာ၊
ဝယ်ယူရောင်းချ၊
ဝုန်းကနဲဒိုင်းကနဲ၊
ဝုန်းဝုန်းဒိုင်းဒိုင်း၊
ဝိုင်းကာပတ်လည်၊
ဝှေ့ကာဝိုက်ကာ၊

(သ)

သတိတရား၊
သာယာဝပြော၊
သာသာယာယာ၊
သားသားနားနား၊
သိသာထင်ရှား၊
သိသိညက်ညက်၊
သိသိသာသာ၊
သီကာရည်ကာ၊
သီကုံးပန်းသွင်၊
သီတာရေစင်၊
သီးသန့်ခြားနား၊
သုခချမ်းသာ၊
သူကြီးသူမ၊
သူခိုးသူဝှက်၊
သူပုန်သူကန်၊
သူသူငါငါ၊
သေရည်သေရက်၊
သေလုဘနန်း၊
သေလုမတတ်၊
သေလုမြောပါး၊
သေသေချာချာ၊
သေးသေးသိမ်သိမ်၊
သေးသေးသွယ်သွယ်၊
သဲသဲကွဲကွဲ၊
သဲသဲခြိမ့်ခြိမ့်၊
သဲသဲညံညံ၊
သဲသဲအုတ်အုတ်၊
သောသောညံညံ၊
သော့သော့သွမ်းသွမ်း၊
သံတိုသံစ၊
သံဗိုသံမ၊
သိုသိုဝှက်ဝှက်၊
သိုသိုသိပ်သိပ်၊
သိုးကာသီကာ၊
သိုးသိုးသန့်သန့်၊
သက်ကြီးဝါကြီး၊
သက်တောင့်သက်သာ၊
သက်သောင့်သက်သာ၊
သက်သက်သာသာ၊
သက်သက်သာသာ၊
သင်ကြားတတ်မြောက်၊
သင့်ရိုးညွှန်းတမ်း၊



www.burmeseclassic.com

www.burmeseclassic.com



သေသေဝပ်ဝပ်၊
သေသေသပ်သပ်၊
သေးသေးကွေးကွေး၊
သင့်သင့်မျှမျှ၊
သင်းသင်းပျံ့ပျံ့၊
သစ္စာတရား၊
သစ်လွင်မောင်မယ်၊
သစ်သစ်လွင်လွင်၊
သတ်မှတ်ပိုင်းခြား၊
သတ်သတ်မှတ်မှတ်၊
သန့်သန့်စွမ်းစွမ်း၊
သန်သန်မာမာ၊
သန်သန်မြန်မြန်၊
သန့်သန့်ပြန့်ပြန့်၊
သန့်သန့်ရှင်းရှင်း၊
သပ်သပ်ရပ်ရပ်၊
သမ်းသမ်းဝေဝေ၊
သယ်ယူပို့ဆောင်၊
သိပ်သိပ်သည်းသည်း၊
သိမ်မွေ့နူးညံ့၊
သိမ်သိမ်မွေ့မွေ့၊
သိမ့်သိမ့်တုန်ခါ၊
သိမ်းသိမ်းဆည်းဆည်း၊
သုတ်သင်ရှင်းလင်း၊
သုတ်သင်းသုတ်ပြာ၊
သုန်မှုန်မျက်နှာထား၊
သုန်သုန်မှုန်မှုန်၊
သုံးသုံးစွဲစွဲ၊
သောက်စားမူးယစ်၊

သင့်တင့်မျှတ၊
သင့်တင့်လျောက်ပတ်၊
သင့်သင့်တင့်တင့်၊
သောက်သောက်စားစား၊
သောင်သောင်မာမာ၊
သောင်းပြောင်းထွေလာ၊
သောင်းသောင်းညံ့ညံ့၊
သောင်းသောင်းဖျဖျ၊
သိုက်သိုက်မြိုက်မြိုက်၊
သိုက်သိုက်ဝန်းဝန်း၊
သိုင်းသိုင်းဝိုင်းဝိုင်း၊
သွားကျိုးဆံဖြူ၊
သွားချည်လာချည်၊
သွားသွားလာလာ၊
သွေဖီရှောင်ရှား၊
သွေ့သွေ့ခြောက်ခြောက်၊
သွေးချင်းသားချင်း၊
သွေးဆောင်ဖြားယောင်း၊
သွေးတူသားတူ၊
သွေးရူးသွေးတန်း၊
သွေးရိုးသားရိုး၊
သွေးသားသောင်းကျန်း၊
သွဲ့သွဲ့နွဲ့နွဲ့၊
သွတ်ချာပါဒ၊
သွက်လက်ချက်ချာ၊
သွက်သွက်လက်လက်၊
သွန်သင်ဆုံးမ၊
သွယ်သွယ်လျလျ၊
သွယ်သွယ်ဝိုက်ဝိုက်၊

(ဟ)





ဟာတိဟာတာ၊
ဟာလာဟင်းလင်း၊
ဟားတိုက်ရယ်မော၊
ဟီဟီဟာဟာ၊
ဟီးဟီးဟားဟား၊
ဟူးရားဗေဒင်၊
ဟူးဟူးဒိုင်းဒိုင်း၊
ဟေဝန်မြိုင်တန်း၊
ဟော့ဟော့ဟဲ့ဟဲ့၊
ဟေးလားဟားလား၊
ဟေးဟေးဟားဟား၊
ဟောကန့်ဒိုင်းကန့်၊
ဟောဟောပြောပြော၊
ဟော့ဟော့ရမ်းရမ်း၊
ဟိုမှသည်မှ၊
ဟိုဟာသည်ဟာ၊
ဟိုဟိုသည်သည်၊
ဟို့နှယ်သည့် နှယ်၊
ဟိုးလေးတကျော်၊
ဟိုးဟိုးကျော်ကြား၊
ဟက်ဟက်ပက်ပက်၊
ဟသ်ာဝမ်းဘဲ၊
ဟင်းကျွေးဟင်းလျှာ၊

ဟင်းသပြဒါး၊
ဟစ်ကြွေးတိုင်တည်၊
ဟစ်အော်ကြွေးကြော်၊
ဟန်မူကြော့ရှင်း၊
ဟန်ဟန်ပန်ပန်၊
ဟန့်ဟန့်တားတား၊
ဟိတ်ဟန်မော်ကြွား၊
ဟိန်းကာဟောက်ကာ၊
ဟိန်းဟောက်ခြိမ်းခြောက်၊
ဟုတ္တိပတ္တိ၊
ဟုတ်ပါ့မှန်ပါ့၊
ဟုတ်ဟုတ်ဟတ်ဟတ်၊
ဟုန်းဟုန်းတောက်လောင်၊
ဟောင်တိဟောင်စပ်၊
ဟောင်တိဟောင်ပွ၊
ဟောင်ဟောင်စပ်စပ်၊
ဟောင်ဟောင်စပ်စပ်၊
ဟောင်ဟောင်ပွပွ၊
ဟောင်းနွမ်းညစ်ပေ၊
ဟောင်းဟောင်းနွမ်းနွမ်း၊
ဟောင်းဟောင်းသစ်သစ်၊
ဟိုက်ဟိုက်ကယ်ပန်း၊
ဟိုက်ဟိုက်ကယ်မော၊

(အ)

အကအခုန်၊
အကာအကွယ်၊
အကာအရံ၊
အကုအသ၊

အကျင့်အကြံ၊
အကျစ်အလစ်၊
အကျဉ်းအကျပ်၊
အကျယ်တဝင့်၊



www.burmeseclassic.com

www.burmeseclassic.com



အကူအညီ၊
အကူးအပြောင်း။
အကဲ့အဝှက်၊
အကိုးအကား။
အကန့်အကွက်၊
အကပ်အရပ်၊
အကုန်အကျ၊
အကုန်အစင်၊
အကောက်အကျစ်၊
အကောက်အကြဲ၊
အကောင်အထည်၊
အကောင်းအကန်း။
အကိုင်အတွယ်၊
အကိုင်းအခက်၊
အကျအန၊
အကျိအချွဲ၊
အကျေအလည်၊
အကျော်ဇေယျ၊
အကျော်အမော်၊
အကျိုးအကြောင်း။
အကွယ်အကာ၊
အကျွတ်တရေး၊
အကျွမ်းတဝင်၊
အကြွားအဝါ၊
အကြွေးအမြီ၊
အကြွင်းအကျန်၊
အကြွပ်အဆတ်၊
အကြွယ်အဝ၊
အခါခပ်သိမ်း။
အခါသမယ၊

အကျယ်အဝန်း။
အကျိတ်အနယ်၊
အကျန်အတွယ်၊
အကြားအမြင်၊
အကြေးအခွံ၊
အကြောအမြင်၊
အကြံအဖန်၊
အကြိုအကြား၊
အကြပ်အထိန်း။
အကြမ်းပတမ်း။
အကြိမ်းအမောင်း။
အကြောက်အရွံ့၊
အကြောင့်အကြ၊
အကြောင်းအကျိုး။
အကြိုင်အလှိုင်၊
အကွာအဝေး။
အကွဲအပြဲ၊
အကွက်အကွင်း။
အကွင်းအကွက်၊
အကွက်အကဲ၊
အခိုက်အတန့်၊
အခိုင်အခန့်၊
အခိုင်းအစေ၊
အချိအနဲ့၊
အချီအချ၊
အချေးအငှား၊
အချောအလှ၊
အချော့အမော့၊
အချိုအချဉ်၊
အချို့အဝက်၊





အခါအားလျော်၊
အခုအခံ၊
အခူးအခပ်၊
အခဲမကြေ၊
အခေါ်အပြော၊
အခိုအကပ်၊
အခိုးအဝှက်၊
အခက်အခဲ၊
အခက်အလက်၊
အခင်အမင်၊
အခင်းအကျင်း။
အခန့်အထား၊
အခန်းကဏ္ဍ၊
အခမ်းအနား။
အခုတ်အထစ်၊
အခုန်အပျံ၊
အခိုက်အခါ။
အခြင်းအရာ၊
အခြွေအရံ၊
အခွန်အတုတ်၊
အစစအရာရာ၊
အစားအစား၊
အစီအရီ၊
အစီအရင်၊
အစုအစည်း။
အစူးအရှ၊
အစေအပါး။
အစေ့အစပ်၊
အစေ့အဆံ၊
အစေးအကပ်၊

အချိုးအချိပ်၊
အချိုးအဆစ်၊
အချက်အချာ၊
အချက်အပြုတ်၊
အချက်အလက်၊
အချည်အနှောင်၊
အချည်းအနှီး။
အချမ်းအစီး။
အချယ်အလှယ်၊
အချိတ်အဆက်၊
အချိန်အခါ၊
အချိန်အတွယ်၊
အချိန်းအချက်၊
အချုပ်အခြာ၊
အချောင်းအမြောင်း။
အခြေအနေ၊
အခြင်အတွယ်၊
အစွက်အဖက်၊
အစွန်အဖျား။
အစွန်းအထင်း။
အစွပ်အစွဲ၊
အစွမ်းသတ္တိ၊
အဆအပွား။
အဆီးအတား။
အဆေးအကြော၊
အဆဲအဆို၊
အဆိုအက၊
အဆို့အပိတ်၊
အဆိုးအကောင်း။
အဆက်မပြတ်၊



www.burmeseclassic.com

www.burmeseclassic.com



အစိုအခြောက်၊
အစိုးအမိုး၊
အစဉ်အမြဲ၊
အစဉ်အလာ၊
အစည်းအဝေး၊
အစပ်အဟပ်၊
အစမ်းအသပ်၊
အစိတ်အပိုင်း၊
အစိမ်းအကျက်၊
အစုတ်အပြတ်၊
အစုန်အဆန်၊
အစောင်းအချိတ်၊
အစိုက်အပျိုး၊
အစိုင်အခဲ၊
အညစ်အကြေး၊
အတားအဆီး၊
အတီအကျ၊
အတီအလင်း၊
အ,တီးအ,တ၊
အတုအပ၊
အထူးအချစ်၊
အတေအပေ၊
အတေးအထောက်၊
အတို့အစ၊
အတိုအထွာ၊
အတို့အထောင်၊
အတိုးအပွား၊
အတိုးအမြှင့်၊
အတက်အဆင်း၊
အတင်းအကျပ်၊
အတိမ်အနက်၊

အဆက်အစပ်၊
အဆက်အနွယ်၊
အဆင်အပြင်၊
အဆင့်အတန်း၊
အဆန်းတကြယ်၊
အဆန်းအပြား၊
အဆယ်အမ၊
အဆိမ့်အအိမ့်၊
အဆုံးအဖြတ်၊
အဆောက်အဦ၊
အဆောင်အယောင်၊
အဆောင်းအအုပ်၊
အညှာအခရာ၊
အငြိုအငြင်၊
အတွန်းအတိုက်၊
အတွယ်အတာ၊
အထားအသို၊
အထိအနိုက်၊
အထိအရှ၊
အထုအထောင်၊
အထူးအဆန်း၊
အထူးအထွေ၊
အထိုးအကြိတ်၊
အထင်အမြင်၊
အထစ်အငေါ့၊
အထမ်းအပိုး၊
အထိတ်တလန့်၊
အထိန်းအချုပ်၊
အထိန်းအအုပ်၊
အထုပ်အပိုး၊
အထုံးအရစ်၊





အတိမ်းအစောင်း၊
အတုန့်အလှည့်၊
အတုံးအတစ်၊
အတောင်အလက်၊
အတိုက်အခံ၊
အတိုင်အဖောက်၊
အတိုင်းအတာ၊
အတွေ့အကြုံ၊
အတွေးအခေါ်၊
အတွန့်အတက်၊
အနောက်အပြောင်၊
အနေးအမြန်၊
အနှိမ်အချ၊
အနှုန်းအဖွဲ့၊
အနှိုင်းအဆ၊
အပူတပြင်း၊
အပေးအယူ၊
အပိုအလို၊
ပိုးအပန်း၊
အပင့်အမြှောက်၊
အပစ်အခတ်၊
အပတ်တကုတ်၊
အပိတ်အဖွင့်၊
အပုပ်အသိုး၊
အပေါက်အစ၊
အပေါင်းအသင်း၊
အပိုင်အဆိုင်၊
အပိုင်းအခြား၊
အပျော်အပါး၊
အပုံ့အနှံ့၊
အပျောက်အပျက်၊

အထောက်အကူ၊
အထောက်အထား၊
အထိုက်အလျောက်၊
အထိုင်အထ၊
အနီးအနား၊
အနှုးအညွှတ်၊
အနေအထိုင်၊
အနည်းအများ၊
အနှင်းအနှိပ်၊
အနုတ်အသိမ်း၊
အပြင်းအထန်၊
အပြည့် အကျပ်၊
အပြည့် အစုံ၊
အပြည့် အဝ၊
အပြတ်အလတ်၊
အပြန်အလှန်၊
အပြန့်အပွား၊
အပြောင်အနောက်၊
အပြောင်းအလဲ၊
အပိုင်အဆိုင်၊
အဖာအထေး၊
အဖိအနှိပ်၊
အဖုအကြိတ်၊
အဖုအပိန့်၊
အဖူးအပွင့်၊
အဖေအမေ၊
အဖေးအမ၊
အဖော့အရောင်၊
အဖော်အပေါင်း၊
အဖိုအမ၊
အဖိုးအဖွား၊



www.burmeseclassic.com

www.burmeseclassic.com



အပြီးအစီး၊
အပြုအပြင်၊
အပြေအလည်၊
အပြေးအလွှား၊
အပြောအဆို၊
အပြင်အဆင်၊
အမြတ်အစွန်း၊
အမြန်အဆန်၊
အမြိန်အယှက်၊
အမွှေအနှစ်၊
အမွှေးအမှင်၊
အမှားအယွင်း၊
အမှီအခို၊
အမှုအခင်း၊
အမှတ်တရ၊
အမှန်တကယ်၊
အမှန်အကန်၊
အမှန်းအဆ၊
အမြှောက်အပင့်၊
အယုအယ၊
အယဉ်အကျေး၊
အယုတ်အမြတ်၊
အယုံအကြည်၊
အရှိအရှဲ၊
အရှုံးအမှူး၊
အရေအတွက်၊
အရေးအခင်း၊
အရောအနှော၊
အရံတံတား၊
အရိုအသေ၊
အရိုးအရင်း၊

အဖုံးအဖိ၊
အဖုံးအအုပ်၊
အမောအပန်း၊
အမြီးအမောက်၊
အမြှုးအကြွ၊
အမြဲအစွဲ၊
အရပ်အမောင်း၊
အရိပ်အခြည်၊
အရောင်းအဝယ်၊
အရိုက်အရာ၊
အရှိုင်းအစိုင်း၊
အလားအလာ၊
အလုအယက်၊
အလူးအလဲ၊
အလှေ့အကျင့်၊
အလေးအနက်၊
အလေးအပင်၊
အလဲအကွဲ၊
အလိုအလျှောက်၊
အလည်အပတ်၊
အလယ်အလတ်၊
အလိမ်အလှည့်
အလုပ်အကိုင်၊
အလုံးအရင်း၊
အလိုက်အထိုက်၊
အလွန်အကျွံ၊
အလွန်အကြူး၊
အသာအယာ၊
အသေအချာ၊
အသေအလဲ၊
အသဲအသန်၊





အရင်းအနှီး၊
အရည်အချင်း၊
အသင့်အတင့်၊
အသင်းအပင်း၊
အသိမ်းအဆည်း၊
အသုံးအနှုန်း၊
အသောက်အစား၊
အသိုင်းအဝိုင်း၊
အသွားအလာ၊
အသွေးအသား၊
အသွင်အပြင်၊
အဟောအပြော၊
အဟုတ်အဟတ်၊
အာကြွမ်းလျှာကြမ်း၊
အားကြိုးမာန်တက်၊
အားတက်သရော၊
အူတိအူကြောင်၊
အူတိအူတူ၊
အူသေးအူမှား၊
အေးတိအေးစက်၊
အေးအေးချမ်းချမ်း၊
အေးအေးဆေးဆေး၊
အေးအေးလူလူ၊
အော်ကြီးဟစ်ကြီး၊
အော်မြည်တမ်းတ၊
အံ့ဘွယ်သရဲ၊
အံ့သြဘနန်း၊
အိုကြီးအိုမ၊

အသက်အရွယ်၊
အသင်အပြ၊
အိုမင်းမစွမ်း၊
အိုမင်းရင့်ရော်၊
အိုးတိုးအမ်းတမ်း၊
အိုးတိုးအောင့်တောင့်၊
အိုးနင်းခွက်နင်း၊
အင်ကြီးအားကြီး၊
အင်နှင့်အားနှင့်၊
အန်တုဘက်ပြိုင်၊
အပ်ကျမတ်ကျ၊
အိမ်ကြိုအိမ်ကြား၊
အုတ်အုတ်ကျက်ကျက်၊
အုန်းအုန်းကျွက်ကျွက်၊
အုပ်အုပ်ဆိုင်းဆိုင်း၊
အုပ်အုပ်ထိန်းထိန်း၊
အုံတိအုံအုံ၊
အောက်ကျနောက်ကျ၊
အောင်အောင်မြင်မြင်၊
အောင့်သည်းအောင့်သက်၊
အိုက်အိုက်စပ်စပ်၊
ဦးခိုက်တုပ်ပျပ်၊
ဦးခေါင်းဆံမြေ့၊
ဦးတိုက်လျှောက်ထား၊
ဦးထိပ်ရွက်ပန်၊
ဦးလည်မသုံ၊
ဦးဦးဖျားဖျား၊



www.burmeseclassic.com